# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ဒုတိယအကြိမ်မဏ္ဍလေးတိုင်းဒေသကြီးလွှတ်တော် အရေးပေါ်အစည်းအဝေး(၁/၂၀၁၆)

## ဒုတိယနေ့အစည်းအဝေးတွင် ခွင့်ပန်ကြားသူ ကိုယ်စားလှယ်စာရင်း

| စဉ် | အမည် | မဲဆန္ဒနယ် | မှတ်ချက် |
| --- | --- | --- | --- |
| ၁။ | ဦးဇာနည်အောင် | ဝန်ကြီး၊ လျှပ်စစ်၊ စွမ်းအင်နှင့်<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | ၉.၁၂.၂၀၁၆ |
| ၂။ | ဦးစိုင်းကျော်ဇော | ဝန်ကြီး၊ တိုင်းရင်းသားရေးရာဝန်ကြီးဌာန | ၉.၁၂.၂၀၁၆ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ဒုတိယအကြိမ်မန္တလေးတိုင်းဒေသကြီးလွှတ်တော်**

**အရေးပေါ်အစည်းအဝေး(၁/၂၀၁၆)**

**ဒုတိယနေ့မှတ်တမ်း**

**၁၃၇၈ ခုနှစ်၊ နတ်တော်လဆန်း ၁၀ ရက်**

**(၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်)**

**(သောကြာနေ့)**

မန္တလေးတိုင်းဒေသကြီး လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် မန္တလေးတိုင်းဒေသကြီး လွှတ်တော်အရေးပေါ်အစည်းအဝေး (၁/၂၀၁၆)ဒုတိယနေ့ကို နံနက် ၁၀:၀၀ နာရီအချိန်တွင်စတင်ကျင်းပ ပါသည်။

[ မန္တလေးတိုင်းဒေသကြီးလွှတ်တော် အရေးပေါ်အစည်းအဝေး (၁/၂၀၁၆)ကို ကြီးကြပ်ကွပ်ကဲသူအဖြစ် တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဦးအောင်ကျော်ဦးက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဒေါ်ခင်မြမြ၊ ညွှန်ကြားရေးမှူး၊ လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀:၀၀။**

**အခမ်းအနားမှူး။** ။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် အရေးပေါ်အစည်းအဝေး (၁/၂၀၁၆) ဒုတိယနေ့ အစီအစဉ်များကို စတင်ကျင်းပတော့မှာဖြစ်ပါတယ်။ အခမ်းအနားမှူးအဖြစ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် ညွှန်ကြားရေးမှူး ကျွန်မ ဒေါ်ခင်မြမြက ဆောင်ရွက်မှာဖြစ်ပါတယ်ရှင်။

မန္တလေးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး။** ။ ဥက္ကဋ္ဌကြွရောက်လာပါပြီရှင်။

[ မန္တလေးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့်စင်မြင့်ပေါ်သို့ကြွရောက်နေရာယူပါသည်။]

## တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ ဒုတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် အရေးပေါ်အစည်း အဝေး (၁/၂၀၁၆) ဒုတိယနေ့ကို တက်ရောက်လာကြသည့် မန္တလေးတိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များ အားလုံး မင်္ဂလာပါခင်ဗျား။

ဒုတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် အရေးပေါ်အစည်းအဝေး (၁/၂၀၁၆) ဒုတိယနေ့ အစီအစဉ်စတင်ကြောင်း ကြေညာပါတယ်။ (တူထုသည်) (ဩဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးအစီအစဉ်များကို ကြိုတင်ဝေငှထားတဲ့အတိုင်း ဆက်လက် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

## တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် မန္တလေးတိုင်းဒေသ ကြီးလွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ၏ တင်ပြချက်အရ အရေးပေါ် အစည်းအဝေး (၁/၂၀၁၆) ဒုတိယနေ့ကို တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်အရေအ တွက် (၇၆)ဦးအနက် အစည်းအဝေးတက်ရောက်တဲ့ ကိုယ်စားလှယ်အရေအတွက်မှာ (၇၃)ဦးဖြစ်ပါ တယ်။ လွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း၏ (၉၆.၀၅%)ဖြစ်ပါတယ်။ တက်ရောက်ခွင့်ရှိသော လွှတ်တော်ကိုယ်စားလှယ်အရေအတွက် သုံးပုံတစ်ပုံကျော်သဖြင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၃၇ နှင့် နည်းဥပဒေ ၃၄၊ နည်းဥပဒေခွဲ (ခ)အရ အစည်းအဝေးအထမြောက်ကြောင်း ကြေညာအပ်ပါတယ်။ (တူထုသည်)

## မန္တလေးတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်(၂)ဦး ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နည်းဥပဒေ ၄၄ နည်းဥပဒေခွဲ(က) တွင်လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဟာ လွှတ်တော်အစည်းအဝေးကို မတက်ရောက်နိုင်လျှင် မတက်ရောက်နိုင်သည့်ကာလကိုဖော်ပြပြီး မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြား လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း၊ လွှတ်တော်အစည်းအဝေးတွင် လွှတ်တော် ရဲ့ခွင့်ပြုချက်တင်ပြတောင်းခံရမည်ဟု ဖော်ပြထားပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကို ခွင့်ပန်ကြားဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးစိုးသန်း၊ မိတ္ထီလာမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)။** ။ "လေးစားအပ်ပါသော မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ မိတ္ထီလာမြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီအတွင်းရေးမှူး ဦးစိုးသန်း ဖြစ်ပါတယ်။ လျှပ်စစ်စွမ်းအင်နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ကြီး ဦးဇာနည်အောင်နှင့် ရှမ်းတိုင်းရင်းသားရေးရာဝန်ကြီး ဦးစိုင်းကျော်ဇောတို့သည် ကိုယ်တိုင်ဆောင်ရွက်ရမည့်ကိစ္စများ ပေါ်ပေါက်လာပါသဖြင့် ယနေ့ကျင်းပပြုလုပ်သည့် ဒုတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် အရေးပေါ်အစည်းအဝေး (၁/၂၀၁၆) ဒုတိယနေ့အား ခွင့်အဖြစ် သတ်မှတ်ပေးနိုင်ပါရန် တင်ပြအပ်ပါသည်။"

**ဥက္ကဋ္ဌ။** ။ခွင့်ပန်ကြားသူ အားလုံးကို ခွင့်ပြုပါတယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ။** ။ ဒုတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် အရေးပေါ်အစည်း အဝေး (၁/၂၀၁၆) ဒုတိယနေ့သို့ တက်ရောက်ခွင့်ရှိသူ (၇၆)ဦးရှိသည့်အနက် တက်ရောက်သူ(၇၃)ဦး၊ ယခင်ခွင့်ပန်ကြားသူ(၁)ဦး၊ ယခုခွင့်ပန်ကြားသူ (၂)ဦး၊ ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ် လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၄ နည်းဥပဒေခွဲ(ခ)အရ လွှတ်တော်ကိုယ်စားလှယ်များ၏အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်၏အတည်ပြုချက် ရယူပါမယ်။

လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလား။

လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလား။

လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလား။

[ လွှတ်တော်က သဘောတူပါသည်။ ]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကသဘောတူတဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (တူထု သည်)

မန္တလေးတိုင်းဒေသကြီး၏ ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် မူလအရအသုံးခန့်မှန်းခြေလျာထားချက်စာရင်းများနှင့်စပ်လျဉ်း၍ အဆိုတင်၊ ဆွေးနွေးလိုသော လွှတ်တော် ကိုယ်စားလှယ်များ၏ အမည်စာရင်းကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် အရေးပေါ်အစည်းအဝေး(၁/၂၀၁၆) ပထမနေ့က မန္တလေးတိုင်းဒေသကြီးအစိုးရ အဖွဲ့ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဝန်ကြီးတင်သွင်းခဲ့သည့် မန္တလေးတိုင်းဒေသကြီး၏ ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် မူလအရအသုံးခန့်မှန်းခြေလျာထားချက်စာရင်းများနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များဖြစ်ကြသည့် -

| | | |
|---|---|---|
| (က) | ဒေါက်တာကျော်နိုင်ဦး | စဥ့်ကူးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) |
| (ခ) | ဒေါ်ငြိမ်းသက်နွယ် | နွားထိုးကြီးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁) |
| (ဂ) | ဦးမိုးမြင့်သိန်း | သာစည်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁) |
| (ဃ) | ဦးအောင်ကျော်မိုး | မိတ္ထီလာမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁) |
| (င) | ဦးစိန်ကျော်မိုး | နွားထိုးကြီးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) |
| (စ) | ဦးမြင့်အောင်မိုး | ချမ်းမြသာစည်မြို့နယ်၊မဲဆန္ဒနယ်အမှတ်(၂) |
| (ဆ) | ဒေါ်သင်းမြမြသင်း | မြစ်သားမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) |
| (ဇ) | ဦးဝိုင်းချစ်အောင် | တောင်သာမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) |
| (ဈ) | ဒေါက်တာချစ်ကိုကို | ပြည်ကြီးတံခွန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁) |
| (ည) | ဦးလှိုင်ဝင်း | စဥ့်ကိုင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) |

တို့က ဆွေးနွေးလိုကြောင်း အမည်စာရင်း ပေးပို့ထားကြောင်း ကြေညာပါတယ်။ (တူထုသည်)

## စဥ့်ကူးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာကျော်နိုင်ဦး ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ သဘောထားရယူခြင်း

**ဥက္ကဋ္ဌ**။ ။ စဥ့်ကူးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာကျော်နိုင်ဦးက ဆွေးနွေးရန် ဖြစ်ပါတယ်။

**ဒေါက်တာကျော်နိုင်ဦး၊ စဥ့်ကူးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)**။ ။ "ဒုတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် အရေးပေါ်အစည်းအဝေး (၁/၂၀၁၆) သို့ကြွရောက်လာသော

အစိုးရအဖွဲ့ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ၊ လွှတ်တော်ရုံးဝန်ထမ်းများ၊ သတင်းမီဒီယာများ ဧည့်သည်တော်များအားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော့် အနေနဲ့ ဆွေးနွေးမှာကတော့ ကျွန်တော်က စိုက်ပျိုးရေးနဲ့မွေးမြူရေးကော်မတီကိုယ်စား ဆွေးနွေး မှာပါ။ ကျွန်တော်ဆွေးနွေးမယ့်အကြောင်းအရာကတော့ စွန်ရဲကန်၊ အပိုင်း(၂)၊ အကြီးစားစီမံကိန်း၊ ပြန်လည်ပြုပြင်ဆောင်ရွက်ရန် မသင့်ကြောင်း ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဘာ့ကြောင့်ဆွေးနွေးရလဲဆိုတော့ ကျွန်တော်အနည်းငယ် ရှင်းပြလိုပါတယ်။ စွန်ရဲကန်ပြုပြင်ပြီးပါက တောင်သူမည်မျှအကျိုးရှိမည်ကို စီမံချက်ရေးဆွဲထားတာ မရှိပါဘူး။ လုပ်ငန်းဆောင်ရွက်ပြီးချိန်မှစ၍ သက်တမ်းမည်မျှအာမခံမှာလဲ ဖော်ပြထားခြင်းမရှိပါဘူး။ တူးဖော်တဲ့မြေကြီးထွက်ရှိမှုကို ဘယ်လိုစီစဉ်မှာလဲ၊ မည်သည့်နေရာစွန့်ပစ်မှာလဲ စီမံချက်မှာတင်ပြထားခြင်း မရှိပါဘူး။ လွှတ်တော်အတွင်း တောင်းဆိုထားသော စီမံကိန်းလုပ်ငန်းမဟုတ်ပါ။ လွှတ်တော်အတွင်း တောင်းဆိုထားသော စီမံကိန်းလုပ်ငန်း များအများကြီးရှိပါတယ်။ ဒီမတောင်းဆိုထားတဲ့လုပ်ငန်းကို အစိုးရဌာနများ လက်လှည့်သင့်သလိုရေးဆွဲနေတာထင်ရှားနေပါတယ်။ ဘတ်ဂျက်ခွဲဝေမှုအရ စဉ့်ကိုင်တစ်မြို့နယ်တည်းတွင် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ စီမံကိန်းအတွက် သိန်းပေါင်း (၃၈၂၄၁)သိန်းခန့် အသုံးပြုကြောင်းတွေ့ရှိရပြီး အခြားမြို့နယ်များ သုံးစွဲမှုနည်းပါးနေတယ်။ ဒီ(၃၈၂၄၁)သိန်းကို တစ်မြို့နယ်တည်းချထားတဲ့အတွက် ဘတ်ဂျက်ခွဲဝေမှုမမျှတပါဘူး။ နောက်ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ခြင်းမရှိပါဘူး။ စွန်ရဲကန်အပိုင်း(၂)စီမံကိန်း နောက်ဆက်တွဲကကြီးလွန်းပါတယ်။ ဒါ့ကြောင့် ဒီစီမံကိန်းကိုအပိုင်း(၁)ထဲက ဖြတ်ထားတာပါ။ နောက်နှစ်တွေဆက်လုပ်လို့မရပါ။ စိုက်ပျိုးရေးနှင့် မွေးမြူရေးကော်မတီနဲ့လည်း သက်ဆိုင်ရာက ညှိနှိုင်းဆောင်ရွက်ခြင်းမရှိပါဘူး။ ဒါ့ကြောင့် ဒီစီမံကိန်းဟာ ကျွန်တော်တို့လွှတ်တော်ကို အရေးမစိုက်ဘဲ မိမိထင်သလိုဆွဲထားတဲ့ စီမံကိန်းဖြစ်သောကြောင့် ဒီစီမံကိန်းကိုမလုပ်သင့်ပါကြောင်း တင်ပြအပ် ပါတယ်။"

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စဉ့်ကူးမြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၂)မှ ဒေါက်တာကျော်နိုင်ဦးက စဉ့်ကိုင်မြို့နယ်၊ စွန်ရဲအင်းစီမံကိန်းကို ကျပ်သိန်းပေါင်း (၃၈၂၄၁) သိန်းတောင်းခံထားခြင်းနှင့်ပတ်သက်၍ ခွင့်မပြုသင့်ကြောင်း အကျိုးအကြောင်းဖြင့် တင်ပြသွားပြီး ဖြစ်ပါတယ်။ သက်ဆိုင်ရာဝန်ကြီးက ရှင်းလင်းတင်ပြရန် ဖြစ်ပါတယ်။

**ဒေါက်တာစိုးသန်း၊ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**။ ။

"လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၊ ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ လွှတ်တော်ရုံးဝန်ထမ်းများနှင့်

တက်ရောက်လာကြသော ဧည့်သည်တော်များ မင်္ဂလာပါလို့နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်က တော့မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဒေါက်တာစိုးသန်း ဖြစ်ပါတယ်။ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာကျော်နိုင်ဦး ၏မေးခွန်း စွန်ရဲအင်းစီမံကိန်းဆောင်ရွက်ရန် မသင့်ကြောင်းနှင့်ပတ်သက်၍ မေးခဲ့ခြင်းဖြစ်ပါတယ်။ စွန်ရဲကန်ပြုပြင်ပြီးပါက တောင်သူမည်မျှအကျိုး ရှိမည်နည်း။ စွန်ရဲအင်းမှာ သဲနုန်းတွေပို့ချပြီး တိမ် ကောနေပါတယ်။ ကန်ရေမျက်နှာပြင်ဟာ ကျွန်တော်တို့ တူးမြောင်းနှင့် Level အညီ ဖြစ်နေပါတယ်။ အဲဒီအောက်မှာ ဧကရေသောက်တောင်သူဧက (၁၀၀၀) ရှိပါတယ်။ အဲဒီအတွက်ကို ကျွန်တော်တို့ ရေပေးဘို့အတွက် ရေပေးဝေနိုင်ရေး စွန်ရဲကန်ကိုဖော်ဖို့ လိုအပ်နေတယ်။ အဲဒီမှာအမှန်တကယ် လိုအပ်လာတဲ့ ပမာဏရဲ့ ၃ ပုံ ၁ ပုံ ပမာဏကို ၂၄ နာရီ ရေပေးနိုင်တဲ့ စိုက်ဧကရေပေးရန်။ အကယ်၍ အဲဒီ စီမံကိန်း ၃ ပုံ ၁ ပုံ ဆောင်ရွက်ပြီးရင် ဧက ၂၅၀ အကျိုးပြုနိုင်ပါတယ်။ နောက်တစ်ချက် လွှတ်တော်ကတောင်းဆိုထားသောလုပ်ငန်းများ မဟုတ်ခြင်း၊ ကျွန်တော်တို့ ဘတ်ဂျက်ဆွဲတဲ့နေရာ မှာ လွှတ်တော်ကတောင်းဆိုတဲ့လုပ်ငန်းဖြစ်ရမယ်လို့မပါဘူး။ လွှတ်တော်က တောင်းဆိုတဲ့လုပ်ငန်း များကိုလည်း ဒေသန္တရဖွံ့ဖြိုးရေးရန်ပုံငွေ၊ သဘာဝဘေးအန္တရာယ်ရန်ပုံငွေ ထည့်သွင်းရေးဆွဲထားပြီး ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ နောက်တစ်ချက်က ဘတ်ဂျက်ခွဲဝေမှုမမျှတဘဲ စဉ့်ကိုင်မြို့နယ် မှာသိန်းပေါင်း (၃၈၂၄၁)သိန်း အသုံးပြုနေပြီး ကျန်မြို့နယ်များဘတ်ဂျက်မရရှိခြင်း၊ ဆည်မြောင်း နှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၏ ဘတ်ဂျက်သဘောတရားကို တင်ပြလိုပါတယ်။ ဆည်မြောင်း နှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဘတ်ဂျက်သဘောတရားအရ ဆည်များ၊ မြောင်းများ ပြုပြင် ခြင်းကိုပြည်ထောင်စုဘတ်ဂျက်က သုံးပါတယ်။ ကန်များကို တိုင်းဒေသကြီးဘတ်ဂျက်မှ သုံးပါ တယ်။ ဒီကန်များကို ချောင်းဝကြီးစိုက်ဧက(၁၀၀၀)အတွက် ကျွန်တော်တို့ တင်ပြထားပါတယ်။ အဲဒါကြောင့်မို့ ဒီကန်ဟာတိုင်းဒေသကြီးဘတ်ဂျက်ဖြင့် သုံးစွဲခြင်း ဖြစ်ပါတယ်။ ဒါပေမဲ့ ဆည်များ၊ မြောင်းများကို ပြည်ထောင်စုဘတ်ဂျက်မှ သုံးစွဲခြင်းဖြစ်ပါတယ်။ အခြားကန်များအတွက် တိုင်းဒေသ ကြီးဘတ်ဂျက်မှ ထည့်သွင်းရေးဆွဲထားပါတယ်။ ဒီဘတ်ဂျက်တွင် မကပါဘူး။ ဒေသန္တရဖွံ့ဖြိုးရေး ရန်ပုံငွေခုနပြောတဲ့ သဘာဝဘေးအန္တရာယ်ကာကွယ်ရေးရန်ပုံငွေများကို လွှတ်တော်ကတောင်းဆို ထားတဲ့လုပ်ငန်းများကို ထည့်သွင်းရေးဆွဲထားပါတယ်။"

**ဥက္ကဋ္ဌ**။ ။ စဉ့်ကူးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ ကျော်နိုင်ဦး၏ သဘောထားပြောရန် ဖြစ်ပါတယ်။

**ဒေါက်တာကျော်နိုင်ဦး၊ စဉ့်ကူးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)**။ ။"လွှတ်တော်ရဲ့ အဆုံးအဖြတ်ကို ခံယူမှာဖြစ်ပါတယ်။"

**ဥက္ကဋ္ဌ**။ ။ ဝန်ကြီးရှင်းလင်းတင်ပြမှုနှင့်ပတ်သက်၍ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဒေါက်တာကျော်နိုင်ဦးက လွှတ်တော်၏ သဘောထားရယူလိုကြောင်း တင်ပြလာတဲ့အတွက် စွန်ရဲအင်းစီမံကိန်းကို ခွင့်ပြုရန် သင့် / မသင့် မတ်တပ်ရပ်ဆန္ဒပြုသည့်နည်းလမ်းဖြင့် လွှတ်တော်၏ သဘောထားရယူသွားမှာ ဖြစ်ပါတယ်။ ဒေါက်တာကျော်နိုင်ဦး၏ တင်ပြချက်ကို ထောက်ခံသည့် လွှတ်တော်ကိုယ်စားလှယ်များ မတ်တပ်ရပ် ဆန္ဒပြုရန်ဖြစ်ပါတယ်။

[ မတ်တပ်ရပ် ဆန္ဒပြုကြပါသည် ]

**ဥက္ကဋ္ဌ**။ ။ ထောက်ခံသည့်လွှတ်တော်ကိုယ်စားလှယ်အရေအတွက် (၅၉)ယောက် ဖြစ်ပါတယ်။ ထို့ကြောင့် ထောက်ခံသည့်လွှတ်တော်ကိုယ်စားလှယ်အရေအတွက်များသည့်အတွက် လွှတ်တော်ကိုယ်စားလှယ်၏ တင်ပြချက်အတိုင်း စွန်ရဲအင်းစီမံကိန်းကို သိန်းပေါင်း(၃၈၂၄၁)သိန်း ခွင့်မပြုသင့်ကြောင်း လွှတ်တော်ကကြေညာပါတယ်။(တူထုသည်)

## နွားထိုးကြီးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁) လွှတ်တော်ကိုယ်စားလှယ် ဒေါ်ငြိမ်းသက်နွယ် ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ သဘောထားရယူခြင်း

**ဥက္ကဋ္ဌ**။ ။ နွားထိုးကြီးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁) လွှတ်တော်ကိုယ်စားလှယ် ဒေါ်ငြိမ်းသက်နွယ်က ဆွေးနွေးရန် ဖြစ်ပါတယ်။

**ဒေါ်ငြိမ်းသက်နွယ်၊ နွားထိုးကြီးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)**။ ။ "လေးစားရပါသောလွှတ်တော်ဥက္ကဋ္ဌကြီး၊ ဒုတိယဥက္ကဋ္ဌကြီးနှင့်တကွကြရောက်လာကြသော အစိုးရအဖွဲ့ဝန်ကြီးချုပ်နှင့်အစိုးရအဖွဲ့ဝင်များအားလုံး လွှတ်တော်ကိုယ်စားလှယ်များအားလုံးနှင့် လွှတ်တော်ရုံး ဝန်ထမ်းများ၊ မီဒီယာအဖွဲ့များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ဂါရဝပြု ပါတယ်။ ကျွန်မကတော့ နွားထိုးကြီးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဒေါ်ငြိမ်းသက်နွယ် ဖြစ်ပါတယ်။ ကျွန်မကတော့ လွှတ်တော်ရေးရာကော်မတီအနေနဲ့ မန္တလေးတိုင်းဒေသကြီးလွှတ်တော်ရုံး၏ ၂၀၁၇-၂၀၁၈ခု၊ ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေ စာရင်း(သာမန်)စာအုပ်မှ ပုံစံ(တစ်ဆယ့်နှစ်)တွင်ပါရှိသည့် လွှတ်တော်ရုံးယာဉ်မော်တော်ယာဉ်များ အတွက် တစ်နှစ်လုံးကုန်ကျစရိတ် ဇယားပုံစံပါ ဓာတ်ဆီ၊ စက်ဆီ၊ ချောဆီနှင့် ထင်း၊ ကျောက်မီး သွေးစသည့် လောင်စာများအတွက် ကုန်ကျစရိတ်များလျာထားမှုနှင့် ပတ်သက်၍ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ အဆိုပါဇယားတွင် မန္တလေးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့၏ မော်တော်ယာဉ်များနှင့်ပတ်သက်၍ စက်သုံးဆီဖိုးအဖြစ်အသုံးပြုရန် လွှတ်တော်ဥက္ကဋ္ဌ၏ ယာဉ်(၃) စီးအတွက် ကျပ်သိန်း(၃၀)၊ ဒုတိယဥက္ကဋ္ဌ၏ ယာဉ်(၂)စီးအတွက် ကျပ်သိန်း(၂၀) ခန့်မှန်းတွက်ချက် လျာထားသည်ကို

လေ့လာတွေ့ရှိရပါသည်။ အဲဒီမော်တော်ယာဉ် (၅)စီး အသုံးပြုရန်အတွက် စက်သုံး ဆီဖိုးများကို ဗဟိုစက်ပစ္စည်း၊ စာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာနမှ လစဉ်ပေးထားသည်ကို သိရှိရပါသည်။ သို့သော် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များမှ သက်ဆိုင်ရာဒေသများသို့ မြေပြင်ကွင်းဆင်းစစ်ဆေးရာ၌ အသုံးပြုသည့်မော်တော်ယာဉ်များတွင် ထည့်သွင်းတွက်ချက်ထား သည်မှာ လျော့နည်းလွန်း၍ မလုံလောက်ကြောင်း စိစစ်တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ မန္တလေးတိုင်း ဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌတို့၏ ယာဉ်(၅)စီးအတွက် တွက်ချက်ထားသည့် စက်သုံး ဆီတန်ဖိုး ကျပ်သိန်း(၅၀)အား လွှတ်တော်ကိုယ်စားလှယ်များ ကွင်းဆင်းစစ်ဆေးသည့် မော်တော် ယာဉ်များနေရာတွင် ထည့်သွင်းလျာထားတွက်ချက်သင့်ပါကြောင်း ပြောကြားအပ်ပါသည်။ ကျေးဇူး တင်ပါတယ်။"

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နွားထိုးကြီးမြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၁)မှ ဒေါ်ငြိမ်းသက်နွယ်က တိုင်းဒေသကြီးလွှတ်တော် သာမန်အသုံးစရိတ်၊ စက်သုံးဆီနှင့် ပတ်သက်၍ ဥက္ကဋ္ဌနှင့်ဒုတိယဥက္ကဋ္ဌ၏ မော်တော်ယာဉ်(၅)စီး၊ မြေပြင်ကွင်းဆင်းစစ်ဆေးရန် ကျပ် သိန်း(၅၀) ထည့်သွင်းလျာထားခြင်းနှင့်ပတ်သက်၍ ကိုယ်စားလှယ်များ ကွင်းဆင်းစစ်ဆေးမည့် ယာဉ်များနေရာတွင် ထည့်သွင်းရေးဆွဲသင့်ပါကြောင်း ဆွေးနွေးသွားပါတယ်။ ဒါ့ကြောင့် စုစုပေါင်း တောင်းခံသည့် စက်သုံးဆီအရေအတွက်မှာ ပြောင်းလဲခြင်းမရှိဘဲ တွက်ချက်မှုစာရင်းဖော်ပြချက်ကို ပြင်ဆင်သွားရန် တင်ပြထားခြင်းသာ ဖြစ်ပါတယ်။ မူလဘဏ္ဍာငွေ တောင်းခံမှုပမာဏ ပြောင်းလဲမှု မရှိတဲ့အတွက် လွှတ်တော်သဘောထားရယူ အတည်ပြု သွားမှာ ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလားခင်ဗျား။

လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလားခင်ဗျား။

လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလားခင်ဗျား။

[ လွှတ်တော်က သဘောတူပါသည်။ ]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များကသဘောတူတဲ့အတွက် တိုင်းဒေသကြီး လွှတ်တော်ရုံး၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် သာမန်အသုံးစရိတ် ၀၃၀၆ ခေါင်းစဉ်အောက်တွင် မူလတောင်းခံထားသည့် အသုံးစရိတ်များကို အတည်ပြုကြောင်း လွှတ်တော်က ကြေညာပါတယ်။ (တူထုသည်)

**သာစည်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁) လွှတ်တော်ကိုယ်စားလှယ် ဦးမိုးမြင့်သိန်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏ သဘောထားရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ သာစည်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁) လွှတ်တော်ကိုယ်စားလှယ် ဦးမိုးမြင့်သိန်းက ဆွေးနွေးရန် ဖြစ်ပါတယ်။

**ဦးမိုးမြင့်သိန်း၊ သာစည်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)**။ ။ "လေးစားရပါသောလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးရုံး၊ မန္တလေးတိုင်းဒေသကြီးရဲ့ ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်အရအသုံးမှန်းခြေငွေစာရင်း၊ သာမန်အသုံးစရိတ် တိုင်းဒေသကြီးဘတ်ဂျက် တင်ပြတောင်းခံလျာထားမှုအပေါ် ဆွေးနွေးမည့် သာစည်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမိုးမြင့်သိန်း ဖြစ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးမူလရန်ပုံငွေ သာမန်အသုံးစရိတ်အနေနဲ့ တင်ပြတောင်းခံလာရာမှာ မန္တလေးမြို့လက်ထောက်ညွှန်ကြားရေးမှူးရုံးမှ လုပ်ငန်း(၄၂)ခုအတွက် ခန့်မှန်းတန်ဖိုးငွေကျပ်ထောင်ပေါင်း (၂၀၄၇၅၀၀) ငွေကျပ်သိန်းပေါင်း (၂၀၄၇၅)၊ ကျောက်ဆည်မြို့လက်ထောက်ညွှန်ကြားရေးမှူးရုံးမှ လုပ်ငန်း(၆၀)ခုအတွက် ကျပ်ထောင်ပေါင်း(၁၆၁၀၀၀၀) ငွေကျပ်သိန်းပေါင်း(၁၆၁၀၀)၊ မြစ်သားမြို့ လက်ထောက်ညွှန်ကြားရေးမှူးရုံးမှ လုပ်ငန်း(၄၀)ခုအတွက်ငွေကျပ်ထောင်ပေါင်း (၃၃၄၅၀၀၀)၊ ငွေကျပ်သိန်းပေါင်း (၃၃၄၅၀)၊ မြင်းခြံမြို့ လက်ထောက်ညွှန်ကြားရေးမှူးရုံးမှလုပ်ငန်း (၉၈) ခုအတွက် ငွေကျပ်ထောင်ပေါင်း (၃၉၅၇၇၂၀)၊ ငွေကျပ် သိန်းပေါင်း (၃၉၅၇၇.၂၀)၊ မိတ္ထီလာမြို့ လက်ထောက်ညွှန်ကြားရေးမှူးရုံးမှလုပ်ငန်း (၂၅) ခုအတွက် ငွေကျပ်ထောင်ပေါင်း (၁၉၂၉၅၀၀)၊ ငွေကျပ်သိန်းပေါင်း (၁၉၂၉၅) လျာထားတာကို တွေ့ရှိရပါ တယ်။ အသေးစိတ်လေ့လာကြည့်တဲ့အခါ ပြင်ဦးလွင်ခရိုင်မှာ လုပ်ငန်း(၃၃)ခုအတွက် ငွေကျပ်သိန်း ပေါင်း (၁၆၄၅၀) ကိုလည်းကောင်း၊ ကျောက်ဆည်ခရိုင်မှာ လုပ်ငန်း(၈၂)ခုအတွက် ငွေကျပ်သိန်း ပေါင်း (၃၆၁၉၆)ကို လည်းကောင်း၊ မြင်းခြံခရိုင်မှာ လုပ်ငန်း(၉၈)ခုအတွက် ငွေကျပ်သိန်းပေါင်း (၃၉၅၇၇)ကိုလည်းကောင်း တင်ပြထားကြောင်း တွေ့ရှိရပါတယ်။ မိတ္ထီလာမြို့နယ်အတွက် လုပ်ငန်း (၂) ခုငွေကျပ် (၈၈၅) သိန်း၊ သာစည်မြို့နယ်အတွက်လုပ်ငန်း (၃)ခု ငွေကျပ် (၁၅၀၀)သိန်း၊ မလှိုင်မြို့နယ်အတွက် လုပ်ငန်း(၄)ခု၊ ငွေကျပ် (၁၇၂၀)သိန်း၊ လျာထားကြောင်း တွေ့ရှိရပါတယ်။ လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျာ။ ကျွန်တော်တင်ပြခဲ့တဲ့ ကိန်းဂဏန်းတွေကို နှိုင်းယှဉ်ကြည့်ရင် တချို့မြို့နယ်(အထူးသဖြင့် မိတ္ထီလာ၊ မလှိုင်၊ သာစည်မြို့နယ်) များမှာ လျာထားငွေပမာဏဟာ အလွန်နည်းတာကို တွေ့ရှိရမှာဖြစ်ပါတယ်။ နယ်မြေဧရိယာအကျယ်အဝန်း မြို့နယ်အရေအတွက် အရလျာထားပမာဏဟာ တစ်မြို့နယ်နှင့် တစ်မြို့နယ်လုံးဝတူညီမှာတော့ မဟုတ်ပါဘူး။ သို့သော် လည်း အဆိုပါမိတ္ထီလာ၊ သာစည်၊ မလှိုင်၊ ရမည်းသင်း၊ ပျော်ဘွယ်မြို့နယ်များမှာ စိုက်ပျိုးရေကန်၊

သောက်ရေကန်စတဲ့ဆည်ကန်များစွာ တူးဖော်ပြုပြင်ရန်များစွာ ကျန်နေပါသေးတယ်။ အထူးသဖြင့် သာစည်မြို့နယ်မှာ ဆည်/ကန်များ တူးဖော်ပြုပြင်ပေးရန်အတွက် ယခုဒုတိယအကြိမ် တိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်နှင့် တတိယပုံမှန်အစည်းအဝေးများ၌ ကျွန်တော်မေးခွန်းတွေ မေးမြန်း ခဲ့ရာမှာ တာဝန်ရှိသူများက ၂၀၁၇-၂၀၁၈ ခုနှစ် တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေ တင်ပြတောင်းခံပြီး ရန်ပုံငွေရရှိပါက ဆောင်ရွက်ပေးမည်ဟု ဖြေကြားခဲ့သော စိုက်ပျိုးရေကန်၊ သောက်ရေကန် စုစုပေါင်း (၂၀)ခန့်အနက်မှ စိုက်ပျိုးရေကန်(၂)ခုသာ ယခုဘတ်ဂျက်မှာ လျာထားကြောင်းတွေ့ရှိရပါတယ်။ ကျန်သော ဆည်/ကန်များဟာ မူလဘတ်ဂျက် ခန့်မှန်းတောင်းခံရာမှာ ပါဝင်မလာကြောင်း တွေ့ရှိပါ တယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျာ နိဂုံးချုပ် အနေနဲ့ တိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေးလုပ်ငန်းနှင့် အသက်မွေးနေကြတဲ့ တောင်သူလယ်သ မား၊ ပြည်သူတွေအားလုံး၊ စိုက်ပျိုးရေလွှယ်ကူပြီးဒေသများ၊ တိုင်းဒေသကြီးအတွင်း မြို့နယ်များ၊ သာတူညီမျှ ဖွံ့ဖြိုးတိုးတက်ရန်လိုအပ်ပါကြောင်းနဲ့ လွှတ်တော်ကိုယ်စားလှယ်များသို့ ဖြေကြားထား သောအဖြေများ၊ ကတိကဝတ်လုပ်ငန်းများအား ဦးစားပေးလျာထားဆောင်ရွက်သင့်ပါကြောင်း ဆွေးနွေးတင်ပြရင်း နိဂုံးချုပ်ပါတယ်။"

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သာစည်မြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၁) လွှတ်တော်ကိုယ်စားလှယ် ဦးမိုးမြင့်သိန်းက ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီး ဌာနအနေဖြင့် ဒုတိယအကြိမ် တိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်၊ တတိယပုံမှန်အစည်းအဝေး၌စိုက်ပျိုးရေကန်ပေါင်း(၂၀)ကို ၂၀၁၇-၂၀၁၈ တွင်ဆောင်ရွက်ပေးပါမည်ဟု လွှတ်တော်တွင် ကတိကဝတ်ပြုခဲ့သော်လည်း ဘတ်ဂျက်ရေးဆွဲရာတွင် စိုက်ပျိုးရေကန်(၂)ခုသာ လျာထားကြောင်း၊ အချို့မြို့နယ်များတွင် လျာထားငွေပမာဏအလွန်နည်းပြီး ညီမျှမှုမရှိကြောင်း၊ ကတိကဝတ်များကို ဦးစားပေးလျာထား ဆောင်ရွက်ပေးရန်သင့်ကြောင်း တင်ပြသွားပါတယ်။ သက်ဆိုင်ရာဝန်ကြီးက ရှင်းလင်းတင်ပြရန် ဖြစ်ပါတယ်။

**ဒေါက်တာစိုးသန်း၊ဝန်ကြီး၊စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန။** ။ "လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မန္တလေးတိုင်းဒေသကြီးလွှတ်တော် အရေးပေါ် အစည်းအဝေး (၁/၂၀၁၆) ဒုတိယနေ့တွင်မေးမြန်းခဲ့သော မေးခွန်းများနှင့်ပတ်သက်၍ သာစည်မြို့ နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးမိုးမြင့်သိန်းရဲ့မေးခွန်းအရ ကျွန်တော်ရဲ့ဘတ်ဂျက်လျာထားမှု နည်း ပါးတဲ့အတွက်ကြောင့် ကျွန်တော်အားလုံးကို ဘတ်ဂျက်မှာထည့်သွင်းရေးဆွဲထားခြင်းမရှိပါဘူး။ သို့သော် ကျွန်တော်တို့မန္တလေးတိုင်းဒေသကြီးရဲ့ ဒေသန္တရဖွံ့ဖြိုးရေးရန်ပုံငွေ၊ သဘာဝဘေးအန္တရာယ် ရန်ပုံငွေများမှရင်းကန်(၂၀)ကို ထည့်သွင်းပြီးဖြစ်ကြောင်း လွှတ်တော်ကိုယ်စားလှယ်အား ဖြေကြား

ခဲ့ပြီးဖြစ်ပါတယ်။ အဲ့တော့ရင်းသောက်ရေကန်များအားလုံးကို မန္တလေးတိုင်းဒေသကြီးရဲ့ ဒေသန္တရဖွံ့ဖြိုးရေးရန်ပုံငွေနှင့် သဘာဝဘေးအန္တရာယ်ရန်ပုံငွေများမှ ထည့်သွင်းပြီး ဆောင်ရွက်နိုင်ရန် ဝန်ကြီးချုပ်မှလည်း ခွင့်ပြုပြီးဖြစ်ပါတယ်။"

**ဥက္ကဋ္ဌ**။ ။ သာစည်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁) လွှတ်တော်ကိုယ်စားလှယ် ဦးမိုးမြင့်သိန်း၏ သဘောထားပြောရန် ဖြစ်ပါတယ်။

**ဦးမိုးမြင့်သိန်း၊ သာစည်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)**။ ။ "ကျွန်တော်ဝန်ကြီးဖြေကြားတာကိုနားထောင်လိုက်တော့ ကျေးဇူးတင်ပါတယ်။ လွှတ်တော်ရဲ့ ၂၀၁၇-၂၀၁၈ ဘတ်ဂျက်နှင့် မူလခန့်မှန်းခြေမှာ ထည့်သွင်းလျာထားပါက အကုန်မဟုတ်တောင် အရေးကြီးတဲ့ကန်တွေ ထည့်သွင်းလျာထားတဲ့အတွက် ကျွန်တော့်အနေနဲ့သဘောတူကျေနပ်ပါတယ်။"

**ဥက္ကဋ္ဌ**။ ။ ဝန်ကြီး၏ဖြေကြားချက်နှင့်ပတ်သက်၍ ဦးမိုးမြင့်သိန်းမှလက်ခံသဘောတူကျေနပ်တဲ့အတွက် ဒါနဲ့ပတ်သက်၍ လွှတ်တော်ကမဲခွဲဆုံးဖြတ်ရန် မလိုတဲ့အတွက် အစီအစဉ်(၁၀)ကိုဆက်သွားပါမယ်။

## မိတ္ထီလာမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁) လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်မိုး ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ သဘောထားရယူခြင်း

**ဥက္ကဋ္ဌ**။ ။ မိတ္ထီလာမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁) လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်မိုးက ဆွေးနွေးရန် ဖြစ်ပါတယ်။

**ဦးအောင်ကျော်မိုး၊ မိတ္ထီလာမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)**။ ။ "လေးစားအပ်ပါသောလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ်များ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေလို့ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီးလွှတ်တော် ပို့ဆောင်ဆက်သွယ်ရေး၊ ဆောက်လုပ်ရေးကော်မတီ အတွင်းရေးမှူး မိတ္ထီလာမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်မိုး ဖြစ်ပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ခန့်မှန်းခြေငွေစာရင်းများကို စိစစ်လေ့လာရာမှာ လမ်းဦးစီးဌာနနှင့် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနများကို တွေ့ရပါတယ်။ လမ်းဦးစီးဌာနမှာဆိုရင် ငွေလုံးငွေရင်း၌ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ကျပ်သန်း(၈၄၄၂.၉၁၉) သုံးထားပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ကျပ်သန်း(၃၃၅၇.၄၃၀) သုံးထားပါတယ်။ သုံးစွဲတဲ့ငွေကြေးတွေက ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်

ဆောင်ရွက်ဆဲလုပ်ငန်းများဖြစ်တဲ့ မန္တလေး-မိုးကုတ်လမ်း၊ ချောက်-စဥ့်ကူ-ပုဂံလမ်း၊ ပြင်ဦးလွင်-မိုးကုတ်လမ်း၊ ရမည်းသင်း-မြို့လှလမ်း၊ ခရိုင်ချင်းဆက်လမ်း အမှတ်(၂)၊ ရေဝသဖန်းချောင်းလမ်းတို့ဖြစ်ပါတယ်။ ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းအနေဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်၌ လမ်းလုပ်ငန်းမှာကျပ်သန်းပေါင်း (၁၆၂၄၉.၆၉၁)၊ တံတားလုပ်ငန်းမှာ ကျပ်သန်းပေါင်း (၁၁၃၀၃.၇၇၀)၊ အဆောက်အဦလုပ်ငန်းမှာ ကျပ်သန်းပေါင်း (၉၉၉.၀၇၄)၊ စုစုပေါင်းပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေကျပ်သန်းပေါင်း (၂၈၅၅၂.၅၃၅) တင်ပြတောင်းခံထားကြောင်း စိစစ်တွေ့ရှိရပါတယ်။ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် ငွေလုံးငွေရင်းအသုံးစရိတ်အတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေး နှစ်တွင်ကျပ်သန်းပေါင်း (၈၂၂၈.၅၄၆)၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက် ကျပ်သန်းပေါင်း (၈၃၁၇.၃၄၈)တို့အား ဝန်ထမ်းအိမ်ရာများ အသစ်ဆောက်လုပ်ခြင်း၊ လမ်းတံတားများ ဆောက်လုပ်ခြင်းများအတွက် တောင်းခံထားကြောင်း တွေ့ရှိရပါတယ်။ ဘဏ္ဍာရေးနှစ်အလိုက် သာမန်အသုံး စရိတ်များတောင်းခံရာတွင် နှစ်စဉ်ပုံမှန်သုံးစွဲကုန်ကျနေသော စရိတ်များဖြစ်သောကြောင့် တစ်နှစ် နှင့်တစ်နှစ်ကွာခြားချက်များစွာ မရှိသင့်ပါ။ သို့သော် လုပ်ငန်းလိုအပ်ချက်အရ တိုးမြှင့်သုံးစွဲရမည် ဆိုပါကလည်းလုပ်ငန်းအမျိုးအစား၊ လုပ်ငန်းပမာဏ၊ ကုန်ကျစရိတ်များ တိကျစွာထည့်သွင်း ဖော်ပြသင့်ပါတယ်။ ထို့အပြင် ထည့်သွင်းရေးဆွဲတင်ပြထားသော ကုန်ကျစရိတ်များသည်လည်း သတ်မှတ်ထားသောဒေသန္တရဈေးနှုန်းများနှင့် ကိုက်ညီမှန်ကန်မှုရှိရန် လိုအပ်ပါတယ်။ တင်ပြတဲ့ လုပ်ငန်းပမာဏများ၊ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်ရန် အဓိကလိုအပ်ပါတယ်။ လက်ရှိတင်ပြသောလုပ်ငန်းများအနေဖြင့်မြေပြင်တွင် အမှန်တကယ်လိုအပ်သောလုပ်ငန်းများ ဟုတ် /မဟုတ်နဲ့ အမှန်တကယ်လိုအပ်သောလုပ်ငန်းများ ပါဝင်စေရေးသည်လည်း အရေးကြီးကြောင်း စစ်ဆေးတွေ့ရှိရပါတယ်။ ဒါ့ကြောင့် တစ်နှစ်တာလုပ်ငန်းများအတွက် ဘတ်ဂျက်ရေးဆွဲရာတွင် သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် မြို့နယ်အလိုက် လွှတ်တော်ကိုယ်စားလှယ်များနှင့် တွေ့ဆုံညှိနှိုင်းဆောင်ရွက်သင့်ပါတယ်။ ထိုကဲ့သို့ဆောင်ရွက်ရာတွင် ယခင်လွှတ်တော်ကာလများတွင် ဖြေကြားခဲ့သောကတိကဝတ်များပါဝင်ရေးအတွက် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ ထို့အပြင် ဘတ်ဂျက်တွင်ပါဝင်သော လုပ်ငန်းများ၊ ငွေစာရင်းများကို စိစစ်လေ့လာနိုင်ရေးအတွက် ဌာနအလိုက်ဘတ်ဂျက်စာအုပ်များအား လွှတ်တော်ကိုယ်စားလှယ်များသို့ အနည်းဆုံး(၂)ပတ်ခန့် ကြိုတင်ဖြန့်ဝေပေးသင့်ပါတယ်။ သို့မှသာလျှင် တောင်းခံရယူသော ဘတ်ဂျက်အတိုင်း ထိရောက်ကောင်းမွန်မှန်ကန်သည့်လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း အကြံပြုတင်ပြဆွေးနွေးအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။"

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မိတ္ထီလာမြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၁) လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်မိုးက ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ လမ်းဦးစီးဌာနတို့၏ သာမန်အသုံးစရိတ်ခန့်မှန်းခြေ ငွေစာရင်းများနှင့် ပတ်သက်၍ စိစစ်အကြံပြုပြီးဘတ်ဂျက်ရေးဆွဲရာတွင် အဓိကဦးစားပေးရမည့် အကြံပြုချက်များ တင်ပြသွားပါတယ်။ သက်ဆိုင်ရာဝန်ကြီးက ရှင်းလင်းတင်ပြရန် ဖြစ်ပါတယ်။

**ဦးမြတ်သူ၊ ဝန်ကြီး၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန။** ။"ဒုတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် အရေးပေါ်အစည်းအဝေး (၁/၂၀၁၆)ကို တက်ရောက်လာတဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးရဲ့ အကြံပြုဆွေးနွေးချက်များဟာ အလွန်ပင်သင့်တော်မှန်ကန်ကြောင်း တွေ့ရှိရပါတယ်။ အခုလို ရန်ပုံငွေခွဲဝေမှုနှင့်ပတ်သက်လို့ ယေဘုယျကြည့်ရင်သုံးစွဲမှုဟာ မျှတတဲ့အနေအထားမရှိဘူးဆိုတာ တွေ့ရမှာဖြစ်သော်လည်း လက်ရှိအကောင်အထည်ဖော်နေတဲ့ သမိုင်းကာလမှာ အဓိကရန်ပုံငွေရေးဆွဲရာမှာ လမ်း၊ တံတားဦးစီးဌာနရဲ့ တင်ပြချက်များအားလုံးကို တိုင်းဒေသကြီးဘတ်ဂျက်ညှိနှိုင်းရေးကော်မတီက ဖြတ်ချထားခဲ့ပါတယ်။ ဆိုလိုတဲ့သဘောက ဖြည့်စွက်ရန်ပုံငွေမှာ ငွေလုံးငွေရင်း အသုံးစရိတ်တွေများနေတဲ့အတွက်ကြောင့် တိုင်းဒေသကြီးအစိုးရအဖွဲ့က ဖြတ်တောက်ထားခဲ့ပါတယ်။ ဒါကြောင့် ၂၀၁၇-၂၀၁၈ ဘတ်ဂျက်မှာ ပြန်လည်ဆန်းစစ်ဖို့ လမ်းညွှန်ခဲ့တဲ့အခါမှာ လမ်းဦးစီးဌာန၏ ပြင်ဆင်ထိန်းသိမ်းစရိတ်တွေ ထည့်သွင်းလာတာကို တွေ့ရမှာဖြစ်ပါတယ်။ ငွေလုံးငွေရင်းပင်မအသုံးစရိတ်မှာ လျှော့ထားသည်ကိုလည်း လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများသိပြီးဖြစ်ပါတယ်။ ဒါကြောင့် ဒီကိစ္စကိုစီမံကိန်းအရ ဘတ်ဂျက်သုံးစွဲမှုညှိနှိုင်းခွဲဝေတဲ့အခါမှာ ပြည်ထောင်စုကသတ်မှတ်ထားတဲ့ ခွဲဝေလျာထားငွေ၊ တိုင်းဒေသကြီးအတွင်းမှ ကောက်ခံရရှိမည့် အခွန်အရပ်ရပ်၊ ဒီနှစ်ရပ်ကိုပေါင်းစပ်ပြီးမှ ညှိနှိုင်းရေးဆွဲတာ ဖြစ်သလိုရရှိတဲ့အချိန်အတွင်းမှာ အချို့အချို့သောကိစ္စတွေဟာ အသေးစိတ်စိစစ်ဖို့ လိုအပ်တယ်လို့ ကျွန်တော်အကြမ်းဖျဉ်းသိရှိရပါတယ်။ တစ်ဖက်ကပြန်ကြည့်ရင် ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်ကြီးများကို နှစ်ပတ်ခန့်ကြိုတင်ပြီးတော့ စီမံကိန်းလျာထားချက်နှင့် ဘဏ္ဍာငွေအရအသုံး များကို အသိပေးသင့်တယ်ဆိုတဲ့ကိစ္စကိုလည်း လက်တွေ့အကောင်အထည်ဖော်ရာမှာ အနည်းငယ်အခက်အခဲရှိပါတယ်။ မန္တလေးတိုင်းဒေသကြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် အရအသုံးမှန်းခြေငွေစာရင်းရေးဆွဲတဲ့အခြေအနေကို ကျွန်တော်ရှင်းလင်းတင်ပြလိုပါတယ်။ (၅.၉.၂၀၁၆) နှင့် (၆.၉. ၂၀၁၆) ရက်နေ့မှာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေစာရင်းများနှင့်ပတ်သက်ပြီး တိုင်းဒေသကြီးစီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးနှင့် ဌာနများ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ငွေစာရင်း များကို

ကြိုတင်ရေးဆွဲထားဖို့ မှာကြားပြီးဖြစ်ပါတယ်။ အလားတူပဲ ပြည်ထောင်စုအစိုးရအဖွဲ့မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် အရအသုံးမှန်းခြေငွေစာရင်းများကို မတောင်းခံမီမှာ တိုင်းဒေသကြီး အရအသုံး မှန်းခြေငွေစာရင်းဦးစီးဌာနမှ (၃.၁၁.၂၀၁၆) ရက်စွဲပါစာအမှတ်၊ ရသ/၉/ဘတ်ဂျက်/ ၅/၂၀၁၆-၂၀၁၇ဖြင့် ဌာနများကို (၁၁.၁၁.၂၀၁၆)ရက်နေ့အရောက် ဘတ်ဂျက်များပေးပို့ရန် တောင်း ခံခဲ့တယ်။ ဒီတောင်းခံချက်များအားကြည့်ရင် တိုင်းဒေသကြီးအစိုးရအဖွဲ့က လွှတ်တော်ကိုယ်စား လှယ်ကြီးများ ကျွန်တော်တို့ကို အကြံပြုတောင်းဆိုသလို ဆောလျင်စွာအတည်ပြုဖို့အတွက် ကြိုတင် ပြင်ဆင်ထားတဲ့ သဘောတွေ့ရပါတယ်။ သို့သော်လည်း ကျွန်တော်တို့စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာနမှ (၂၃.၁၁.၂၀၁၆) ရက်စွဲပါ စာအမှတ်၊ ဘဏ္ဍာ/ ၄ -၂ ၁/ ၄၀၂၇/၂၀၁၆ ဖြင့် တိုင်းဒေသကြီးအရအသုံးမှန်းခြေငွေစာရင်းဦးစီးဌာနကို ဘတ်ဂျက်စာရင်းများကို (၃၀.၁၁.၂၀၁၆) ရက်နေ့အရောက်ပေးပို့ရန်နှင့် ပြည်ထောင်စုအရအသုံးမှန်းခြေ ငွေစာရင်းဦးစီးဌာနရုံးချုပ်သို့ (၁၀.၁၂.၂၀၁၆) ရက်နေ့အရောက်ပေးပို့ရန် အကြောင်းကြားလာခဲ့ပါသည်။ ဒီအကြောင်းကြားစာ အရဆိုရင် တိုင်းဒေသကြီးအစိုးရအဖွဲ့က ပိုပြီးတော့စောလျင်စွာ ဆောင်ရွက်နေတာ တွေ့ရှိရပါတယ်။ ဒါကြောင့် တိုင်းဒေသကြီးအရအသုံးမှန်းခြေငွေစာရင်းဦးစီးဌာနမှ (၂၅.၁၁.၂၀၁၆) ရက်စွဲပါ စာအ မှတ်၊ ရသ/၉/ ဘတ်ဂျက်/ ၅/၅၅၈/၂၀၁၆-၂၀၁၇နှင့် (၂၈.၁၁.၂၀၁၆)ရက်နေ့အရောက် ဘတ်ဂျက် စာရင်းများပေးပို့ရန် ဌာနများကိုထပ်မံအကြောင်းကြားခဲ့ပါတယ်။ ပြည်ထောင်စုက ထွက်ထားတဲ့ ရက်ထက်စောပြီး ကျွန်တော်တို့ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ အရအသုံးမှန်းခြေငွေစာရင်းဦးစီး ဌာနက တိုင်းဒေသကြီးဌာနဆိုင်ရာများကို တောင်းဆိုထားတာကို တွေ့ရမှာဖြစ်ပါတယ်။ တိုင်း ဒေသကြီးအစိုးရအဖွဲ့မှလည်း (၂၈.၁၁.၂၀၁၆) ရက်စွဲဖြင့် စာအမှတ်၊ ၄ / ၃ - ၄ / ၄ - ၆ (ဦး ၆)ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ဘဏ္ဍာငွေအရအသုံးခန့်မှန်းခြေငွေစာရင်း များကို ရေးဆွဲတင်ပြရာမှာ လိုက်နာဆောင်ရွက်ရမည့်အချက်များကို ဌာနများသို့အကြောင်းကြား ခဲ့ပါတယ်။ အကြောင်းကြားတဲ့စာထဲမှ တစ်ချို့တစ်ဝက်ကို ကျွန်တော်ထုတ်နှုတ်တင်ပြပါမယ်၊ ဌာန များကို အကြောင်းကြားတဲ့စာထဲမှာဌာနတွေက မိမိတို့သုံးစွဲလိုတဲ့ရန်ပုံငွေကို များများရနိုင်တဲ့၊ ရပိုင်ခွင့်၊ ရနိုင်ခြေတိုးပြီး တင်ပြတောင်းခံတာမျိုး၊ တင်ပြတာမျိုး မလုပ်ရဘူးလို့ ထည့်သွင်းညွှန် ကြားထားပြီးဖြစ်ပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ (၂၉.၁၁.၂၀၁၆) ရက်စွဲပါ စာအမှတ်၊ ၁၂၇၃/ ၂၅၀ / ထောက်ပံ့ငွေ ၃ - ၃၂/အဖရ(၂၀၁၆)ဖြင့် မန္တလေးတိုင်းဒေသကြီးအတွက် ပြည်ထောင်စု ထောက်ပံ့ငွေ (၁၀၈.၂၉၆)ဘီလီယံ ရရှိကြောင်း အကြောင်းကြားခဲ့ပါတယ်။ (၃၀.၁၁.၂၀၁၆) ရက်နေ့ မှာဌာနများမှ ပေးပို့လာသည့်စာရင်းများ တိုင်းဒေသကြီးအရအသုံးမှန်းခြေငွေစာရင်းဦးစီးဌာနက စုစည်းပေါင်းစုပြီး တိုင်းဒေသကြီးစီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးမှ (၁.၁၂.၂၀၁၆)နှင့် (၂.၁၂.၂၀၁၆) ရက်များမှာ

ဌာနများနှင့်တွေ့ဆုံပြီး ပြည်ထောင်စုမှရရှိတဲ့ ထောက်ပံ့ငွေဘောင်အတွင်းမှာ ဖြစ်စေရန် ဆွေးနွေးလျော့ချခဲ့ပါတယ်။ ဆိုလိုတဲ့သဘောကတော့ တိုင်းဒေသကြီးအတွင်းမှ ကောက်ခံရရှိမယ့် အခွန်အခများလျာထားချက်နှင့် ပြည်ထောင်စုထောက်ပံ့တဲ့ (၁၀၈)ဘီလီယံအပေါ်အခြေပြုပြီး တိုင်းဒေသကြီးအဆင့် တိုင်းဒေသကြီးအစိုးရအဖွဲ့က တာဝန်ယူရတဲ့ဌာနများရဲ့ အရအသုံးမှန်းခြေငွေစာရင်းများကို ကိုက်ညှိရေးဆွဲဖို့ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်။ စာရင်းစစ်လျော့ချပြီးတဲ့ ဌာနများရဲ့ စာအုပ်များကို တိုင်းဒေသကြီးအရအသုံးမှန်းခြေငွေစာရင်းဦးစီးဌာနသို့ (၃.၁၂.၂၀၁၆) ရက်နေ့တွင် ပြန်လည်ပေးပို့ရန် အကြောင်းကြားခဲ့ပါတယ်။ တိုင်းဒေသကြီးအရအသုံးမှန်းခြေငွေစာရင်းဦးစီး ဌာနမှ (၄.၁၂.၂၀၁၆)ရက်နေ့တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့သို့တင်ပြရန် ပြန်လည်ပြင်ဆင်တဲ့ စာရင်းများ စုစည်းပေါင်းချုပ်ပြီး (၅.၁၂.၂၀၁၆)ရက်နေ့ တိုင်းဒေသကြီးအစိုးရအဖွဲ့ အစည်းအဝေး မှာတင်ပြခဲ့ပါတယ်။ (၄.၁၂.၂၀၁၆) နှင့် (၅.၁၂.၂၀၁၆) ရက်နေ့များတွင် ဌာနများမှ တိုင်းဒေသကြီး လွှတ်တော်သို့ ဘတ်ဂျက်စာအုပ်ရေ(၈၀)ကို ပေးပို့တင်ပြရန် ပြင်ဆင်ခဲ့ရပါတယ်။ တိုင်းဒေသကြီး အရအသုံးခန့်မှန်းခြေငွေစာရင်းဦးစီးဌာနမှ (၆.၁၂.၂၀၁၆) ရက်နေ့ တိုင်းဒေသကြီးလွှတ်တော်သို့ ဌာန(၂၄)ခုရဲ့ ဘတ်ဂျက်စာအုပ်(၄၄၈၀)အုပ်နှင့် အချုပ်စာရင်းအစုံ(၈၀)ကို ပေးပို့တင်ပြခဲ့ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ တိုင်းဒေသကြီးရန်ပုံငွေအစီအစဉ်ဖြင့် ဆောင်ရွက်ရတဲ့ ဌာနအဖွဲ့ အစည်းများ၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက် ရငွေသုံးငွေအဆိုပြုတင်ပြချက်များကို စိစစ် ဖြတ်တောက်ရာမှာ အောက်ပါအတိုင်း တင်ပြလိုပါတယ်။ တိုင်းဒေသကြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေး နှစ်အတွက် ပထမဦးစားပေးအနေဖြင့် တင်ပြတဲ့ရငွေသုံးငွေမှာ အောက်ပါအတိုင်းဖြစ်ပါတယ်။ ရငွေဟာ(၁၂၈.၁၂၇၂၄၆)ဘီလီယံဖြစ်ပါတယ်။ သုံးငွေဟာ (၂၆၇.၁၁၁၅၇၆)ဘီလီယံဖြစ်ပါတယ်။ လက်ရှိအခြေအနေအရ တိုင်းဒေသကြီးရဲ့လိုအပ်ငွေဟာ (၁၄၃.၆၀၆၃၃၀) ဘီလီယံ လိုအပ်နေပါ တယ်။ တနည်းအားဖြင့်ပြောရရင် တိုင်းဒေသကြီးဘတ်ဂျက်(-)အနှုတ်လက္ခဏာဖြစ်နေပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ ၂၉.၁၁.၂၀၁၆ ရက်စွဲပါစာအမှတ်၊ ၁၂၇၃/၂၅၀/အပိုထောက်ပံ့ငွေ ၃/ ၃-၁/ အဖရ(၂၀၁၆)အရ တိုင်းဒေသကြီးအတွက် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ထောက်ပံ့ပေးနိုင်မည့် ပမာဏမှာ ကျပ်(၁၀၈.၂၉၆၈၂၃)ဘီလီယံ ဖြစ်တဲ့အတွက်ကြောင့်မို့လို့ မန္တလေးတိုင်းဒေသကြီးအနေ နဲ့ကျပ် (၄၁.၃၀၉၅၀၇၂) ဘီလီယံကို စိစစ်လျော့ချဖို့ လိုပါတယ်။ စိစစ်လျော့ချရမည့်ဌာနများ၏ အသုံးစရိတ်များကို အောက်ပါအတိုင်း တင်ပြအပ်ပါတယ်။ ဆည်မြောင်းဦးစီးဌာနကို (၅.၆)ဘီလီယံ နောက်ကကိန်းဂဏန်းအသေးစိတ်မပြောတော့ပါဘူး။ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနကို (၁.၄) ဘီလီယံ ဖြတ်တောက်ပါတယ်။ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဌာန ကိုသန်း (၆၀၀) ဖြတ်တောက်ပါတယ်။ မိုးလေဝသနှင့်ဇလဗေဒဦးစီးဌာနကို သန်း(၄၀၀)ဖြတ် တောက်ပါတယ်။

အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးကို (၅.၂)ဘီလီယံ ဖြတ်ပါတယ်။ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနကို (၁.၄)ဘီလီယံ ဖြတ်ပါတယ်။ မီးသတ်ဦးစီးဌာနကို (၃.၃)ဘီလီယံ ဖြတ်ပါတယ်။ စိုက်ပျိုးရေးဦးစီးဌာနကို သန်း(၁၀၀)ဖြတ်ပါတယ်။ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနကို သန်း(၁၀၀)ဖြတ်ပါတယ်။ သစ်တောဦးစီးဌာနကို သန်း(၇၀၀)ဖြတ်ပါတယ်။ အပူပိုင်းစိမ်းလမ်းစိုပြေရေးဦးစီးဌာနကို သန်း(၆၀၀)ဖြတ်ပါတယ်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနကို (၁.၇)ဘီလီယံ ဖြတ်ပါတယ်။ အားကစားနှင့် ကာယပညာဦးစီးဌာနကို (၁.၅)ဘီလီယံ ဖြတ်ပါတယ်။ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနကို (၆.၃)ဘီလီယံ ဖြတ်ပါတယ်။ စည်ပင်သာယာရေးအဖွဲ့များကို (၈၉၃) သန်း ဖြတ်ပါတယ်။ မြို့တော်စည်ပင်သာယာရေးကော်မတီကို (၁၁.၄)ဘီလီယံ ဖြတ်ပါတယ်။ စုစုပေါင်းတိုင်းဒေသကြီးအစိုးရအဖွဲ့က ဌာနအဖွဲ့အစည်းအသီးသီး၏ တင်ပြချက်အပေါ်မှာ ဖြတ်တောက်ငွေဟာ (၄၁.၃၀၉၅၀၇)ဘီလီယံ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ အစိုးရ အဖွဲ့က ကျွန်တော်တင်ပြချက်ပါအတိုင်း တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ ရရန်/ပေးရန်ရှိတဲ့ အနေအထားပေါ်မူတည်ပြီး ပြည်ထောင်စုရဲ့ထောက်ပံ့ငွေအပေါ် ညှိနှိုင်းရေးဆွဲရတာဖြစ်တဲ့အတွက်ကြောင့် အချိန်ကာလကန့်သတ်ချက်ကြောင့်သော်လည်းကောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ လုပ်ငန်းအထိအတွေ့ပေါ်မှာ အားနည်းချက်ရှိကောင်းရှိနိုင်မယ်ဆိုတာကို ကျွန်တော်ဝန်ခံရမှာဖြစ်ပါတယ်။ တစ်နည်းပြောရရင် ဒီလိုအပ်ငွေအားလုံးဟာ တိုင်းဒေသကြီးအစိုးရအဖွဲ့က မသိရှိလို့ လိုအပ်တဲ့သဘောမျိုးလဲမဟုတ်ပါဘူး၊ နိုင်ငံတော်အကြီးအကဲများ၏လမ်းညွှန်ချက်အရ တိုင်းဒေသကြီးက ရစရာရှိတဲ့ ငွေကြေးပေါ်မှာ ထိန်းပြီးတော့ဖြတ်တောက်တာ ဖြစ်ပါတယ်။ တစ်နည်းပြောရရင်တော့ လာမည့်ခုနှစ်မှာ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေနဲ့ ပြည်ထောင်စုရဲ့ ပြန်လည်ထောက်ပံ့တဲ့ ထောက်ပံ့ကြေးငွေဟာ (၁၂)ဘီလီယံထိရခဲ့တယ်လို့ ကျွန်တော်တို့ သိရှိပြီးဖြစ်ပါတယ်။ လက်ရှိနှစ်မှာလည်းပဲ ပြီးခဲ့တဲ့အရအသုံးမှန်းခြေ ဖြည့်စွက်ရန်ပုံငွေရေးဆွဲစဉ်အခါက ပြည်ထောင်စုက တိုင်းဒေသကြီးအစိုးရအဖွဲ့ကို (၅)ဘီလီယံ ပြန်လည်ဖြည့်တင်းထောက်ပံ့ပါတယ်။ အဲဒီ(၅)ဘီလီယံ ဖြည့်တင်းတဲ့အပေါ်မှာ ဌာနဆိုင်ရာများတင်ပြချက်အရ ဖြည့်စွက်ပေးခဲ့သော်လည်း ကျွန်တော်တို့ တင်ပြချက်မှာများနေတဲ့အတွက်ကြောင့်မို့ ပြည်ထောင်စုဘတ်ဂျက်ရေးဆွဲရေးကော်မတီက ဖြည့်စွက်ရန်ပုံငွေကို ပြန်လည်စိစစ်တဲ့အခါမှာ ကျွန်တော်တို့ကနောက်ထပ် (၃)ဘီလီယံ ဖြတ်ခံရပါတယ်။ တစ်နည်းပြောရရင် လက်ရှိကာလမှာလည်း (၅)ဘီလီယံပေးထားတာကို တောင်းတာများလို့ ထပ်ဖြတ်လိုက်တဲ့အခါမှာ (၂)ဘီလီယံသာ အသားတင်ရကြောင်း တင်ပြလိုပါတယ်။ ဒါကြောင့်မို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ကတော့ ရနိုင်သမျှကြိုးစားပြီးတော့ ကိုယ့်တိုင်းဒေသကြီးဖွံ့ဖြိုးတိုးတက်ဖို့ လွှတ်တော်ကိုယ်စားလှယ်ကြီးများ၏ ကတိကဝတ်များကိုဖြည့်ဆည်းဖို့ အစွမ်းကုန်ကြိုးစားမှာ

ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့တိုင်းဒေသကြီးအစိုးရအဖွဲ့က အချိန်နှင့်တပြေးညီဆောင်ရွက် တဲ့အခါ အချိန်ကိုက်လမ်းညွှန်ထားတဲ့ဇယားအတိုင်း ဆောင်ရွက်တာဖြစ်တာမို့ လွှတ်တော်ကိုယ်စားလှယ်ကြီးအကြံပြုသလို နှစ်ပတ်လောက်စောပြီး ဒီစာရင်းဇယားတွေကို အသေးစိတ်တင်ပြရန် အားနည်းသွားတယ်ဆိုတာကို သိစေလိုပါတယ်။ နောင်လာမည့်ကာလတွေမှာ ဒီထက်ပိုပြီးတော့ အချိန်ရအောင် ကြိုးစားဆောင်ရွက်ပေးပါမယ်လို့ ဖြေကြားလိုပါတယ်။ အားလုံးကိုကျေးဇူးတင်ပါ တယ်။"

**ဥက္ကဋ္ဌ**။ ။ မိတ္ထီလာမြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၁) လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်မိုး၏ အကြံပြုချက်များနှင့်ပတ်သက်၍ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တိုက်တွန်းသွားရန်လွှတ်တော်၏ သဘောထားရယူသွားမှာ ဖြစ်ပါတယ် -

လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလားခင်ဗျား။

လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလားခင်ဗျား။

လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလားခင်ဗျား။

[ လွှတ်တော်က သဘောတူပါသည် ]

လွှတ်တော်ကိုယ်စားလှယ်များက သဘောတူတဲ့အတွက် မိတ္ထီလာမြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၁)မှ ဦးအောင်ကျော်မိုး၏ အကြံပြုချက်များကိုဆောင်ရွက်ပေးရေး အစိုးရအဖွဲ့သို့ တိုက်တွန်းကြောင်းလွှတ်တော်က ကြေညာပါတယ်။ (တူထုသည်)

## နွားထိုးကြီးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) လွှတ်တော်ကိုယ်စားလှယ် ဦးစိန်ကျော်မိုး ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ သဘောထားရယူခြင်း

**ဥက္ကဋ္ဌ**။ ။ နွားထိုးကြီးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) လွှတ်တော်ကိုယ်စားလှယ် ဦးစိန်ကျော်မိုးက ဆွေးနွေးရန် ဖြစ်ပါတယ်။

**ဦးစိန်ကျော်မိုး၊ နွားထိုးကြီးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)**။ ။ "လေးစားရပါသော လွှတ်တော် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ်နှင့်တကွ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဧည့်သည်တော်များ၊ မီဒီယာများအားလုံးကို မင်္ဂလာပါလို့ ဦးစွာပထမနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ နွားထိုးကြီးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ လွှတ်တော်ကိုယ်စားလှယ် ဦးစိန်ကျော်မိုး ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ရသုံးမှန်းခြေငွေစာရင်း စိစစ်တွေ့ရှိချက်အပေါ်

ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေဖြင့် Power Point သုံးစွဲခွင့်ပြုပါခင်ဗျာ။ အမျိုးသားလျှပ်စစ်ဓာတ်အားပေးရေးစီမံချက်အတွက် ဓာတ်အားလိုင်းများ တပ်ဆင်ရန် ဘဏ္ဍာငွေတောင်းခံမှုစာရင်းများကို စိစစ်တင်ပြသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီမှာလျှပ်စစ်ဓာတ်အားပေးရေးအတွက် တင်ပြတောင်းခံငွေကို နမူနာအဖြစ် (၆)ခုကို နှိုင်းယှဉ်ပြမှာ ဖြစ်ပါတယ်။ အားလုံးပေါင်းက (၄၃)လောက် ရှိပါတယ်။ ကျွန်တော်တင်ပြမှာက နံပါတ်(၁) နွားထိုးကြီးမြို့နယ်အတွက် ၁၁ ကေဗီလိုင်း (၆)မိုင်နှင့် ၂၀၀ ကေဗီအေ ထရန်စဖော်မာ (၂) လုံးအတွက်တောင်းခံငွေမှာ သိန်းပေါင်း(၁၄၆၉.၆၂)သိန်း ဖြစ်ပါတယ်။ နံပါတ်(၂) ရမည်းသင်းမြို့နယ် အနေနဲ့ တောင်းခံထားမှုမှာ ၁၁ ကေဗီအေ (၆)မိုင်နှင့် ၂၀၀ ကေဗီအေ ထရန်စဖော်မာ(၂)လုံး ရှိပါတယ်။ ဆိုလိုတာကတော့ မိုင်ရော၊ အိုးရော အမျိုးအစားတူပြီး တောင်းခံတဲ့ငွေပမာဏဟာ သိန်းပေါင်း (၁၇၆၀၆၂)သိန်းဖြစ်တဲ့အတွက် နွားထိုးကြီးနဲ့ ရမည်းသင်းမြို့နယ်၏ ကွာခြားချက်မှာ သိန်းပေါင်း(၃၀၀)ထိ ရှိနေပါတယ်။ ဆက်လက်ပြီး အမှတ်စဉ်(၃) တောင်သာရယ်၊ အမှတ်စဉ်(၄) တံတားဦးရယ် တောင်းခံငွေဟာ ၁၁ ကေဗီလိုင်း (၅)မိုင်နှင့် ၂၀၀ ကေဗီအေ ထရန်စဖော်မာ (၂)လုံး ချင်းလည်း တူတယ်။ တောင်းခံငွေဟာ သိန်းပေါင်း(၁၅၂၉.၆၂) ဖြစ်ပါတယ်။ ဒါဆိုရင် နွားထိုးကြီး မြို့နယ်၏ (၆)မိုင်နှင့် တောင်သာ၊ တံတားဦး(၅)မိုင်၊ မိုင်အရေအတွက် (၁) မိုင်လျော့သွားပါတယ်။ အိုးကတော့ (၂)လုံးချင်းတူတယ်။ ဒါပေမယ့် ဈေးနှုန်းက နွားထိုးကြီးက ပိုများနေတာတွေ့ရပါ တယ်။ မိုင်ကလျော့ပြီးတော့ ဈေးနှုန်းက တောင်သာ၊ တံတားဦးက ဈေးနှုန်းကွာခြားနေတာ တွေ့ရပါတယ်။ ဆက်လက်ပြီးတော့ ငါန်းဇွန်တင်ပြမှာ ဖြစ်ပါတယ်။ အမှတ်စဉ်(၅) ဖြစ်ပါတယ်။ ငါန်းဇွန်မြို့နယ်မှာ ၁၁ ကေဗီအေ လိုင်း (၅.၅)မိုင်နှင့် ၁၀၀ ကေဗီအေ ထရန်စဖော်မာ(၂)လုံး တောင်းဆိုထားပါတယ်။ နွားထိုးကြီးနဲ့လည်း နှိုင်းယှဉ်မှာ ဖြစ်ပါတယ်။ နွားထိုးကြီးက (၆)မိုင်၊ ငါန်းဇွန်က (၅.၅)မိုင် ဖြစ်ပါတယ်။ မိုင်အားဖြင့် မိုင်ဝက်ကွာပါတယ်။ ထရန်စဖော်မာအနေနဲ့ ကြည့်မယ်ဆိုရင် ၂၀၀ ကေဗီအေ နွားထိုးကြီးက (၂)လုံး တောင်းထားပြီးတော့ ငါန်းဇွန်က ၁၀၀ ကေဗီအေ (၂) လုံးဖြစ်ပါတယ်။ ဆိုလိုတာကတော့ အိုးကလည်း လျော့တာဖြစ်ပါတယ်။ ငွေပမာဏ နှိုင်းယှဉ်တဲ့အခါ ငါန်းဇွန်သည် သိန်းပေါင်း(၁၆၀၉.၆၂)ဖြစ်ပါတယ်။ ဆိုလိုတာကတော့ မိုင်လည်း လျော့တယ်။ အိုးလည်း လျော့တယ်။ ငွေကြေးကိန်းဂဏန်းသည် ငါန်းဇွန်က ပိုများနေတာဖြစ်ပါ တယ်။ အမှတ်စဉ်(၆)ကို ဆက်လက်ဆွေးနွေးမှာ ဖြစ်ပါတယ်။ စဉ့်ကိုင်က ၁၁ ကေဗီအေ လိုင်းအတွက် (၇)မိုင် ရှိပါတယ်။ ၂၀၀ ကေဗီအေ (၂)လုံးပါ။ သိန်းပေါင်း(၂၀၀၉.၆၂) ဖြစ်ပါတယ်။ ကျွန်တော်တို့ နွားထိုးကြီးနဲ့လည်း နှိုင်းယှဉ်မှာ ဖြစ်ပါတယ်။ နွားထိုးက (၆)မိုင်၊ ၂၀၀ ကေဗီအေ (၂)လုံးပါ။ စဉ့်ကိုင်က ၂၀၀ ကေဗီအေ (၂)လုံးပါ။ ဆိုလိုတာက စဉ့်ကိုင်သည် ၁၁ ကေဗီအေက (၁)မိုင်တည်း ပိုမှာပါ။ အဲဒီ(၁)မိုင်ရဲ့ပိုတာသည် ငွေကြေးဖြင့်နှိုင်းယှဉ်လျှင်

သိန်း(၅၀၀)ကျော် ကွာနေတာတွေ့ရှိရပါတယ်။ ဆိုလိုတာကတော့ ဘယ်လိုစံနှုန်းနဲ့ တွက်ချက်တာလည်း တွက်ချက်မှု တွေမတူတာလည်း လေ့လာတွေ့ရှိရပါတယ်။ ဒါ့ကြောင့်မို့ ကျွန်တော်စစ်ဆေးတွေ့ရှိချက်အရ အမျိုးသားလျှပ်စစ်ဓာတ်အားပေးရေးစီမံချက် နွားထိုးကြီးမြို့နယ်အတွက် တင်ပြတောင်းခံငွေ သိန်းပေါင်း (၁၄၆၉.၆၂)သိန်း ဖြစ်ပြီးငင်းတင်ပြချက်ကို အခြေခံ၍ နှိုင်းယှဉ်ပါက ဌာနတစ်ခုတည်း ကတွက်ချက်တင်ပြမှု ကိန်းဂဏန်းများမှာ အမျိုးမျိုးကွဲပြားခြားနားနေတဲ့အတွက် ဒေသအလိုက် သတ်မှတ်ဈေးနှုန်းများအပေါ် အခြေခံတွက်ချက်ပါက ဤကဲ့သို့ ကွာခြားမှုမဖြစ်သင့်ကြောင်း တင်ပြ လိုပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ သို့ပါ၍ ဓာတ်အားလိုင်းများ တပ်ဆင်ခြင်း၊ မြို့နယ်အသီးသီးမှ လုပ်ငန်းဈေးနှုန်းများကို ပြန်လည်တွက်ချက်၍ အကျိုးအကြောင်း ဆီလျော်သင့်လျော်သည့်နှုန်း ပြန်လည်ပြင်ဆင်ပေးရေး တင်ပြတောင်းဆိုပါတယ်။ ကျွန်တော်နောက်ထပ် ဆက်လက်ပြီး အထွေ ထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းအိမ်ရာတည်ဆောက်မှုအတွက် ဘတ်ဂျက်တင်ပြမှုများအနက် အချို့ကို ကောက်နှုတ်တင်ပြလို ပါတယ်။ ချမ်းမြသာစည်မြို့နယ် ဝန်ထမ်းအိမ်ရာအတွက် အာရ်စီ (၂)ခန်း (၁)ထပ်ကို (၂၂၀) သိန်းဖြင့် လည်းကောင်း၊ မြစ်သားမြို့နယ်၊ စဉ့်ကိုင်မြို့နယ်နှင့် ကျောက်ပန်းတောင်းမြို့နယ်များတွင် အာရ်စီ (၂)ခန်း (၁)ထပ်ကို (၃၀၂)သိန်းစီဖြင့်လည်းကောင်း တင်ပြထားပါတယ်။ ချမ်းမြသာစည်နဲ့ မြစ်သား၊ စဉ့်ကိုင်မှာ ကွာခြားမှုအကွာအဝေးချင်း အဲ့ဒီ လောက်မကွာပါဘူး။ သိန်းပေါင်းက (၂၂၀)နဲ့ (၃၀၂) ဆိုတော့ (၈၂)သိန်း လောက်ကွာခြားပါတယ်။ နောက်တစ်ခုက အမှတ်စဉ်(၅) မိုးကုတ်မှာအာရ်စီ (၂)ခန်းတွဲ (၁)ထပ် ဆောက်လုပ်မှာဖြစ်ပါတယ်။ ပုံသဏ္ဌာန်ပြထားပါတယ်။ တောင်းခံငွေ သိန်းပေါင်း (၄၀၈)သိန်း ဖြစ်ပါတယ်။ အဲ့တော့ ချမ်းမြသာ စည်နဲ့ မိုးကုတ်ဈေးနှုန်းနှိုင်းယှဉ်ရာမှာ ချမ်းမြသာစည်က သိန်းပေါင်း (၂၂၀)ဖြစ်ပြီး မိုးကုတ်က သိန်း(၄၀၀)ဖြစ်တဲ့အတွက် သိန်းပေါင်း (၁၈၀)ထိ ကွာနေတာဖြစ်ပါတယ်။ ကျွန်တော်ဆက်လက်ပြီး အမှတ်စဉ် (၆)နှင့် (၇)ကို နှိုင်းယှဉ်တင်ပြမှာ ဖြစ်ပါတယ်။ အမှတ်စဉ် (၆) ပျော်ဘွယ်မှာ အာရ်စီ (၂)ခန်းတွဲ (၂)ထပ်ကို သိန်းပေါင်း (၃၃၈)သိန်း ဖြစ်ပါတယ်။ အမှတ်စဉ်(၇) တောင်သာမြို့နယ်မှာ အာရ်စီ (၂)ခန်းတွဲ (၂)ထပ် သိန်းပေါင်း (၄၈၃.၅)သိန်း၊ ဆိုလိုတာက အမှတ်စဉ်(၆)နဲ့ (၇) ပျော်ဘွယ် နဲ့တောင်သာမှာ တည်ဆောက်မယ့် အာရ်စီ (၂)ထပ်ချင်းတူပြီး ကိန်းဂဏန်းရာချီကွာခြားနေတာ တွေ့ရပါတယ်။ ဒါ့ကြောင့် အထွေထွေအုပ်ချုပ်ရေးတစ်ခုတည်းကပင်လျှင် ဈေးနှုန်းအမျိုးမျိုးတွက် ချက်တင်ပြတောင်းခံထားကြောင်း တွေ့ရှိရတဲ့အတွက် ဘယ်လိုစံနှုန်းတွေနဲ့ စိစစ်ပြီးတော့ ကျွန်တော် တို့လွှတ်တော်ကော်မတီကို တင်ပြလာတာကို မေးခွန်းထုတ်စရာဖြစ်နေပါတယ်။ ဒါ့အပြင် စီမံကိန်း၊ မန္တလေးတိုင်းဒေသကြီးမှ စီမံကိန်းရုံး (၆)ခန်းတွဲ ဝန်ထမ်းအိမ်ရာ အာရ်စီ(၁)ထပ်ကို သိန်း(၁၂၀၀) တောင်းဆိုထားတဲ့အတွက် စီမံကိန်းဦးစီးဌာနတိုင်းရုံးမှာဆောက်မယ့် ဝန်ထမ်းအိမ်ရာ ဖြစ်ပါတယ်။ အမှတ်စဉ်(၂) မြင်းခြံက

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက (၆)ခန်းတွဲ (၁)ထပ်ကို တောင်းခံတဲ့ အခမှာ အလျား၊ အနံ ဖော်ပြထားခြင်း မရှိပါ။ သို့သော် (၆)ခန်းတွဲ (၁)ထပ်ချင်းတော့ တူနေတာ ဖြစ်ပါတယ်။ (၄၃၂)သိန်း ဖြစ်ပါတယ်။ ပြောချင်တာက အဲဒီနှစ်ခုနှိုင်းယှဉ်တဲ့အခါမှာ ဝန်ထမ်း အိမ်ရာခေါင်းစဉ်ချင်းလည်း တူတယ်။ (၆)ခန်းတွဲချင်းလည်း တူတယ်။ ငွေက (၄၃၂)သိန်းနဲ့ သိန်းပေါင်း (၁၂၀၀)ကွာခြားနေပါတယ်။ ဝန်ထမ်း(၆)ဦးထားရမယ့်အတူတူ မြင်းခြံကနှုန်းထားနဲ့ ဆောက်လျှင် မရနိုင်ဘူးလား။ တကယ်လို့ မြင်းခြံနှုန်းထားနဲ့ (၆)ခန်းတွဲ သိန်း(၄၃၀)နဲ့သာ ဆောက်မယ်ဆိုလျှင် ကျွန်တော်တို့က စီမံကိန်းဦးစီးဌာနအနေနဲ့ (၆)ခန်းတွဲ (၃)လုံးလောက်အထိ ဆောက်နိုင်မှာ ဖြစ်ပါတယ်။ ကျွန်တော်က ဒါနမူနာအဖြစ် ထုတ်နှုတ်ထားခြင်း ဖြစ်ပါတယ်။ ဒီစံ ဈေးနှုန်းတွေရဲ့ တွက်ချက်မှုကို မေးစရာဖြစ်နေပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ သို့ပါ၍ ဌာနတစ်ခု အတွင်းမှာပင် သတ်မှတ်ချက်မရှိ အမျိုးမျိုးတွက်ချက် တင်ပြထားခြင်း၊ ဌာနတစ်ခုနှင့်တစ်ခု တွက်ချက်မှုများစွာ ကွာခြားနေခြင်းတို့မှာ မဖြစ်သင့်ပါ။ မန္တလေးတိုင်းဒေသကြီးတစ်ခုအတွင်း ဝန်ထမ်းအိမ်ရာဆောက်လုပ်ရေးအတွက် ဘဏ္ဍာငွေတွက်ချက်မှုများကို သင့်တင့်မျှတစွာ တပြေးညီ တင်ပြခြင်းသာ ဖြစ်သင့်ပါသဖြင့် ပြန်လည်ပြင်ဆင်အတည်ပြုသင့်ကြောင်း တင်ပြအပ်ပါသည်။ အားလုံးကိုကျေးဇူးတင်ပါတယ်။"

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နွားထိုးကြီးမြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၂) လွှတ်တော်ကိုယ်စားလှယ် ဦးစိန်ကျော်မိုးက အမျိုးသားလျှပ်စစ်ဓာတ်အားပေးရေး စီမံချက်အတွက် ဓာတ်အားလိုင်းများတပ်ဆင်ရန် ဘဏ္ဍာငွေတောင်းခံမှုစာရင်းများကိုလည်းကောင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ဝန်ထမ်းအိမ်ရာဆောက်လုပ်ရန် ဈေးနှုန်းအမျိုးမျိုးကို တင်ပြ တောင်းခံခြင်းကိုလည်းကောင်း၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန ဝန်ထမ်းအိမ်ရာတည်ဆောက်မှုနှင့် မြင်းခြံမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်းတို့၏နှုန်းထား များစွာ ကွာခြားနေခြင်းကိုလည်းကောင်း၊ စံနှုန်းသတ်မှတ်ချက်ဖြင့် သင့်တင့်မျှတစွာ တစ်ပြေးညီ ပြန်လည်ပြင်ဆင်ပေးရန် အဆိုပြုတင်ပြသွားပါတယ်။ သက်ဆိုင်ရာဝန်ကြီးက ရှင်းလင်းတင်ပြရန် ဖြစ်ပါတယ်။"

**ဒေါက်တာဇော်မြင့်မောင်၊ ဝန်ကြီးချုပ်၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့။** ။"လေးစား အပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်တက်ရောက်လာခဲ့ကြတဲ့ တပ်မတော်သား ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ အစိုးရအဖွဲ့ဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်တို့ရဲ့ လျှပ်စစ်ဝန်ကြီး က ညောင်ဦးခရိုင်သို့ သွားရောက်နေပါတယ်။ သူရဲ့ကိုယ်စား ကျွန်တော်ရှင်းပေးပါ့မယ်။ ကျွန်တော်က တော့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင် ဖြစ်ပါတယ်။ ဒီနေ့ လွှတ်တော်

မှာဘတ်ဂျက်ကိစ္စ ဆွေးနွေးကြတယ်ပေါ့နော်။ ဘတ်ဂျက်ကိစ္စမှာ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးက ဖြေသွားပါတယ်။ အကျုပ်အတည်းတော်တော်ဖြစ်ပါတယ်။ ကျွန်တော်တို့ကိုယ်တိုင်ကို (၁)ရက်နေ့မှ အစိုးရအဖွဲ့က ဘတ်ဂျက်ဆွေးနွေးပါတယ်။ အဲဒီမှာလည်း စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ပြောသွားပါတယ်။ ကျွန်တော်တို့ (၄၁)ဘီလီယံလောက် ဖြတ်ပါတယ်။ ဖြတ်လိုက်တဲ့ဟာကတော့ ဖြတ်လိုက်တဲ့ကျွန်တော်တို့ထဲမှာလည်း ဝန်ကြီးတွေနဲ့တော်တော်များများ အချေအတင်ပြောရပါတယ်။ ကျွန်တော့်ဌာနလည်း ဖြတ်တယ်။ သူ့ဌာန၊ ကျွန်တော့်ဌာန တော်တော်ညှိပေးရပါတယ်။ လွှတ်တော်မှာဘတ်ဂျက်စာအုပ်ရောက်တာ နောက်ကျတယ်လို့ လွှတ်တော်ကိုယ်စားလှယ်များက တင်ပြကြပါ တယ်။ ဟုတ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ကိုယ်တိုင် (၂၉)ရက်နေ့မှာ ရတဲ့အတွက် နောက်ကျရခြင်းဖြစ်ပါတယ်။ အဲဒီတော့ အသေးစိတ်စာရင်း ဒီပြဿနာပေလည်အောင် ကျွန်တော်ကဖြေရှင်းရတဲ့လူကိုး။ ကျွန်တော်ကို Cabinet မှာဝန်ကြီးတွေနှင့်တကွ ကိုယ်စားလှယ်ကြီးများ ဝိုင်းဝန်းတင်ပြတယ်။ ကျွန်တော်တောက်လျှောက် ဖြေရှင်းရတယ်။ အခုမနေ့က ကျွန်တော်ခေါ်လိုက်ပါတယ်။ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်တွေလာတယ်။ ဌာနတိုင်းမှာ တာဝန်ရှိပုဂ္ဂိုလ်တွေလည်း လာတယ်။ လွှတ်တော် ကိုယ်စားလှယ်တာဝန်(၃)ရပ်ရှိပါတယ်။ ဥပဒေပြုရတယ်၊ ဘတ်ဂျက်စီမံခန့်ခွဲတယ်။ ဘတ်ဂျက်ဒီတာဝန်တွေ လုပ်ဖို့ဖြစ်ပါတယ်။ တစ်ချက်က ဘာလဲဆိုရင် တင်တဲ့နေရာမှာ အဆင်သင့်မဖြစ်တာတွေ သူတို့က နောက်ကျမှရတယ်။ ကျွန်တော်တို့က (၉)လပိုင်း (၈)လပိုင်း ဒီ(၃)လတည်းနှင့် ကျွန်တော်တို့က ဒါတွေကိုစပြီးဘတ်ဂျက်တွေ ပြောင်းလိုက်ပါတယ်။ မနေ့ကညှိရတဲ့ စွန်ရဲအင်းကိစ္စ ကျွန်တော်တော်တော်စိတ်မကောင်းဘူးဗျာ။ အဲဒီစဥ့်ကိုင်က လွှတ်တော်ကိုယ်စားလှယ်တော်ကြီးက စွန်ရဲအင်းကိစ္စရှင်းသွားတဲ့ကိစ္စ သိပ်မဖြတ်ပါဘူး။ အခုအကုန်ဖြတ်လိုက်တယ်။ ဧက (၁၀၀၀)၊ ဧက (၂၅၀)အကျိုးပြုမှာ ကျွန်တော်တို့ ဘယ်နှယ်လုပ်စဉ်းစား ကြမလဲ။ ကျွန်တော်တို့အားလုံးလူထုအတွက်လုပ်ထားလဲ မနေ့ကမပါလာကြဘူးဗျာ။ တိုင်းပြည် ဖွံ့ဖြိုးရေးအတွက်လိုအပ်လို့သုံးတာပါ။ ဆက်လုပ်ပါရစေ၊ သက်သေရှိပါတယ်။ ယနေ့ဖြတ်ကြတယ် ဆိုတော့ အရင်အတိုင်းလုပ်ပါရစေ၊ အရင်အတိုင်းမပြောနဲ့ အရင်ကအရင်အစိုးရ အခုဟာ အစိုးရအသစ်ပွင့်လင်းမြင်သာအောင် လုပ်နေတဲ့အချိန်မှာ ပြောင်းလဲဖို့ ကိုယ်စားလှယ်တွေကို ပြောထား တယ်။ ဘတ်ဂျက်ဆိုတာ လွှတ်တော်ကိုယ်စားလှယ်တွေ ဆွဲတာမဟုတ်ဘူး။ ညှိနှိုင်းရမှာ။ ကျွန်တော် ကဥပမာ ကျွန်တော်ပြီးခဲ့တဲ့ လွှတ်တော်အတွင်းမှာ ပညာရေးနှင့်ပတ်သက်ပြီးတော့ တော်တော် တင်လိုက်တယ်။ (၅၃)တင်ပေးလိုက်တယ် ပြည်ထောင်စုက (၃၅)ပဲ ချပေးတယ်။ အဲ့မှာ ဖြတ်ချ တယ်။ လွှတ်တော်ကော်မတီကလည်း (၅)ခု တင်တယ်။ ပြည်ထောင်စုကနေ ဖြတ်တယ်။ ကျွန်တော်ကဘတ်ဂျက်ဆွဲကတည်းက BE မှာပါမှ လိုက်တယ်ဆိုရင် လွှတ်တော်ကလည်း

ကိုယ်ဖြတ်တာတွေကို ဖြည့်တယ်။ လွှတ်တော်ကိုယ်စားလှယ်တောင်းတာတွေ ဖြည့်တယ်။ ပြီးရင် မြို့နယ်တွေကို လုပ်ပါ။ ကျွန်တော်တို့ ဒီနေ့ ဒီလျှပ်စစ်နဲ့ပတ်သက်ပြီး MEC ဆိုတာ Mandalay Electrical Supply Corporation ပြည်ထောင်စုဘတ်ဂျက်အောက်က လျှပ်စစ်ဓာတ်အားခကို သူတို့က မကောက်ဘူး။ ကျွန်တော်တို့ တင်ဒါတွေခေါ်တယ်။ စိစစ်ပြီးတင်တယ်။ ကျွန်တော်တို့ အများကြီးမသုံးဘူးဆိုတော့ တင်ဒါစိစစ်ရေးကော်မတီ၊ ခုဆိုရင်တင်ဒါတွေကို တတ်နိုင်သမျှ စိစိစစ် စစ်နဲ့ တင်ဒါတိုင်းပိုတယ်/ပိုတဲ့ငွေကို ပြင်သုံးတယ်။ လွှတ်တော်ကိုယ်စားလှယ်တွေကိုပါ ဝင်ခိုင်း တယ်။ ပညာရေးနဲ့ပတ်သက်တဲ့ဘတ်ဂျက်တွေ အဆောက်အဦဆောက်တယ်။ Lot တွေခွဲပြီး စနစ်တကျ သုံးနေတယ်။ အဲတော့ လျှပ်စစ်မလိုင်မှာ ဆုံတွင်းကုန်းရွာမီးလင်းရေးသိန်းပေါင်း ဘယ် လောက်ကုန်တယ်ထင်လဲ။ သိန်းပေါင်း(၁၈၀၀) ကုန်တယ်။ (၁၉၀၀)ကုန်တယ်။ အဲတော့ ကျွန်တော် တို့ရဲ့ကျေးရွာမီးလင်းရေးဟာ ကိုယ်ထူကိုယ်ထဓာတ်အားခွဲရုံနဲ့ (၇)မိုင်အတွင်းမှာရှိတဲ့ လမ်းမီးများ အကုန်တပ်ဆင်တယ်။ ဆုံတွင်းကုန်းရွာမှာ လျှပ်စစ်မီးလင်းရေး သိန်း(၈၀၀)လောက်ရတယ်။ (၁၀၀၀)ကျော်လိုတယ်။ ကျွန်တော်တို့ အဲဒါကိုစပွန်ဆာနှင့် ကိုယ်ဟာနဲ့ကိုယ်လုပ်တယ်။ ကျွန်တော် ပြောချင်တာက မြို့နယ်တွေကျေးရွာမီးလင်းရေးကောက်ထားတဲ့ ရန်ပုံငွေဘယ်လောက်ဆိုတာ မူ တည်ပြီး 11 KVA လိုင်းဆွဲလိုက်တယ်။ ဆွဲရတဲ့အခါကြတော့ ဒီမှာတင်တဲ့အခါကျတော့ ကွာဟမှု မရှိတော့ဘူး။ အသေးစိတ်ကျွန်တော်မှာ ရှိပါတယ်။ ဒါကျွန်တော်က ယေဘုယျလျှပ်စစ်အများကြီး လျှပ်စစ်ဖြတ်တယ်။ ညကအထိ လွှတ်တော်ဥက္ကဋ္ဌကြီးပြောတဲ့ စာအုပ်(၈၀) MEC ကဆွဲထားတဲ့ လိုအပ်တာထက် များနေတယ်ဆိုပြီး သူကိုယ်တိုင်လာဖြတ်တယ်။ ဒါ က လျှပ်စစ်နဲ့ပတ်သက်လို့ အဲတော့ကျွန်တော်တို့ရဲ့ မူဝါဒဘာလဲဆိုတော့ ကျေးရွာတိုင်းမီးလင်းရမယ်ဆိုတာ လွှတ်တော် ကိုယ်စားလှယ်များ သိထားတယ်။ ဒါကြောင့် ကျေးရွာတိုင်းမီးလင်းရအောင် အဓိကထားပြီး လုပ်နေ တယ်ဆိုတာ ခေါင်းထဲထည့်ထားတယ်။ ပြီးတော့ ဝန်ထမ်းအိမ်ရာအဆောက်အဦဆိုတာလည်း ဝန်ထမ်းအိမ်ရာများ တစ်ခုနှင့်တစ်ခု ကွာဟမှုရှိတယ်ဆိုပါတော့ ညွှန်ကြားရေးမှူးနေတဲ့ အဆောက် အအုံနဲ့ ရုံးရုံးအဆင့်နေတဲ့ အဆောက်အအုံနဲ့ ကွာဟတယ်။ ဆောက်တဲ့တန်ဖိုးကျ ပြောချင်တာက အသေးစိတ်မထည့်နိုင်တာ ကျွန်တော်တို့ အားနည်းချက်ဖြစ်ပါတယ်။ ဒါပေမဲ့ လာကြည့်ပါ။ တောင်း ပါ ။ မနေ့ကပါတဲ့သူ တော်တော်များများကို ပြောခဲ့ပါတယ်။ ကုမ္ပဏီကိုလည်း မှာထားပါတယ်။ အခုဒီအဆောက်အအုံနဲ့ပတ်သက်လို့ ကျွန်တော်တို့ ကျွန်တော်ကဘတ်ဂျက်ဗဟိုမှာလည်း ပါတယ်။ အဲဒီတော့ ဖြတ်သင့်တာကို ဖြတ်ပါ။ မမှားပါဘူး။ မနေ့က ကျွန်တော်လာတဲ့ကိုယ်စားလှယ်တွေကို ပြောတယ်။ ကျွန်တော် ပြည်ထောင်စုမှာပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်ဖြစ်စဉ်က ကျွန်တော် ကိုယ်တိုင် ဖြတ်ခဲ့တယ်။ အဲဒီတော့အရေးကြီးတာ Smart Cutting လွှတ်တော်ကိုယ်စားလှယ် ရဲ့တာဝန်က ဘတ်ဂျက် Smart

Cutting ပဲ Smart Best ဘယ်လိုသုံးမလဲဆိုတာ စဉ်းစား ဆုံးဖြတ်ရမဲ့ ဆင်ခြင်တုံတရားပေါ်မှာ မူတည်ပါတယ်။ ကျွန်တော် ဒီကနေတိုက်တွန်းချင်ပါတယ်။ ကိုယ်စားလှယ်ကြီးတွေ ဆွေးနွေးသွားတာ ကောင်းပါတယ်။ ဒါဝန်ကြီးချုပ်တစ်ယောက်အနေနဲ့ အများကို လက်သင့်ခံတယ်။ အားလုံးကိုမကုန်သင့်တာမကုန်အောင် စိစစ်တားမြစ်တယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးများ သူတို့တာဝန် သူတို့ထမ်းဆောင်တယ်။ ဒါပေမဲ့ ဆုံးဖြတ်မယ် ဆိုရင်တော့ ကျေးရွာမီးလင်းရေး ထင်ပါတယ်။ မန္တလေးဝန်ထမ်းအိမ်ရာ တိတိကျကျဆို ဝန်ထမ်း အင်အား (၅၆၁၀၀)မှာ ၃%ပဲ ပေးရသေးတယ်။ အခုပြောတာ အိုး/အိမ်က ညွှန်မှူးပါ ကျွန်တော်ကို မြေတောင်းတယ်။ မြေသာပေး အကုန်ဆောက်ပေးမယ်။ ကျွန်တော်လည်း အိုး/အိမ် ဘတ်ဂျက် လုံးဝမဖြတ်ဘူး။ ကျွန်တော် ဝန်ထမ်းတွေနေစေချင်လို့။ အိမ်ခန်း(၆၀၀)မဲဖောက်ပေးမယ်။ တရားမျှ တအောင် ကျွန်တော်လုပ်မယ်။ ဆိုလိုချင်တာက ကျွန်တော်တို့ ဝန်ထမ်းအိမ်ရာတွေ ဆောက်နေတာ (၃)%ပဲ ပေးနိုင်သေးတယ်။ မနေနိုင်ကြဘူး။ ကျွန်တော်မှာ ဖြစ်ချင်တဲ့ဆန္ဒ၊ ရဲစခန်းတွေ ပြင်ပေး နိုင်မလားတဲ့။ ကျွန်တော့်ရင်ထဲ စိတ်မကောင်းဘူး။ အတိုင်ပင်ခံပုဂ္ဂိုလ်လာတုန်းကလည်း အဲဒီအ တိုင်းပဲ။ ရဲစခန်းတွေ ကြာလှပြီ။ RE ကို ကျွန်တော်မနေ့က တက်လာတဲ့ ဌာနဆိုင်ရာတွေကိုလည်း ပြောလိုက်တယ်။ RE ကျလို့ရှိရင်တော့ဆွဲမယ်ဆိုရင် လွှတ်တော်ကိုယ်စားလှယ်တွေကို ခေါ်ပြီးတော့ ညှိနှိုင်းပြီး ဆွဲကြပါ။ အခုကျတော့ အချိန်တွေမရှိကြတော့ ပြောရရင်အဖြတ်ခံရရင် လူထုနစ်နာ တာပဲ။ အခု စွန့်ရဲအင်းဖြတ်တာက ကျွန်တော်ကိုယ်တိုင်လည်း စွန့်ရဲအင်းရောက်ဖူးသေးတယ်။ စိုက်ရမယ့်ဧကတွေလည်း ရှိတယ်။ တကယ်များ အဲဒီအင်းနှုန်းတင်မိသွားလို့ ရေမရှိတော့ဘူးဆိုရင် ဘယ်လိုလုပ်ကြမလဲ။ ဒါမျိုးတွေစဉ်းစားစေချင်တယ်။ အားလုံး ကျေးဇူးတင်ပါတယ်။"

**ဥက္ကဋ္ဌ။** ။ နွားထိုးကြီးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) လွှတ်တော် ကိုယ်စားလှယ် ဦးစိန်ကျော်မိုး၏ သဘောထားပြောရန် ဖြစ်ပါတယ်။

**ဦးစိန်ကျော်မိုး၊ နွားထိုးကြီးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)။** ။ "ကျွန်တော့်အနေနဲ့ ပြော ရလျှင် လျှပ်စစ်ကိုကန့်ကွက်တာ၊ ဝန်ထမ်းအိမ်ရာကိုကန့်ကွက်တာ မဟုတ်ပါဘူး။ ဝန်ကြီးချုပ်ကို တင်ပြလိုတာက ကျွန်တော်သည်ကန့်ကွက်ခြင်းမဟုတ်ဘူး။ ဈေးနှုန်းသတ်မှတ်ချက်တွေ ကွဲလွဲနေလို့ ဈေးနှုန်းတွေအနည်းဆုံးနဲ့သာ လုပ်နိုင်မယ်ဆိုလျှင် လျှပ်စစ်တွေ နောက်ထပ်မြို့နယ်တွေ ပိုရလာမှာ ဖြစ်ပါတယ်။ ဈေးနှုန်းသတ်မှတ်ချက်တွေ ကွာနေတဲ့အတွက် ရသင့်သလောက် မရဘူးလို့ ပြောချင် ပါတယ်။ အခုဆိုရင် လျှပ်စစ်ရဲ့ခေါင်းစဉ်မှာ မီးစက်(၇)ခု ခေါင်းစဉ်၊ ဈေးနှုန်းအနည်းဆုံးနဲ့သာ လုပ်နိုင်လျှင် နောက်ထပ်(၅၀)လည်း ဖြစ်နိုင်တယ်။ ၇၀-၈၀ လည်း ဖြစ်နိုင်ပါတယ်။ လျှပ်စစ်မရ အောင် ကန့်ကွက်တာမဟုတ်ပါဘူး။ ဈေးနှုန်းကိုထောက်ပြခြင်း ဖြစ်ပါတယ်။ ဘဏ္ဍာငွေကို ချွေတာ ရာလည်း

ရောက်ပါတယ်။ ဝန်ထမ်းအိမ်ရာကိုလည်း ဝန်ထမ်းတွေ အခက်အခဲ၊ အကြပ်အတည်းတွေ ရှိတယ်ဆိုတာကို သိပါတယ်။ ပြည့်စုံလုံလောက်အောင် ထပ်မံဖြည့်ဆည်းပေးဖို့ လိုတာလည်း သဘောပေါက်ပါတယ်။ ဝန်ထမ်းအိမ်ရာကို ကန့်ကွက်ခြင်းမဟုတ်ပါဘူး။ ဈေးနှုန်းတွေ တစ်ခုနဲ့ တစ်ခုနှိုင်းယှဉ်ပြီး ဈေးနှုန်းချိုသာစွာဖြင့် ဆောက်မည်ဆိုလျှင် ဝန်ထမ်းအိမ်ရာတွေ ပိုမိုရလာမယ့် သဘောကို ပြောခြင်းဖြစ်ပါတယ်။ ခုန ဝန်ကြီးချုပ်ကြီး ပြောသွားတာ အသေးစိတ်တွက်ချက်မှုတွေ ရှိတယ်။ တကယ်လို့သာ အသေးစိတ်တွက်ချက်မှုတွေ ဒီမှာအစောကတည်းက ပြည့်စုံစွာရှိပါက ကျွန်တော်တို့ ဝိဝါဒကွဲစရာမရှိပါ။ ကျွန်တော်တွေ့ရှိတဲ့နေရာမှာ အရာရှိအိမ်ရာဆို သိန်းပေါင်း ဘယ်လောက်ဆိုပါပါတယ်။ ဒါကတော့ စာအရေးအသားပေါ်မူတည်ပြီး ဝန်ထမ်းအိမ်ရာယူဆတဲ့ အတွက်သာမန်ဝန်ထမ်းအိမ်ရာအနေနဲ့ ကျွန်တော်သုံးသပ်ပါတယ်။ ကျွန်တော်ပြောချင်တာ ဈေးနှုန်း တွေလျှော့ချနိုင်မယ်ဆိုလျှင် ဒီဘတ်ဂျက်တွေကို ဖြတ်တောက်ဖို့ မဟုတ်ဘူး။ အိမ်ရာတွေ လျှပ်စစ် တွေကို ဖြတ်ချဖို့မဟုတ်ဘဲ ပိုမိုရရှိနိုင်မယ်ဆိုတဲ့အကြောင်း တင်ပြခြင်းဖြစ်ပါတယ်။"

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ် ဦးစိန်ကျော်မိုးက ဝန်ကြီးချုပ်၏တင်ပြချက် အပေါ်ကန့်ကွက်ရန်မရှိကြောင်း၊ ဈေးနှုန်းကွာခြားချက်ကိုသာ တင်ပြခြင်းဖြစ်ကြောင်း ပြောဆိုသည့် အတွက် သက်ဆိုင်ရာဝန်ကြီးဌာနကတင်ပြသည့်အတိုင်း အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (တူထုသည်)

**ဦးစိန်ကျော်မိုး၊ နွားထိုးကြီးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)**။ ။ "ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ဒီအတိုင်းဈေးနှုန်းကို အနိမ့်ဈေးနှုန်းနဲ့ သတ်မှတ်ချင်တာပါ။"

**ဥက္ကဋ္ဌ**။ ။ ဒီဈေးနှုန်းကတော့ ကျွန်တော်တို့နောက်မှ ညှိလည်းရပါတယ်။ လုပ်ငန်း အကောင်အထည်ဖော်ဖို့ လိုပါတယ်။ ဒါကိုဝန်ကြီးချုပ်က အကျယ်တဝင့်တင်ပြထားပြီး ဖြစ်ပါတယ်။

**ဦးစိန်ကျော်မိုး၊ နွားထိုးကြီးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)**။ ။ "ကျွန်တော့်အနေနဲ့ ဒီလို ပြောရတာလည်း အကြောင်းအရင်းရှိပါတယ်။ ကျွန်တော်တို့မြို့နယ်မှာဌာနတွေက ကျေးလက်က ဆွဲတဲ့စီမံကိန်းတစ်ခု ရှိပါတယ်။ ကျေးလက်ကဆွဲတဲ့ ကျွန်တော်တို့မြို့နယ်၊ ကျေးလက်ရုံးအတွက် သိန်း(၈၀၀)၊ မြို့နယ်မှာ ဆွဲတယ်။ နောက် ကျေးလက်တံတားအတွက် သိန်း(၈၀၀)ဆွဲပါတယ်။ အဲဒီထဲက ဒါဟာ သိန်း(၈၀၀) များမနေဘူးလားလို့မေးတဲ့အခါ ကျေးလက်မှမဟုတ်ဘူးဆရာ၊ ကျွန်တော်တို့တင်ဒါတွေခေါ်တဲ့အခါ သိန်း (၈၀၀) အဖြတ်ခံရမှာပါလို့ ပြောခဲ့တယ်။ နောက်ဆုံး ကျေးလက်ငွေကို တိုင်းဒေသကြီးနဲ့တော့ မဆိုင်ပါဘူး။ ရုံးချုပ်ကချတဲ့အခါမှာ သိန်း(၈၀၀)ချပါ တယ်။ ဆိုလိုတာက ဘာမှဖြတ်တောက်ခြင်း မရှိဘူး။ အဲဒီဌာနဆိုင်ရာ အင်ဂျင်နီယာကိုပဲ လုပ်ပိုင်

ခွင့်ပေးလိုက်တယ်။ ဒီအတိုင်းပဲသွားမှာ၊ ဒီအတိုင်းဖြစ်သွားမှာကိုပဲ စိုးရိမ်တယ်။ တကယ်လို့ ဈေးနှုန်းပြင်ဆင်သတ်မှတ်ပေးမယ်ဆိုရင်တော့ ကျွန်တော်တို့ လက်ခံပါတယ်။"

**ဥက္ကဋ္ဌ။** ။ ဒါဆိုရင်ဈေးနှုန်းပြင်ဆင်ပေးရန် ဦးစိန်ကျော်မိုးက ပြောတယ်ဆိုတော့ ဈေးနှုန်းကို ဘယ်ဟာကိုအခြေခံ၍ ဘယ်လောက်တင်သင့်တယ်ဆိုတာ ဆုံးဖြတ်ဖို့လိုတယ်။ အဲတော့ ခင်ဗျားဘက်က ဘယ်ဟာကို အခြေခံထားမလဲ။

**ဦးစိန်ကျော်မိုး၊ နွားထိုးကြီးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)။** ။ "ကျွန်တော့်အနေနဲ့ ဒီဘတ်ဂျက်စာအုပ်လေ့လာတွေ့ရှိချက်အရ လျှပ်စစ်မှာဆိုရင် နွားထိုးကြီးရဲ့ ၁၁ ကေဗီအေ (၆)မိုင် ၂၀၀ ကေဗီအေ ထရန်စဖော်မာ (၂)လုံး သိန်းပေါင်း (၁၄၆၉.၆၂)သိန်း ဖြစ်တဲ့အတွက် အဲဒါအခြေခံ ပြီး ဘဏ္ဍာငွေတွေ ပိုထွက်လာတယ်။ နောက်ထပ် ကျေးရွာတွေအများကြီးပိုထွက်လာမယ်။

**ဥက္ကဋ္ဌ။** ။ ဒါဆို အဲဒီတစ်ခုချင်းကို မဲခွဲဆုံးဖြတ်ရမယ်။ လျှပ်စစ်အတွက်ကို သိန်းပေါင်း (၁၄၀၀)ယူထားမယ်။ အဆောက်အဦအတွက်ဆို ဘယ်ဟာထားသင့်တယ်။ ဒီလိုတစ်ချက်ချင်း လေးတွေ ကျွန်တော်ကဘယ်ဟာဆုံးဖြတ်ပေးရမယ်ဆိုတာကို ရှင်းရှင်းလင်းလင်းပြောပေးပါ။

**ဦးစိန်ကျော်မိုး၊ နွားထိုးကြီးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)။** ။ "ကျွန်တော်တို့က လျှပ်စစ်မှာဆို နွားထိုးကြီးကိုအခြေခံပြီး အဆောက်အဦမှာ ခုနဝန်ကြီးချုပ်ပြောသွားတဲ့အထဲမှာပါ သွားတယ်။ အလျားအနံတွေမသိတဲ့အတွက်စံနှုန်းဟာ ကျွန်တော်အနေနဲ့ ပြောဖို့ခဲယဉ်းပါတယ်။ ဌာနဆိုင်ရာများကသာ အသိဆုံးဖြစ်ပါတယ်။ အလျား၊ အနံတွေ ကျွန်တော်တို့ ဒီထဲမှာ အသေးစိတ် မပါတဲ့အတွက် မသိရပါဘူး။ ကျွန်တော်ကတော့ ပိုရစေချင်တာပါ။"

**ဥက္ကဋ္ဌ။** ။ ဒီက ဆုံးဖြတ်ပေးရမည့်ဟာ ခင်ဗျားပြောပါ။

**ဦးစိန်ကျော်မိုး၊ နွားထိုးကြီးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)။** ။ "လျှပ်စစ်မှာ ဒီအထဲက အနည်းဆုံးစာအုပ်ထဲမှာတင်ပြထားတဲ့ အနည်းဆုံးဈေးနှုန်းကိုအခြေခံပြီး ဆုံးဖြတ်စေချင်တာပါ။ "

**ဥက္ကဋ္ဌ။** ။ ဒါဆိုရင် ဒါကို မဲခွဲပြီး ဆုံးဖြတ်ပါမယ်။

**ဦးစိန်ကျော်မိုး၊ နွားထိုးကြီးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)။** ။ "အဆောက်အဦအနေ နဲ့"

**ဥက္ကဋ္ဌ။** ။ အဆောက်အဦ ခဏထားအုံး၊ လောလောဆယ်လျှပ်စစ်နဲ့ ပတ်သက်လို့ မဲခွဲ ဆုံးဖြတ်ပါမယ်။ လျှပ်စစ်လုပ်ငန်းနဲ့ပတ်သက်လို့ စီမံဘဏ္ဍာဝန်ကြီးဌာနမှ တင်ပြထားတဲ့ သက်ဆိုင် ရာမြို့နယ်များ၏ တန်ဖိုးကို တွက်ချက်ရာမှာ လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြထားတဲ့ နွားထိုးကြီးမြို့နယ်အတွက် တွက်ချက်တန်ဖိုးဟာ အနည်းဆုံးဖြစ်တယ်လို့ တင်ပြထားတယ်။

အခြားမြို့နယ်တွေမှာလည်း နွားထိုးကြီးမြို့နယ်နှုန်းအတိုင်း တွက်ချက်သင့်ကြောင်း တင်ပြပါတယ်။ အဲဒီတော့ ဒီတင်ပြချက်အပေါ် လွှတ်တော်ကိုယ်စားလှယ်များ၏ သဘောထားကို ရယူမှာ ဖြစ်ပါတယ်။ ဦးစိန်ကျော်မိုး၏ လျှပ်စစ်နဲ့ပတ်သက်တဲ့ တင်ပြချက်ကို ထောက်ခံတဲ့လွှတ်တော် ကိုယ်စားလှယ်များမတ်တပ်ရပ်၍ ဆန္ဒပြုရန်ဖြစ်ပါတယ်။

[ မတ်တပ်ရပ်ဆန္ဒပြုကြသည် ]

**ဥက္ကဋ္ဌ။** ။ ဆန္ဒမဲခွဲရာမှာ ကန့်ကွက်သူဦးရေဟာ (၃၇)ယောက်ဖြစ်ပါတယ်။ ထောက်ခံသူဦးရေဟာ (၃၆)ယောက် ဖြစ်ပါတယ်။ ဒါကြောင့်မို့ ထောက်ခံသူကိုယ်စားလှယ်နည်းသည့်အတွက် လွှတ်တော်ကိုယ်စားလှယ်၏ တင်ပြသည့်အဆိုနှင့်ပတ်သက်၍ ပြင်ဆင်ပေးရန် မပြုကြောင်း လွှတ်တော်က ကြေညာပါသည်။(တူထုသည်)

**ဥက္ကဋ္ဌ။** ။ ဒီတစ်ခါ ကျွန်တော်တို့ ဆောက်လုပ်ရေးနှင့်ပတ်သက်လို့ အဆောက်အဦနဲ့ ပတ်သက်လို့ လွှတ်တော်ကိုယ်စားလှယ်က ဘယ်အပေါ်မှာအခြေခံပြီး တွက်မယ်ဆိုတာ တင်ပြပေး ပါ ။

**ဦးစိန်ကျော်မိုး၊ နွားထိုးကြီးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)။** ။ "ဆောက်လုပ်ရေးမှာ တော့ကျွန်တော်အနေနဲ့က အလျားအနံ ဝန်ကြီးချုပ်ပြောသွားတာပါတဲ့အတွက် စံနှုန်းတိုင်းတာဖို့ အင်မတန်ခဲယဉ်းပါတယ်။ ဌာနဆိုင်ရာရဲ့ အနည်းဆုံးနှုန်းသာ သတ်မှတ်သင့်ပါတယ်။ ကျွန်တော် အနေနဲ့နှုန်းထားသတ်မှတ်ရန် မရှိပါဘူး။"

**ဥက္ကဋ္ဌ။** ။ အဲ့ဒီတော့ဒီအပေါ်မှာ ကန့်ကွက်မှုမရှိဘူး။

**ဦးစိန်ကျော်မိုး၊ နွားထိုးကြီးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)။** ။ "အဲ့ဒါကျွန်တော့်အနေနဲ့ နှုန်းထားကို ဒီထဲမှာအလျား၊အနံမပါတဲ့အတွက် ကျွန်တော့်အနေနဲ့ပြောဖို့ ခက်ပါတယ်။ အသေးစိတ် မပါတဲ့အတွက် ကျွန်တော့်အနေနဲ့ ပြောဖို့ခက်ပါတယ်။ ကျွန်တော်က နှိုင်းယှဉ်ထောက်ပြပြောဆိုခြင်း ဖြစ်ပါတယ်"

**ဥက္ကဋ္ဌ။** ။ ဒါဆိုရင်ဆုံးဖြတ်စရာကိစ္စမရှိဘူးပေါ့။

**ဦးစိန်ကျော်မိုး၊ နွားထိုးကြီးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)။** ။ "ကျွန်တော်ကတော့ တပြေးညီဖြစ်စေချင်တာပဲဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ စံနှုန်းသတ်မှတ်ဖို့ အင်မတန်ခဲယဉ်း ပါတယ်။ လျှပ်စစ်မှာသာ မိုင်နှင့်အိုးနှင့်သာတွေ့လို့ ပြောဆိုခြင်းဖြစ်ပါတယ်။ "

**ဥက္ကဋ္ဌ။** ။ အဆောက်အဦနဲ့ပတ်သက်၍ တွက်ချက်ထားတဲ့စာရင်းမှာ တိကျစွာ တွက်ချက်ထားခြင်းမရှိတာကြောင့် ဒီစံနှုန်းများနှင့်ပတ်သက်ပြီး ယခုလွှတ်တော်ရှေ့မှာ ပြောဆိုရန်

ခဲယဉ်းပါတယ်။ အဲ့ဒီတော့ စံနှုန်းမှန်ကန်မှုရှိစေရန်အတွက် တင်ပြခြင်းသာဖြစ်ပါတယ်။ အဲ့ဒီတော့ ဒီကိစ္စနဲ့ပတ်သက်လို့ ဆုံးဖြတ်ရန်မရှိကြောင်း ကြေညာပါတယ်။ (တူထုသည်)

ချမ်းမြသာစည်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်အောင်မိုး ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ သဘောထား ရယူခြင်း

**ဥက္ကဋ္ဌ။** ။ ချမ်းမြသာစည်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်အောင်မိုးက ဆွေးနွေးရန် ဖြစ်ပါတယ်။

**ဦးမြင့်အောင်မိုး၊ ချမ်းမြသာစည်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)။** ။ "လေးစားအပ်ပါ သော မန္တလေးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တပ်မတော်သားကိုယ်စားလှယ်၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ၊ မီဒီယာများ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်က ချမ်းမြသာစည်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးမြင့်အောင်မိုး ဖြစ်ပါတယ်။ ကျွန်တော်ဒီနေ့ဆွေးနွေးမည့်အကြောင်းအရာကတော့ ၂၀၁၇-၂၀၁၈ ခုနှစ် ဘဏ္ဍာရေးနှစ်ခန့်မှန်းခြေငွေစာရင်းအား စိစစ်တွေ့ရှိမှုအပေါ် ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါ တယ်။ မန္တလေးတိုင်းဒေသကြီး၏ ၂၀၁၇-၂၀၁၈ခု ဘဏ္ဍာရေးနှစ်ခန့်မှန်းခြေငွေစာရင်း တင်ပြမှုများ အားစိစစ်ရာတွင် ဌာန(၂၄)ဌာန၏ စာရင်းများအား စိစစ်လေ့လာတွေ့ရှိချက်များမှ မန္တလေးတိုင်း ဒေသကြီးအစိုးရအဖွဲ့ရုံးနှင့် ပြည်ထဲရေးဝန်ကြီးဌာန၊ မန္တလေး တိုင်းဒေသကြီးအထွေထွေအုပ်ချုပ် ရေးဦးစီးဌာနတို့၏ တွေ့ရှိချက်များကို အောက်ပါအတိုင်း ဆွေးနွေးလိုပါသည်။ မန္တလေးတိုင်းဒေသ ကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ၂၀၁၇-၂၀၁၈ ခု ဘဏ္ဍာရေးနှစ် နိုင်ငံပိုင်ရင်းနှီးမြှုပ်နှံမှု ငွေလုံးငွေရင်းအသုံးစရိတ်ခန့်မှန်းခြေ ငွေစာရင်းစာအုပ်စာမျက်နှာ(၅) လုပ်ငန်းစီမံကိန်းသစ်များ အတွက် ရင်းနှီးမြှုပ်နှံမှုများခေါင်းစဉ်အောက်တွင် တည်ဆောက်ရေးလုပ်ငန်းအဖြစ် သိန်းပေါင်း တစ်သောင်းလေးရာနှင့်တစ်သောင်းကျပ် (၁၀၄၀၀၁၀၀၀၀/-) တင်ပြတောင်းခံထားရာ မန္တလေး တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးမှူးတိုင်းရုံး RC (၄)ခန်းတွဲ(၄)ထပ်(၁)လုံးအား သိန်းပေါင်း နှစ်ထောင့်ကိုးရာငါးဆယ်သိန်း (၂၉၅၀)သိန်းတင်ပြထားပြီး ဝန်ထမ်းအိမ်ရာအဖြစ် အဆောက်အဦ ပေါင်း(၁၉)လုံးအား သိန်းပေါင်းခုနှစ်ထောင့် လေးရာ့ငါးဆယ်သိန်းတစ်သောင်း (၇၄၅၀၁၀၀၀၀/-) တင်ပြတောင်းခံထားပါသည်။ ဝန်ထမ်းအိမ်ရာများသည် ဝန်ထမ်းများနေထိုင်ရန်အတွက် ခွင့်ပြုသင့် ပါသော်လည်း တိုင်းရုံးအဆောက်အအုံသည် လက်ရှိအနေအထားတွင် ကောင်းမွန်တဲ့အနေအထား ရှိပါတယ်။ ဒီအတွက်တိုင်း ရုံးအဆောက်အအုံအား လတ်တလောဆောက်လုပ်ရန် မလိုအပ်သေးပါ ဘူး။ စာမျက်နှာ(၇)ရုံးအတွက် စက်ကိရိယာများ၊ ပရိဘောဂများ ခေါင်းစဉ်အောက်တွင် Toyota Corolla

Fielder (၁၄)စီး၊ သိန်းပေါင်းနှစ်ထောင့်ရှစ်ရာ(၂၈၀၀)သိန်း တင်ပြတောင်းခံထား ပါသည်။ ယာဉ်များဝယ်ယူရန်အတွက် ၂၀၁၄-၂၀၁၅ ဘတ်ဂျက်တွင် (၆၀၈)သိန်း၊ ၂၀၁၅-၂၀၁၆ ဘတ်ဂျက်တွင် သိန်း(၇၀၀)၊ ၂၀၁၆-၂၀၁၇ ဘတ်ဂျက်တွင်(၁၅၂၀)သိန်းတို့ ယာဉ်ဝယ်ယူရန် တင်ပြ တောင်းခံ၍ ဝယ်ယူထားပြီးလည်း ဖြစ်ပါသည်။ လက်ရှိတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနတွင် ယာဉ်စုစုပေါင်း(၁၂၅)စီး ရှိပါသည်။ တိုင်းရုံးတွင် (၂၂)စီး၊ မန္တလေးခရိုင်တွင် မြို့နယ် (၇)မြို့ပါ (၂၃)စီး၊ ပြင်ဦးလွင်ခရိုင်တွင် မြို့နယ်(၅)မြို့နယ်ပါ(၁၇)စီး၊ ကျောက်ဆည်ခရိုင်တွင် မြို့နယ်(၄)မြို့နယ်ပါ (၁၆)စီး၊ မိတ္ထီလာခရိုင်တွင် မြို့နယ်(၄)မြို့နယ်ပါ(၁၆)စီး၊ မြင်းခြံခရိုင်တွင် မြို့နယ်(၅)မြို့နယ်ပါ (၁၃)စီး၊ ရမည်းသင်းခရိုင်တွင် မြို့နယ်(၂)မြို့နယ်ပါ(၈)စီး၊ ညောင်ဦးခရိုင်တွင် မြို့နယ်(၂)မြို့နယ်ပါ(၁၀)စီး၊ စုစုပေါင်း(၁၂၅)စီး ရှိထားပြီးဖြစ်ပါသည်။ ထို့အတွက် ယခုတောင်းခံ သော Toyota Corolla Fielder (၁၄)စီးအား ဝယ်ယူရန် အဆောတလျင်မလိုအပ်သေးပါ။ ယခုတင်ပြတောင်းခံသည့် အဆောက်အဦအတွက် (၂၉၅၀) သိန်းနှင့် ယာဉ်ဝယ်ယူရန်အတွက် (၂၈၀၀)သိန်း၊ စုစုပေါင်း(၅၇၅၀)သိန်းအား ဖြတ်တောက်၍ တိုင်းဒေသကြီးအစိုးရ၏ ရည်မှန်းချက်နှင့်အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံချက်ဖြစ်သည့် ကျေးရွာမီးလင်းရေးလုပ်ငန်းဆောင်ရွက်မည်ဆိုပါက (၂)မိုင်အတွင်းရှိ ကျေးရွာပေါင်း(၁၆)ရွာအား ဓာတ်အားလိုင်းနှင့်အတူ (၁၀၀ ကေဗွီအေ ထရန်စဖော်မာအိုး) တို့ဖြင့် တည်ဆောက်ပေးနိုင်မည် ဖြစ်ပါတယ်။ ကျေးရွာမီးလင်းရေးလုပ်ငန်းအားတင်ပြတောင်းခံရခြင်းမှာ ၂၀၁၆-၂၀၁၇ တိုင်းဒေသကြီးဘတ်ဂျက်ဖြင့် ကျေးရွာပေါင်း(၁၂၄)ရွာမီးလင်းရေးခွင့်ပြု ဆောင်ရွက်ခဲ့ပြီး ယခု ၂၀၁၇-၂၀၁၈ ဘတ်ဂျက်တွင် ကျေးရွာ (၇၀)သာ ခွင့်ပြု ထားပြီး တင်ပြတောင်းခံထားတာကို ကျွန်တော်တို့ပြည်သူ့ကိုယ်စားပြုပြီး တက်လာတဲ့ ပြည်သူ့ အစိုးရအနေနှင့် ကျေးရွာများ ပိုမိုမီးလင်းစေရန်ရည်ရွယ်ပြီး တောင်းဆိုရခြင်း ဖြစ်ပါတယ်။ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးမှ ၂၀၁၇-၂၀၁၈ ခုနှစ် ဘဏ္ဍာရေးနှစ် ခန့်မှန်းခြေငွေစာရင်း (ငွေလုံး ငွေရင်း) စာအုပ်စာမျက်နှာ(၁) လုပ်ငန်းစီမံကိန်းသစ်များ ခေါင်းစဉ်အောက်တွင် ခရိုင်/မြို့နယ် စုပေါင်းရုံး(၂)ရုံးဆောက်လုပ်ရန် သိန်း(၃၀၀၀၀)(ကျပ်သိန်းပေါင်းသုံးသောင်း) တင်ပြတောင်းခံထားပါတယ်။ ၂၀၁၅-၂၀၁၆ ဘတ်ဂျက်တွင် (၁၄၈၀၀)သိန်းဖြင့်(၁)ရုံး၊ ၂၀၁၆-၂၀၁၇ ဘတ်ဂျက်တွင် သိန်း(၃၀၀၀၀)ခရိုင်ရုံး(၂)ရုံးတည်ဆောက်ခဲ့ပြီးဖြစ်ပါသည်။ လက်ရှိတင်ပြတောင်းခံသော စုပေါင်းရုံး(၂)ရုံးသည် မည်သည့်မြို့နယ်/ခရိုင်တွင် တည်ဆောက်မည်ကို မသိရှိရသော်လည်း လက်ရှိတွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှာ ဌာနဆိုင်ရာရုံးများ ရှိပြီးဖြစ်ပါတယ်။ လက်ရှိရှိပြီးရုံးများအား ဆက်လက်အသုံးပြုပြီး နောင်ဘတ်ဂျက်များပိုလျှံမှ တည်ဆောက်မည်ဆိုပါက ပိုမို၍ သင့်တော်ပါတယ်။ စီမံဘဏ္ဍာဝန်ကြီးကလည်း ပြောသွားတာ ရှိပါတယ်။ တိုင်းဒေသကြီးဘတ်ဂျက်

ကလည်း အနုတ်လက္ခဏာရှိနေပါတယ်။ ကြွေးမြီတွေလည်း ရှိနေပါတယ်။ ဘတ်ဂျက်က မတောင့်တင်းသေးတဲ့အချိန်မှာ ဒီလိုအဆောက်အဦတွေ မဆောက်သေးဘဲနဲ့ ပြည်သူတွေအတွက် အကျိုးရှိတဲ့လုပ်ငန်းတွေလုပ်မယ်ဆိုရင် အများကြီးအသုံးတည့်မှာ ဖြစ်ပါတယ်။ ၂၀၁၇-၂၀၁၈ ခု ဘဏ္ဍာရေးနှစ်မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ အခြားခေါင်းစဉ်အောက်ရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်း (၈၁၃၀) သိန်းသာတင်ပြတောင်းခံထားပြီး လက်ရှိဆောက်ရန်မှာ (၂)ရုံးဆောက်ရန်မှာ သိန်း(၃၀၀၀၀) တင်ပြတောင်းခံထားပါတယ်။ ယခုတင်ပြတောင်းခံသည့် ခရိုင်/မြို့နယ် စုပေါင်းရုံး(၂)ရုံး သိန်း(၃၀၀၀၀)အားဖြတ်တောက်၍ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေလုပ်ငန်းများတွင်လည်းကောင်း၊ ကျေးရွာမီးလင်းရေး(ရွာပေါင်း၁၀၀)အတွက်လည်းကောင်း၊ မဖွံ့ဖြိုးသေးသောကျေးရွာများတွင် ကျေးလက်လမ်းများဖောက်လုပ်မည်ဆိုပါက ကျေးလက်လမ်း (၇၅)မိုင်၊ ကတ္တရာလမ်း(၃၃)မိုင်အား ဖောက်လုပ်ပေးနိုင်မည်ဖြစ်၍ ကျေးရွာများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း တင်ပြဆွေးနွေးအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင် ပါတယ်။"

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ချမ်းမြသာစည်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်အောင်မိုးက မန္တလေးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက တင်ပြတောင်းခံထားသည့် အဆောက်အဦနှင့်ယာဉ်များအတွက် သိန်းပေါင်း(၅၇၅၀)သိန်းကို ကျေးရွာမီးလင်းရေး ကျေးရွာပေါင်း(၁၆)ရွာအတွက် ဘဏ္ဍာငွေပြောင်းလဲလျာထားပေးရန်နှင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ တင်ပြထားသည့် စုပေါင်းရုံး(၃)ရုံး ကျပ်သိန်းပေါင်း(၃၀၀၀၀)ကို ကျေးရွာမီးလင်းရေး ရွာပေါင်း(၁၀၀)အပါအဝင် မဖွံ့ဖြိုးသေးသည့် ဒေသများအတွက် ကျေးလက်လမ်း(၇၅)မိုင်၊ ကတ္တရာလမ်း (၃၃)မိုင် ဖောက်လုပ်ရန်အတွက် ဘဏ္ဍာငွေပြောင်းလဲလျာထားပေးပါက ပြည်သူအတွက် အကျိုးရှိမည်ဖြစ်ကြောင်း တင်ပြသွားပါတယ်။ သက်ဆိုင်ရာဝန်ကြီးက ရှင်းလင်းတင်ပြရန် ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးမျိုးမင်းအောင်၊ ဝန်ကြီး၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန**။ ။"ဒုတိယ အကြိမ်မန္တလေးတိုင်းဒေသကြီးလွှတ်တော် အရေးပေါ်အစည်းအဝေး(၁/၂၀၁၆)သို့ တက်ရောက် လာသောလွှတ်တော်ဥက္ကဋ္ဌကြီး၊ ဒုတိယဥက္ကဋ္ဌ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဧည့်သည်တော်များနှင့် သတင်းမီဒီယာများအားလုံး၊ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာပထမ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော် ကတော့မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနတွင်တာဝန်ထမ်းဆောင်နေသော ဗိုလ်မှူးကြီး မျိုးမင်းအောင် ဖြစ်ပါတယ်။ ဒီကနေ့ ကျွန်တော်တို့

လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးမြင့်အောင်မိုး တင်ပြထားတဲ့ လုပ်ငန်းအရေးအတွက်တွေကနေပြီး တော့မှ ပြောင်းလဲသုံးစွဲဖို့တင်ပြလာတဲ့ မဖွံ့ဖြိုးသေးတဲ့ ကျေးရွာတွေကျေးလက်တွေမှာ ကတ္တရာလမ်းတွေဖောက်လုပ်ပေးရင် ပိုမိုဖွံ့ဖြိုးတိုးတက်လာမှာဆိုပြီးတော့ တင်ပြတဲ့အတွက် ပြည်သူလူထုအတွက် စဉ်းစားပြီး အကျိုးရှိမယ့်လုပ်ငန်းဖြစ်ပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ရဲ့ တင်ပြရေးဆွဲထားတဲ့ အစီအမံတွေအရသည်လည်း ဌာနတွေရဲ့လုပ်ငန်း လိုအပ်ချက်သဘော သဘာဝတွေပါဝင်တယ် ဆိုတာကို အနည်းငယ်တင်ပြလိုပါတယ်။ ကျွန်တော်တို့မန္တလေးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ် ရေးဦးစီးဌာန တည်ဆောက်ရေးလုပ်ငန်းများအဖြစ်တင်ပြထားတဲ့ တိုင်းရုံး အာရ်စီ(၄)ခန်းတွဲ (၄) ထပ်တစ်လုံး သိန်းပေါင်း(၂၉၅၀)သိန်း၊ ဝန်ထမ်းအိမ်ရာအဆောက်အဦ(၁၉)လုံး၊ (၇၄၅၀)သိန်းနှင့် တစ်သောင်း တင်ပြထားတာဖြစ်ပါတယ်။ အဲဒီမှာ စာသားသဘောတရားအရ တိုင်းရုံးလို့သုံးထားတဲ့ အတွက် ရုံးဌာနမဟုတ်ပါဘူး၊ တိုင်းရုံး ကျွန်တော်တို့ဒီမန္တလေးတိုင်းရုံးမှာရှိတဲ့ ရုံးဌာနထွေအုပ်မှာ ထမ်းဆောင်နေတဲ့ ရုံးဝန်ထမ်းများနေထိုင်ဖို့အတွက် (၄)ခန်းတွဲအဆောက်အဦ ဖြစ်ပါတယ်။ အဲ့ဒီ အတွက်ကြောင့်မိုလို့ ဒါသည်လည်းဝန်ထမ်းအိမ်ရာဖြစ်တဲ့အတွက် ရေးထားတာကတော့ တိုင်းရုံးလို့ ဖြစ်နေတဲ့အတွက် ဒီလိုသဘောတရား နားလည်မှုလေးလွဲနိုင်ပါတယ်။ အဲ့ဒီတော့ ကျွန်တော်တို့တင်ပြ ထားတဲ့အထဲမှာ ဒီဝန်ထမ်းအိမ်ရာတွေ ဆောက်လုပ်ဖို့တင်ပြခြင်းသည်လည်း ကျွန်တော်တို့ထွေအုပ် ရဲ့ဝန်ထမ်းအင်အားဟာ (၃၃၈၂)ဦး ရှိပါတယ်။ အဆောက်အဦပေါင်းက (၄၀)ရှိပါတယ်။ အဲဒီမှာ ကျွန်တော်တို့အိမ်ရာတည်ဆောက်မှုအနေနဲ့ တိုင်းတစ်တိုင်းလုံးဝန်ထမ်းအင်အားရဲ့ ၃% ပဲတည်ဆောက်နိုင်သေးတဲ့အနေအထား ရှိနေပါတယ်။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအနေနဲ့ ပြန်ကြည့်မယ်ဆိုရင် တိုင်းတစ်တိုင်းလုံးဝန်ထမ်းအင်အားရဲ့ ၁၀% ပဲအိမ်ရာတည်ဆောက်နိုင်ပါသေးတယ်။ (၉၀%) ကတည်ဆောက်ပေးနိုင်ခြင်း မရှိသေးပါဘူး။ ဒါကြောင့်မိုလို့ အိမ်ရာမရရှိသေးတဲ့ ဝန်ထမ်းတွေအနေနဲ့ကျတော့ ကိုယ်ပိုင်အိမ်ရှိတဲ့ဝန်ထမ်းတွေအနေနဲ့က ကိုယ်ပိုင်အိမ်မှာ နေလို့ရပေမယ့်လည်း ကိုယ်ပိုင်အိမ်မရှိတဲ့ဝန်ထမ်းတွေကျတော့ အိမ်ငှါးပြီးတော့ နေထိုင်နေရတာ ဖြစ်ပါတယ်။ အဲဒီလိုအိမ်ငှါးပြီးတော့ နေထိုင်ရပေမယ့်လည်း အိမ်ငှါးရမ်းခ ရရှိခြင်းမရှိပါဘူး။ အဲဒီအတွက်ကြောင့်မိုလို့ ကျွန်တော်တို့လာမယ့် ၂၀၁၇-၂၀၁၈ ဘတ်ဂျက်မှာ အဆောက်အဦတွေလည်း ခန်းမှန်းပြီးတော့မှ တွက်ချက်တင်ပြခဲ့ပါတယ်။ အဲဒီလို တွက်ချက်တင်ပြတဲ့အထဲကနေပဲ (၁.၄)ဘီလီယံ အဖြတ်ခံပြီးမှ ယခုတင်ပြခဲ့တဲ့ အဆောက်အဦတွေကို ရရှိခဲ့ခြင်းဖြစ်ပါတယ်။ တင်ပြထားတဲ့အထဲကမှ (၁.၄) ဘီလီယံဖြတ်ပြီးတော့မှ ပြန်စိစစ်ခဲ့ရတာ ဖြစ်ပါတယ်။ ဝန်ထမ်းအိမ်ရာအဆောက်အဦတွေဟာဆိုလို့ ရှိရင်လည်း ကျွန်တော်တို့ မဖြစ်မနေလိုအပ်တဲ့အတွက် အနည်းဆုံးလိုအပ်ချက်ကိုသာ ဝန်ထမ်းတွေ အတွက်တင်ပြတောင်းခံထားခြင်းဖြစ်ကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အဲဒီမှာ ကျွန်တော်

တို့တစ်ချက်မေးထားတဲ့အထဲမှာ ဈေးနှုန်းလျာထားချက်အခြေအနေတွေ တစ်လုံးနဲ့တစ်လုံး မတူညီတာတွေ ဖော်ပြထားပါတယ်။ ဒါတွေနဲ့ပတ်သက်လို့ အဆောက်အဦးတွေဟာဆိုလိုရှိရင် ဝန်ထမ်း အိမ်ရာလို့ အခေါ်အဝေါ်ကတော့တူပါတယ်။ ဒါပေမယ့် ဝန်ထမ်းအိမ်ရာ တစ်လုံးနဲ့တစ်လုံးပုံစံအနေနဲ့ Drawing ဆွဲတဲ့နေရာမှာ ကိုက်ညီမှုမရှိပါဘူး။ တူညီမှု မရှိနိုင်ပါဘူး။ နောက်တစ်ချက်က ပြောရမယ် ဆိုလို့ရှိရင် ဝန်ထမ်းအိမ်ရာတော့မှန်ပါတယ် ရာထူးအဆင့်အလိုက် ဝန်ထမ်းအဆောက်အဦပုံစံသည်လည်းသတ်မှတ်ချက်က မတူညီနိုင်ပါဘူး။ နောက်တစ်ချက်က ဘာမှာသွားပြီးတော့ ကွဲလွဲနိုင်သလဲ ဆိုရင် အဆောက်အဦဆောက်ဖို့အတွက် ဝန်ထမ်းအိမ်ရာဆောက်ဖို့အတွက်ရရှိတဲ့မြေရဲ့ အကျယ်အဝန်းပေါ်မှာမူတည်ပြီးတော့မှ ဝင်ဆန့်မှုအရအဆောက်အဦရဲ့ အတိုင်းအတာတွေလည်း တူညီမှုမရှိနိုင်ပါဘူး၊ နောက်တစ်ခါ နေရာဒေသတစ်ခုတည်းမှာ ဆောက်လုပ်တာ မဟုတ်ပါဘူး။ ဒေသအလိုက်အဆောက်အဦ ဆောက်လုပ်တဲ့အခါမှာ ပစ္စည်းတွေအတွက် လိုအပ်တဲ့ဈေးနှုန်းကွာခြားချက်ကလည်း အကြောင်းအချက်တစ်ခုအနေနဲ့ ကွဲလွဲမှုရှိနိုင်ပါတယ်။ အဲ့တော့ ဒီလုပ်ငန်းတွေကို ကျွန်တော်တို့တင်ပြီးတော့ သုံးစွဲတဲ့အခါမှာ တင်ဒါတွေခေါ်တယ်။ တင်ဒါမှာလည်း တချို့ဒီငွေတွေကို ကြမ်းခင်းဈေးသတ်မှတ်ပြီးတော့ ဖြတ်တောက်ပါတယ်။ ဖြတ်တောက်လို့ပိုတဲ့ငွေတွေကိုလည်း ဘတ်ဂျက်ပိုငွေဆိုပြီးတော့ ယခင်နှစ်ကပြန်လည်အပ်နှံ၊ နိုင်ငံတော်အတွက် ပြန်လည်အပ်နှံပြီးတော့ အသုံးပြုရတာဖြစ်ပါတယ်။ ဒီငွေတွေအားလုံး သုံးစွဲမှုကိုလည်း သက်ဆိုင်ရာငွေစာရင်းကို စစ်ဆေးရတဲ့ဌာနကနေ စစ်ဆေးအကြံပြုပြီး သက်ဆိုင်ရာအဆောက်အဦတည်ဆောက်ရေးကော်မတီ အဆင့်ဆင့်တည်ဆောက်နေစဉ်မှာသော်လည်းကောင်း၊ တည်ဆောက်ပြီးစဉ်မှာသော်လည်းကောင်း လာရောက်စစ်ဆေးအတည်ပြုမှသာ ဒီငွေတွေကိုအတည်အဖြစ် သုံးစွဲရတာဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဒီငွေဈေးနှုန်းလျာထားမှုကို မတူညီနိုင်တာတွေရှိနိုင်ကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ နောက်တစ်ခုကတော့ ကျွန်တော်တို့ မန္တလေးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရဲ့ စက်ကိရိယာပစ္စည်းများ၊ ပရိဘောဂများခေါင်းစဉ်အောက်ကနေပြီးတော့မှ ကျွန်တော်တို့တင်ပြထားတဲ့ Toyota Corolla Fielder (၁၄)စီးအတွက် သိန်းပေါင်း(၂၈၀၀) တင်ပြတောင်းခံထားတာ ဖြစ်ပါတယ်။ အဆိုပါကား(၁၄)စီးဆိုတဲ့နေရာမှာလည်း ကျွန်တော်တို့ မန္တလေးတိုင်းဒေသကြီးမှာ ခရိုင်(၇)ခုရှိပါတယ်။ ခရိုင်တစ်ခုကို (၂)စီးနှုန်းနဲ့ လျာထားတွက်ချက်ပြီးတော့မှ တင်ပြတောင်းခံ ခြင်းဖြစ်ပါတယ်။ ခရိုင်တိုင်းမှာပြန်ကြည့်မယ်ဆိုလို့ရှိရင်လည်း ကျွန်တော်တို့ ဌာနဆိုင်ရာအနေနဲ့ ခရိုင်ဖွဲ့စည်းပုံအရ ညွှန်ကြားရေးမှူး (၁)ဦးရှိပါတယ်။ ညွှန်ကြားရေးမှူးတစ်ဦးအတွက် သတ်မှတ် ဖွဲ့စည်းပုံသည် ယာဉ်(၂)စီးဖြစ်ပါတယ်။ ဒုတိယညွှန်ကြားရေးမှူးတစ်ဦးရှိပါတယ်။ သူ့အတွက် ကတော့သတ်မှတ်ဖွဲ့စည်းပုံ (၁)စီးဖြစ်ပါတယ်။ လက်ထောက်ညွှန်ကြားရေးမှူး(၂)ဦးရှိပါတယ်။ သူ့အတွက်သည်လည်း (၁)ယောက်ကို

(၁)စီးပေးတဲ့အတွက် ယာဉ်(၂)စီးလိုအပ်မှာဖြစ်ပါတယ်။ ဦးစီးအရာရှိ(၄)ဦး ရှိပါတယ်။ ဦးစီးအရာရှိကတော့ (၂)ဦးကို (၁)စီးနှုန်းနဲ့ (၄)ဦးကို (၂)စီး ဖွဲ့စည်းပုံ သတ်မှတ်ထားပါတယ်။ နောက်တစ်ခါကျတော့ ခရိုင်တစ်ခုအတွက်ဖွဲ့စည်းပုံအရ အရာရှိ(၈)ဦးမှာ ယာဉ်ဖွဲ့စည်းပုံ (၇)ဦးလိုအပ်ချက်၊ သတ်မှတ်ချက် ရှိပါတယ်။ အဲ့ဒီထဲကမှ လက်ရှိမှာ ဒီဖွဲ့စည်းပုံ (၇)စီးမှာ (၃)စီးသာရရှိထားခြင်း ဖြစ်ပါတယ်။ အဲ့တော့ ဖွဲ့စည်းပုံအရ ခန့်အပ်ထားပြီးဖြစ်တဲ့အတွက် ခေတ်နဲ့လျှော်ညီတဲ့ ဖွဲ့စည်းပုံအရေအတွက် လိုအပ်ချက်အရ လျာထားတောင်းခံရခြင်းဖြစ်ပါတယ်။ အဲ့ဒီထဲကမှယာဉ်(၁)စီးကို သိန်း(၂၀၀)ဆိုပြီးတော့ လျာထားတွက်ချက် တင်ပြထားရခြင်းမှာလည်း ဘတ်ဂျက်မှာ ဒီလိုတင်ပြလို့ရှိရင် အတိုးအလျော့၊ အပြောင်းအလဲ ဖြစ်နိုင်တာတစ်ချက်ပါဝင်ပါ တယ်။ ယာဉ်ဈေးနှုန်းသည်လည်း ယခုလက်ရှိအနေအထားအရ ကျွန်တော်တို့ ဘတ်ဂျက်တင်ပြ တောင်းခံသူအနေနဲ့ ဘတ်ဂျက်ခွင့်ပြုချိန်မှာ အတက်အကျရှိလာနိုင်ပါတယ်။ မော်ဒယ်သတ်မှတ် ချက်အရလည်း ဈေးနှုန်းအပြောင်းအလဲ ရှိလာနိုင်တာဖြစ်တဲ့အတွက် လျာထားပြီးတော့မှ သတ်မှတ် တင်ပြရခြင်းဖြစ်ပါတယ်။ အမှန်တကယ်ဝယ်ယူ သုံးစွဲတဲ့အခါမှာတော့ တင်ဒါခေါ်ယူပြီးတော့မှ စာရင်းဇယားတွေကို ငွေစာရင်းအစစ်ဆေးခံပြီးတော့မှပဲ အဲ့ဒီဘတ်ဂျက်ငွေသုံးဖို့ ဝယ်ယူတဲ့အချိန်မှာ ပေါက်ဈေးအရ ခွင့်ပြုတဲ့ငွေစာရင်းအရသာ စစ်ဆေးခံသုံးစွဲသွားရမှာဖြစ်ပါကြောင်း ဖြေကြားအပ်ပါ တယ်။ နောက်တစ်ခုကတော့ ကျွန်တော်တို့မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး လုပ်ငန်းစီမံကိန်း သစ်များ ခေါင်းစဉ်အောက်မှာ တင်ပြထားတဲ့ ခရိုင်/မြို့နယ် စုပေါင်းရုံး(၂)ရုံး ဆောက်လုပ်ဖို့အတွက် ငွေကျပ်သိန်းပေါင်း (၃၀၀၀၀/-) တင်ပြထားခြင်းဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်လို့ ရှင်းလင်းတင်ပြရ ရင် ၂၀၁၅-၂၀၁၆ ခုနှစ်ဘတ်ဂျက်မှာ စုပေါင်းရုံးပြင်ဦးလွင်ခရိုင်မှာ (၁)လုံး ဆောက်လုပ်ခဲ့ပြီး ဖြစ်ပါတယ်။ ၂၀၁၆-၂၀၁၇ ခုနှစ် ဘတ်ဂျက်မှာလည်း ကျောက်ဆည်ခရိုင်မှာ (၁)လုံးနဲ့ မန္တလေးခရိုင်၊ အမရပူရမြို့နယ်မှာ (၁)လုံး ဆောက်လုပ်ခဲ့ပြီး ဖြစ်ပါတယ်။ အဲ့ဒီအတွက်ကြောင့်မို့လို့ ခရိုင်(၃)ခုအား ဆောက်လုပ်ပြီးဖြစ်သည့်အတွက် မန္တလေးတိုင်းဒေသကြီးအနေနဲ့ ကျန်ခရိုင်(၄)ခုမှာ ဆောက်လုပ်ရန် ကျန်ရှိပါတယ်။ ၂၀၁၇-၂၀၁၈ ခုနှစ်ဘတ်ဂျက်မှာ ဒီကျန်ရှိတဲ့ခရိုင်(၄)ခုထဲကနေမှ ခရိုင်(၂)ခုအတွက် (၂)လုံးဆောက်လုပ်ရန် လျာထားတင်ပြခဲ့ခြင်းဖြစ်ပါတယ်။ အဲ့ဒီမှာကျွန်တော်အနည်းငယ် ဖြည့်စွက် တင်ပြလိုတာကတော့ အထူးကိစ္စရပ်များအတွက် ထောက်ပံ့ငွေဆိုင်ရာမူဝါဒ ညွှန်ကြားချက်များ လိုက်နာဆောင်ရွက်ရေးကိစ္စများအရ စုပေါင်းရုံးများနှင့် ပြည်သူ့ဝန်ဆောင်မှုရုံးများ (OSS) ဖွံ့ဖြိုး တိုးတက်လာစေရေးအတွက် တိုင်းဒေသကြီး/ ပြည်နယ်များရှိ ခရိုင်များအလိုက် ခရိုင်/မြို့နယ် စုပေါင်းရုံးများအား ဘဏ္ဍာရေးနှစ်အလိုက် ဆောင်ရွက်မည့်ရုံးများကို သတ်မှတ်တွက်ချက်၍ ဆက် လက်အကောင်အထည်ဖော်နိုင်ရေး ဒေသအစိုးရအဖွဲ့များမှ စီမံချက်ချမှတ်ဆောင်ရွက်သွားရန် ညွှန်

ကြားထားရှိခဲ့ပါသည်။ လက်ရှိအစိုးရအနေနဲ့လည်း ယခင်အစိုးရလက်ထက် ကော်မတီအများစုကို ပယ်ဖျက်ခဲ့ပေမယ့်လည်း ယခုတင်ပြထားတဲ့ စုပေါင်းရုံးများ (OSS) ရုံးများအတွက် ပယ်ဖျက်ခဲ့ခြင်း မပြုဘဲနဲ့ အဆိုပါ (OSS) ရုံးများဟာ (One Stop Service) စုပေါင်းရုံးရဲ့အောက်မှာ ဖွင့်လှစ်ဆောင်ရွက်ရမှာဖြစ်တယ်ဆိုပြီးတော့ ဆက်လက်ပြီးတော့ ဆောင်ရွက်ခိုင်းထားပါတယ်။ အဲဒီအတွက်ကြောင့်မို့လို့ နှစ်စဉ်စီမံကိန်းများအတွက် ကျွန်တော်တို့က (၃)နှစ်စာ ကြိုတင်ရေးဆွဲပြီးတော့မှ ဒေသန္တရစီမံကိန်းများအဖြစ် တင်ပြထားရှိခဲ့ပါတယ်။ သို့ဖြစ်၍(၃)နှစ်အတွင်းမှာ ခရိုင်များမှာ (OSS) ရုံး၊ စုပေါင်းရုံးတွေ အပြီးဆောက်လုပ်ရမှာဖြစ်တဲ့အတွက် ဆောက်လုပ်ရန်ကျန်ရှိတဲ့ ခရိုင် (၄)ခုအတွက် (၁)နှစ်လျှင် (၂)ရုံးနှုန်း၊ ဆောက်လုပ်နိုင်ဖို့အတွက် ယခုလာမယ့် ၂၀၁၇-၂၀၁၈ ခုနှစ် ဘတ်ဂျက်အတွက် (၂)လုံး ရေးဆွဲပြီးတော့မှ တင်ပြခဲ့ရခြင်း ဖြစ်ပါတယ်။ အဆောက်အဦ(၁)လုံးရဲ့ တန်ဖိုးကို (၁.၅)ဘီလီယံ၊ ကျပ်သိန်းပေါင်း (၁၅၀၀၀/-)ကို တွက်ချက်တင်ပြထားရခြင်းကလည်း ပြည်ထောင်စုအစိုးရရဲ့မူနဲ့ ဒီဇိုင်းသတ်မှတ်ချက်အတိုင်းသာ တွက်ချက်တင်ပြထားရခြင်းဖြစ်ပါ ကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်"

**ဥက္ကဋ္ဌ**။ ။ ချမ်းမြသာစည်မြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၂) လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်အောင်မိုး၏ သဘောထားပြောရန် ဖြစ်ပါတယ်။

**ဦးမြင့်အောင်မိုး၊ ချမ်းမြသာစည်မြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၂)**။ ။ "လေးစားအပ် ပါသောလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဝန်ကြီးရှင်းလင်းသွားတဲ့အချက်တွေကလည်း အင်မတန်မှ ကောင်းမွန်တဲ့အချက်တွေ ဖြစ်ပါတယ်။ သို့သော်လည်း ဒီမှာဝန်ထမ်းအိမ်ရာဆောက်လုပ်ရန်အတွက် ဝန်ထမ်းအိမ်ရာပေါင်းများစွာကို ခွင့်ပြုထားပြီးဖြစ်ပါတယ်။ အဖြတ်အတောက်လည်း မရှိပါဘူး။ ဆောက်လုပ်ရေးဝန်ကြီးဌာနကလည်း ဝန်ထမ်းအိမ်ရာတွေကို မြို့နယ်တိုင်းမှာ ဆောက်လုပ်ပြီးတာကိုလတ်တလောမှာလည်း တွေ့ရှိရပါတယ်။ အဲဒီအတွက် ဒီငွေကိုဖြတ်တောက်ပြီး သုံးစွဲမယ်ဆိုတဲ့ နေရာကလည်း အစိုးရအဖွဲ့ရဲ့ရည်ရွယ်ချက်တစ်ခုဖြစ်တဲ့ ကျေးရွာမီးလင်းရေးအတွက် တောင်းဆိုခြင်းဖြစ်ပါတယ်။ ကားတွေကလည်း လက်ရှိတိုင်းအထွေထွေအုပ်ချုပ်ရေးဌာနရုံးမှာ (၂၂)စီးမှာ အပိုမသုံးပါဘူး။ ပိုနေတာလည်း မတွေ့ရပါဘူး။ လေ့လာတွေ့ရှိချက်အရခရိုင်တစ်ခုမှာ ကား(၃)စီးနှင့် မြို့နယ်(၁)မြို့နယ်မှာ အနည်းဆုံးကား(၃)စီးရှိတဲ့အတွက် ဘတ်ဂျက်အခက်အခဲဖြစ်နေတဲ့အချိန်မှာ ယာယီအစားထိုး အသုံးပြုခြင်းအားဖြင့် အင်မတန်မှ သင့်တော်မယ်လို့ယူဆပါတယ်။ အဲဒီတော့ ပြည်သူတွေအတွက် အကျိုးရှိမည့်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေကို လုပ်ဆောင်နိုင်မှာ ဖြစ်ပါတယ်။ ခရိုင်ရုံး၊ စုပေါင်းရုံးဆိုတာ မူဝါဒတွေချခဲ့တာ လမ်းညွှန်ခဲ့တယ်ဆိုတာ မှန်ပါတယ်။ ဒါပေမဲ့ လတ် တလောမှာ အစိုးရသစ်နောက်ပိုင်းမှာ ဘတ်ဂျက်ကြွေးမြီတွေများလာတာကို ရင်ဆိုင်နေရတာ ဖြစ်ပါ တယ်။

ဘတ်ဂျက်မတောင့်တင်းသေးတဲ့အချိန်မှာ ရှိပြီးသားရုံးတွေကို ဆက်လက်အသုံးပြုပြီးတော့ ဘတ်ဂျက်တောင့်တင်းတော့မှပဲ နောက်ဘဏ္ဍာရေးနှစ်တွေမှပဲ ဒီရုံးတွေဆောက်မယ်ဆိုရင် သင့်တော်မယ်ယူဆပါတယ်။ အဲဒီအတွက် ဒီငွေတွေကိုလည်း တကယ်အကျိုးရှိမည့် တိုင်းဒေသကြီးအစိုးရရဲ့ Town Plan အတွင်းမှာဒေသဖွံ့ဖြိုးရေးက သိန်းပေါင်း(၈၁၉၀)ကို တောင်းခံထားတာဖြစ်ပါတယ်။ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် သိန်းပေါင်း(၃၀၀၀၀)တောင်းထားပါတယ်။ မီးဘေးနှင့် သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ကမ်းပြိုကာကွယ်ရေးအတွက် သိန်းပေါင်း(၁၃၀၀)ကျော် တောင်းထားပါတယ်။ ဒီဘတ်ဂျက်တွေထဲကပဲ စိုက်ပျိုးရေးဝန်ကြီးပြောတာရှိပါတယ်။ ပြည်သူတွေတောင်းထားတာတွေ ဒီဘတ်ဂျက်တွေကပဲ သုံးစွဲမယ်လို့ ပြောထားပါ တယ်။ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းအား (၈၁၉၀) ကအင်မတန် နည်းပါးနေပါတယ်။ ဒီနေရာမှာ ဒီငွေတွေကိုသုံးစွဲမယ်ဆိုရင် တိုင်းဒေသကြီးအတွက် ဖွံ့ဖြိုးရေးလုပ်ငန်းတွေ အများကြီးဆောင်ရွက်နိုင်မယ်လို့ ယူဆပါတယ်။ အဲဒီအတွက် ကျွန်တော်က လွှတ်တော်ရဲ့အဆုံးအဖြတ်ကို ရယူပါမယ်။"

**ဥက္ကဋ္ဌ**။ ။ ဝန်ကြီး၏ရှင်းလင်းတင်ပြမှုနှင့်ပတ်သက်၍ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်အောင်မိုးက လွှတ်တော်၏သဘောထားရယူလိုကြောင်း တင်ပြလာသည့်အတွက်အဆိုကို ခွင့်ပြုရန် သင့်/မသင့် မတ်တပ်ရပ်ဆန္ဒပြုသည့်နည်းလမ်းဖြင့် လွှတ်တော်၏ သဘောထားရယူသွားမှာ ဖြစ်ပါတယ်။ ဦးမြင့်အောင်မိုး၏တင်ပြချက်ကို ထောက်ခံသည့် လွှတ်တော်ကိုယ်စားလှယ်များ မတ်တပ်ရပ်ဆန္ဒပြုရန်ဖြစ်ပါတယ်။

[ မတ်တပ်ရပ် ဆန္ဒပြုကြပါသည် ]

**ဥက္ကဋ္ဌ**။ ။ ထောက်ခံသည့်လွှတ်တော်ကိုယ်စားလှယ်အရေအတွက်(၄၉)ဦး ဖြစ်ပါတယ်။ ထို့ကြောင့် ထောက်ခံသည့်လွှတ်တော်ကိုယ်စားလှယ် အရေအတွက်များသည့်အတွက် လွှတ်တော်ကိုယ်စားလှယ်တင်ပြချက်အတိုင်း ဘဏ္ဍာငွေပြောင်းလဲလျာထားပြင်ဆင်ပေးရန် အတည်ပြုကြောင်း လွှတ်တော်ကကြေညာပါတယ်။ (တူထုသည်)

## နံနက်ပိုင်းအစည်းအဝေး ခေတ္တရပ်နားခြင်း

**ဥက္ကဋ္ဌ**။ ။ ကျွန်တော်တို့အစည်းအဝေးကို နေ့လည်ပိုင်း နားပါမယ်။ (၁၃:၃၀)နာရီမှာ ပြန်လည်စတင်မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ယခု မန္တလေးတိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါတော့မယ်ရှင်။

[ လွှတ်တော်ဥက္ကဋ္ဌ အစည်းအဝေးခန်းမအတွင်းမှ ထွက်ခွာသည်။ ]

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီရှင်။

[ဒုတိယအကြိမ်မန္တလေးတိုင်းဒေသကြီးလွှတ်တော် အရေးပေါ်အစည်းအဝေး (၁/၂၀၁၆) ဒုတိယနေ့ နံနက်ပိုင်းကို (၁၁:၅၅)နာရီ အချိန်တွင် ရပ်နားပါသည်။ ]

**နေ့လည်ပိုင်းအစည်းအဝေးဆက်လက်ကျင်းပခြင်း**

မန္တလေးတိုင်းဒေသကြီး လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် အရေးပေါ်အစည်းအဝေး (၁/၂၀၁၆)ဒုတိယနေ့ကို နေ့လည်ပိုင်း (၁၃:၃၀) နာရီ အချိန်တွင် ပြန်လည်ကျင်းပပါသည်။

[ မန္တလေးတိုင်းဒေသကြီးလွှတ်တော် အရေးပေါ်အစည်းအဝေး (၁/၂၀၁၆) ဒုတိယနေ့ နေ့လည်ပိုင်းအစီအစဉ်ကို ကြီးကြပ်ကွပ်ကဲသူအဖြစ် တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဦးအောင်ကျော်ဦးက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဒေါ်ခင်မြမြ၊ ညွှန်ကြားရေးမှူး၊ လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၃:၃၀။**

**အခမ်းအနားမှူး။** ။ လေးစားရပါသော လွှတ်တော်ကိုယ်တော်ကိုယ်စားလှယ်များ ဧည့်သည်တော်များရှင်။ မကြာမီအချိန်အတွင်းမှာ အစည်းအဝေးကျင်းပတော့မှာ ဖြစ်တဲ့အတွက် နေရာယူပေးကြပါရန် လေးစားစွာပန်ကြားအပ်ပါတယ်ရှင်။ ဒုတိယအကြိမ် မန္တလေးတိုင်းဒေသကြီး လွှတ်တော် အရေးပေါ်အစည်းအဝေး (၁/၂၀၁၆) ဒုတိယနေ့ နေ့လည်ပိုင်းအစီအစဉ် စတင်တော့မှာဖြစ်ပါတယ်။

**မန္တလေးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း**

**အခမ်းအနားမှူး။** ။ မန္တလေးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌကြွရောက်လာပါပြီရှင်။

[ မန္တလေးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီရှင်။

**မြစ်သားမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) လွှတ်တော်ကိုယ်စားလှယ် ဒေါ်သင်းမြမြသင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ သဘောထားရယူခြင်း**

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။ နေ့လည်ပိုင်းအစည်းအဝေးကို မူလအစီအစဉ်အတိုင်း ကျင်းပမှာ ဖြစ်ပါတယ်။ အစီအစဉ်(၁၃) ဖြစ်ပါတယ်။ မြစ်သားမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါ်သင်းမြမြသင်းက ဆွေးနွေးရန် ဖြစ်ပါတယ်။

**ဒေါ်သင်းမြမြသင်း၊ မြစ်သားမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)။** ။ "မန္တလေးတိုင်းဒေသကြီး လွှတ်တော်အရေးပေါ်အစည်းအဝေးသို့ကြွရောက်လာသော ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး၊ လွှတ်တော်ရုံးအဖွဲ့များအားလုံး၊ သတင်းမီဒီယာများအားလုံး၊ ဧည့်သည်တော်များအားလုံး၊ မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေ။ ကျွန်မကတော့မြစ်သားမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါ်သင်းမြမြသင်း ဖြစ်ပါတယ်။ မေးမြန်း လိုတဲ့ကိစ္စက "မြနန်းစံကျော်" ရွှေနန်းတော်ဝင်ကြေးရငွေအား မေးမြန်းလိုခြင်းကိစ္စ ဖြစ်ပါတယ်။ အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၏ သာမန်ရ ငွေစာရင်းတွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွက် "မြနန်းစံကျော်" ရွှေနန်းတော်ဝင်ကြေးရငွေမှာ ကျပ်သိန်းထောင်ပေါင်း (၃၆၉၃၆) ရရှိကြောင်းတွေ့ရပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ရှေ့ပြေးအမှန် စာရင်းနှင့် ၂၀၁၆-၂၀၁၇ ခန့်မှန်းခြေလျာထားချက်နှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ခန့်မှန်းခြေလျာ ထားငွေစာရင်းတို့တွင် ဝင်ကြေးရငွေဖော်ပြထားခြင်းမရှိကြောင်း တွေ့ရှိနေရသဖြင့် လေ့လာရသမျှ "မြနန်းစံကျော်" ရွှေနန်းတော်ဝင်ကြေးမှာ ယခုအထိကောက်ခံနေသည်ဟု သိရှိရပါသည်။ တိုင်းဒေသ ကြီးအစိုးရအဖွဲ့ရုံးအနေနှင့် အဆိုပါကောက်ခံဝင်ကြေးရငွေများနှင့်ပတ်သက်၍ အခြားဌာနသို့ ပြောင်းလွှဲခြင်း ရှိ/မရှိနှင့် ကောက်ခံခြင်း၊ ဆက်လက်ကောက်ခံနေသည်ဟုဆိုလျှင် မည်သည့်ရငွေ ထဲသို့စာရင်းသွင်းထားကြောင်း မေးမြန်းလိုပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်ရှင်။"

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာ ဝန်ကြီးက ရှင်းလင်းတင်ပြရန် ဖြစ်ပါတယ်။

**ဦးမြတ်သူ၊ ဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန။** ။ "လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ဒီနေ့အစည်းအဝေးကို တက်ရောက်လာတဲ့ လွှတ်တော်ကိုယ်စား လှယ်များ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဒီကိစ္စနှင့်ပတ်သက်လို့ "ပုဂံ ဒေသနှင့်ဆက်စပ်ပြီးဖြေကြားရရင် ယဉ်ကျေးမှုဇုန်အနေနဲ့(၄)နေရာ၊ သက်ဆိုင်ရာတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် သက်ဆိုင်ရာယဉ်ကျေးမှုနှင့် ရှေးဟောင်းသုတေသနဦးစီးဌာနကနေ ယဉ်ကျေးမှု ဝန်ကြီးဌာနကို တိုက်ရိုက်ပေးသွင်းသလို၊ ပုဂံဒေသကိုလည်း အလားတူပဲ၊ မြစ်သားမြို့နယ်မှ ဒေါ်သင်းမြမြသင်းမေးမြန်းတဲ့မေးခွန်းနဲ့ပတ်သက်လို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဘတ်ဂျက်နဲ့သုံးတဲ့ ငွေကြေးမဟုတ်ဘဲ ယဉ်ကျေးမှုဝန်ကြီးဌာနကို တိုက်ရိုက်ပေးသွင်းရတဲ့ အနေအထားဖြစ်လာတော့ ပုဂံဒေသမှာလည်း အလားတူပဲ ပြည်ထောင်စုစာရင်းအရပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ တိုင်းဒေသ

ကြီးအစိုးရအဖွဲ့ စတာဝန်ယူတဲ့ကာလအတွင်းမှာ ပြီးခဲ့တဲ့အစိုးရလွှဲပြောင်းခဲ့တဲ့ မှတ်တမ်းမှတ်ရာ များတွင် ဖော်ပြထားခြင်းမရှိပါဘူး။ ဘယ်သူ့ဆီက လက်ခံကောက်ယူပြီး ဘယ်ပုံဘယ်နည်း လွှဲပြောင်းပေးပို့တယ်ဆိုတာလည်း မှတ်တမ်းမရှိပါဘူး။ ကျွန်တော်စောစောက တင်ပြခဲ့သလို ကျွန်တော်ကိုယ်တိုင် ပုဂံဒေသကို တာဝန်ထမ်းဆောင်မှု လွှဲပြောင်းခံရကတည်းက ဇုန်နယ်ဝင်ကြေးများနဲ့ပတ်သက်လို့ သိရှိတဲ့သဘောအရ မန္တလေးတိုင်းဒေသကြီးရဲ့ ရှေးဟောင်းယဉ်ကျေးမှု နယ်မြေဖြစ်တဲ့ပုဂံမြို့တော်ကြီးမှာ ကောက်ခံတဲ့ဇုန်ဝင်ကြေးများနဲ့ပတ်သက်လို့ ခွဲဝေသုံးစွဲမှုဆိုတာကို တင်ပြခြင်းဖြစ်ပါတယ်။"

**ဥက္ကဋ္ဌ။** ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်သင်းမြမြသင်း၏ သဘောထားပြောရန် ဖြစ်ပါတယ်။

**ဒေါ်သင်းမြမြသင်း၊ မြစ်သားမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)။** ။ "ဒီမေးခွန်းနဲ့ပတ်သက်ပြီးတော့ ဒီစာရင်းတွေ ဘယ်ခုနှစ်ကစပြီးတော့ ဒီယဉ်ကျေးမှုဝန်ကြီးဌာနကို လွှဲပြောင်းပေးတယ်ဆိုတာကိုလည်း သိလိုပါတယ်ရှင်။"

**ဦးမြတ်သူ၊ ဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန။** ။ "လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီစာရင်းတွေနဲ့ပတ်သက်လို့ ကျွန်တော်တို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ တာဝန်ယူတဲ့ကာလအတွင်းပြီးခဲ့တဲ့အစိုးရ လွှဲပြောင်းခဲ့တဲ့စာရင်းတွေကို လက်ခံထားခြင်း မရှိပါဘူး။ တစ်ခုရှိတာက ဘယ်သူ့ဆီက လက်ခံရယူပြီး ဘယ်ပုံ၊ ဘယ်နည်းလွှဲပြောင်းတယ်ဆိုတာလည်း အထောက်အထားမရှိပါဘူး။ ကျွန်တော်အဓိကတင်ပြလိုတာက ကျွန်တော်ကိုယ်တိုင်ပုဂံဒေသကို တာဝန်အရ တာဝန်ထမ်းဆောင်မှုလွှဲပြောင်းစဉ်က ဇုန်နယ်ဝင်ကြေးများ ကောက်ခံမှုသိရှိတဲ့ သဘောအရ မန္တလေးတိုင်းရဲ့ရှေးဟောင်းယဉ်ကျေးမှု နယ်မြေဖြစ်တဲ့နန်းတော်ကြီးဟာ ကောက်ထားတဲ့ဝင်ကြေးနဲ့ပတ်သက်ပြီး ခွဲဝေသုံးစွဲမှုပုံစံကိုတင်ပြခြင်း ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ဒေါ်သင်းမြမြသင်းရဲ့ ဆွေးနွေးချက်မှာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှာ ဝင်ငွေကို ဖော်ပြထားတယ်လို့ တင်ပြထားပါတယ်။ ဝန်ကြီးရဲ့ဖြေကြားချက်က ဒီဝင်ငွေရရှိရေးရှိ/မရှိ မသိတဲ့ သဘောဖြစ်နေပါတယ်။ ဒါကို ကျွန်တော်တို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်သင်းမြမြသင်း၏ မေးမြန်းချက်နှင့် တိုင်းဒေသကြီးဝန်ကြီး၏ ဖြေကြားချက်ကို မှတ်တမ်းတင်ရန်လွှတ်တော်၏ သဘောထား ရယူပါမယ်။

လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလားခင်ဗျား။

လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလားခင်ဗျား။

လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလားခင်ဗျား။

[ လွှတ်တော်က သဘောတူပါသည်။ ]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များက သဘောတူတဲ့အတွက် လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(တူထုသည်)

တောင်သာမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) လွှတ်တော်ကိုယ်စားလှယ် ဦးဝိုင်းချစ်အောင် ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ သဘောထားရယူခြင်း

**ဥက္ကဋ္ဌ။** ။ တောင်သာမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဝိုင်းချစ်အောင်က ဆွေးနွေးရန် ဖြစ်ပါတယ်။

**ဦးဝိုင်းချစ်အောင်၊ တောင်သာမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)။** ။ "ဒုတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် အရေးပေါ်အစည်းအဝေး (၁/၂၀၁၆) ကိုကြွရောက်လာကြတဲ့ လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ လွှတ်တော်ရုံးဝန်ထမ်းများနှင့် မီဒီယာများအားလုံးကြွရောက်လာကြတဲ့ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေး တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် တောင်သာမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ လွှတ်တော် ကိုယ်စားလှယ် ဦးဝိုင်းချစ်အောင် ဖြစ်ပါတယ်။ ဆက်လက်ပြီးတော့ ဥက္ကဋ္ဌကြီး၏ တာဝန်ပေးချက် အရ ဒေသန္တရစီမံကိန်းအရအသုံးဘဏ္ဍာရေးကော်မတီမှ အဖွဲ့ဝင်ဖြစ်ပြီး ပြည်သူ့ငွေစာရင်းစိစစ်ရေး ကော်မတီအဖွဲ့တွင် အတွင်းရေးမှူးလည်း ဖြစ်ပါတယ်။ ဒီကိစ္စနှင့်ပတ်သက်ပြီးတော့ ကျွန်တော်တို့ ကော်မတီတွေ ပူးပေါင်းတွေ့ရှိချက်နှင့်ပတ်သက်ပြီးတော့ အကောင်အထည်ဖော်မှုအခြေအနေကို လည်းကောင်း အားလုံးကိုဆွေးနွေးဖော်ပြသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ဆွေးနွေးမည့် ကဏ္ဍ တွေကတော့ ကဏ္ဍ(၄)ခုနှင့် ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ပထမဦးဆုံးအနေနှင့်ကတော့ ကျွန်တော်တို့ မော်တော်ယာဉ်ဝယ်ယူရန်လျာထားမှုနှင့်ပတ်သက်ပြီး ဆွေးနွေးမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ဦးစီးဌာန(၂၄)ခုရှိရာ ဦးစီးဌာန(၁၀)ခုမှ မန္တလေးတိုင်းဒေသကြီး၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် မူလအရအသုံးခန့်မှန်းခြေ လျာထားချက်များစာရင်းကို အောက်ပါအတိုင်း ဆွေးနွေး သွားမှာဖြစ်ပါတယ်။ မော်တော်ယာဉ်ဝယ်ယူရန် လျာထားမှုများနှင့်ပတ်သက်၍ ဦးစီးဌာန(၁၀)ခုမှ ယာဉ်အစီးအရေ (၃၇)စီး ဝယ်ယူမည်ဟု လျာထားသည်ကို သိရှိရပါသည်။ ထို(၃၇)စီးမှာဆိုရင်တော့ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ ဝယ်ယူမည့်ယာဉ်အရေအတွက်မှာ တိတိကျကျ

ဖော်ပြထားခြင်းမရှိဘူး။ အဲ့ဒီတော့ စုစုပေါင်းဒီအရေအတွက်ကြည့်မယ်ဆိုရင်တော့ ကျပ်သိန်းပေါင်း (၃၃၁၀၁)ဟုဆိုပြီးတော့ တွေ့ရှိထားပါတယ်။ တိုင်းအစိုးရအဖွဲ့မှ (၂)စီး စာရင်းစစ်ချုပ်မှ (၁)စီး၊ အထူးစုံစမ်းရေးမှ (၁)စီး၊ အသေးစားစက်မှုလက်မှုမှ(၁)စီး၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးမှ(၆)စီး၊ မီးသတ်မှ(၈)စီး၊ အထွေထွေအုပ်ချုပ်ရေးမှ (၁၄)စီးလို့ ဖော်ပြထားပါတယ်။ အဲဒါတော့ မဆွေးနွေးတော့ပါဘူး။ အရအသုံးမှန်းခြေဌာနမှ(၁)စီး၊ လွှတ်တော်မှ(၃)စီး ဖော်ပြထားသော်လည်း မန္တလေးမြို့ စည်ပင်သာယာရေးမှာမူ ယာဉ်အစီးအရေ၊ ယာဉ်အမျိုးအစားဖော်ပြထားခြင်းမရှိဘဲ ကျပ်သိန်း ပေါင်း (၂၄၂၀၉) သုံးစွဲမည်ဟု သိရပါတယ်။ ဒီကိစ္စနှင့်ပတ်သက်၍ မည်သည့်ယာဉ်၊ မည်သည့်အမျိုး အစားကို တိတိကျကျဖော်ပြရန် သိရှိဖို့တင်ပြဖို့လိုအပ်ပါတယ်။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ယာဉ်အစီးရေ(၁၄)စီးသည် Toyota Corolla Fielder ဟုဖော်ပြပြီး (၁)စီးလျှင် သိန်း(၂၀၀)နှုန်း ဖြင့်တင်ထားခြင်းမှာ ပမာဏအနည်းငယ် များပြားနေကြောင်း၊ လက်ရှိပေါက်ဈေးတွင် (၁)စီးလျှင် သန်း(၁၇၀)မှ (၁၈၅)အတွင်းသာရှိသည်ကို သိရှိရပါကြောင်း၊ ထို့အပြင် (၁၄)စီးဟူသော အရေ အတွက်မှာ များပြားနေကြောင်း၊ သို့ဖြစ်ပါ၍ ငွေကိုချွေတာသောအားဖြင့် ယာဉ်အစီးအရေလျှော့ချ၍ လည်းကောင်း၊ ဈေးသက်သာသော အခြားကားအမျိုးအစားဖြင့်လည်းကောင်း၊ ပြောင်းလဲသင့် သည်ဟု ထင်မြင်မိကြောင်း၊ အထူးစုံစမ်းရေးဌာနမှ ယာဉ်အစီးရေ (၁)စီး (မက်-အိပ်စ်)၊ ငွေကြေး တန်ဖိုး ကျပ်သိန်း(၄၂၁)ဟု ဖော်ပြထားခြင်းသည် ဒီနေရာမှာကျွန်တော်တို့ ဆွေးနွေးချင်တာကတော့ မှန်ပါတယ်။ ဦးစီးဌာနတွေမှာ သူ့အဆင့်နဲ့သူ ကားအရေအတွက်တွေ ဘယ်လိုအမျိုးအစားစီးရမယ် လို့သတ်မှတ်ထားတာတွေ ရှိပါတယ်။ ယနေ့အချိန် တိုင်းပြည်ပြန်လည်ထူထောင်ရေးနှင့် ဘတ်ဂျက် လိုငွေပြနေသော အချိန်ကာလများ၌ ထိုကဲ့သို့ဈေးနှုန်းအလွန်ကြီးသော ကားမျိုးကိုမသုံးသင့်ဘဲ သင့်တော်သက်သာသော ကားအမျိုးအစားကိုသာ ရွေးချယ်သုံးစွဲခြင်းဖြင့် ပြည်သူ့ဘဏ္ဍာငွေများကို ချွေတာသင့်ပါသည်။ နောက်တစ်ခုက လွှတ်တော်ရုံးအတွက် ကား(၃)စီး တောင်းခံထားရာတွင် (လင်ခရုဇာ၊ ခလုဂျာ၊ အဲ့ဇေ့ဖ်) ဟူသည့် အမျိုးအစားများ တောင်းခံထားရာတွင် (လင်ခရုဇာ) ကားသည်မလိုအပ်ဟု ထင်မြင်မိပါသည်။ ဒါကြောင့်မိုလို့လည်း ဒီဟာကိုတင်ပြတာ ဖြစ်ပါတယ်။ ဒုတိယပိုင်းအနေနှင့် ဦးစီးဌာနများ၏ စက်ပစ္စည်းဝယ်ယူမှု ကွန်ပျူတာ၊ ပရင့်တာ၊ ကော်ပီယာ၊ ဖက်စ်၊ ပရော့ဂျက်တာ စသည့်ပစ္စည်းများဝယ်ယူရန် တောင်းခံထားမှုသည် ဌာနများကြားမညီမျှဘဲ အလျဉ်းသင့်သလို ကျော်လွန်၍ တောင်းခံထားသည်ကို တွေ့ရပါတယ်။ ကွန်ပျူတာဝယ်ယူရန် လျာထားသည့်ဌာနများမှာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာနမှ တစ်လုံးလျှင် (၉)သိန်းကျပ်နှုန်းဖြင့် လည်းကောင်း၊ ဥပဒေချုပ်ရုံး (၈၅၅၀၀၀)နှုန်း၊ အသေးစားစက်မှု၊ လက်မှုနှင့် ငါးလုပ်ငန်းမှ (၈၀၀၀၀၀)ဖြင့်လည်းကောင်း၊ စီမံကိန်းမှ(၇၅၀၀၀၀)ဖြင့်လည်းကောင်း၊ မီးသတ်နှင့်ထွေအုပ်မှ (၄၀၀၀၀၀) ဖြင့်လည်းကောင်း

တင်ပြထားသည်ကို တွေ့ရပါတယ်။ ကျွန်တော်ဒီနေရာမှာ ကွန်ပျူတာနဲ့ပတ်သက်လို့ တင်ပြရမယ်ဆိုလို့ရှိရင် လက်ရှိအမှန်မှာ ကာလပေါက်ဈေးအရ (၅၀၀၀ ဝဝ)နှင့် (၆၀၀၀၀၀) ကြားသုံးစွဲမည်ဆိုပါက အကောင်းဆုံးအခြေအနေဖြစ်သော ကွန်ပျူတာကို ရရှိနိုင်မည်ဖြစ်ခြင်းကြောင့် ထိုကဲ့သို့ (၉၀၀၀၀၀)တို့၊ (၈၅၀၀၀၀)တို့ (၈၀၀၀၀၀)တို့ တောင်းခံ ထားမှုဟာဆိုလို့ရှိရင် လက်ရှိအခြေအနေထက် များစွာပိုနေပါတယ်။ ပုံမှန်ဈေး(၅၀၀၀၀၀)ကျပ်၊ ကျပ်(၆၀၀၀၀၀)နှင့်အထက် တောင်းခံထားမှုများအား တန်ဖိုးပမာဏ ပြန်လည်လျော့ချသင့်ပါ သည်။ (မိတ္တူကူးစက်) တစ်လုံးလျှင် ပုံမှန်ပေါက်ဈေးမှာ (၁၀၀၀၀၀၀) ပတ်ဝန်းကျင်သာရှိပြီး သမဝါယမနှင့် မီးသတ်သည် (၁၃၀၀၀၀၀)၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးသည် (၂၃၀၀၀၀၀)၊ ထွေ/အုပ်သည် (၁၆၀၀၀၀၀) ကာလပေါက်ဈေးထက် ကျော်လွန်တွက်ချက်ထားခြင်းကြောင့် ထို တောင်းခံထားသောငွေများကို လျော့ချသင့်ပါတယ်။ သာမန်ရုံးသုံး၊ လုပ်ငန်းသုံးအခြေအနေ ဖြစ်သော မိတ္တူကူးစက်များကိုသာရွေးချယ်တာ၍ လက်ရှိတိုင်းပြည်ထူထောင်ရေးကာလမှာ ဝယ်သင့်ပါ တယ်။ အဲကွန်းများ၏တန်ဖိုးများမှာလည်း ကာလပေါက်ဈေးထက် များပြားနေပြီး ဌာနများ၏ တင်ပြထားမှုမှာ (1 Hp, 1.5 Hp) ပင်လျှင် ကျပ်(၄၀၀၀၀၀)အထက် တင်ပြတောင်းခံထားမှုကို တွေ့ရပါသည်။ စိုက်ပျိုးရေးဌာနသည် တစ်လုံးလျှင်(၁၅၀၀၀၀၀)အထိ တင်ထားသည်ကို တွေ့ရပါ တယ်။ နောက်ဒါက ဘယ်လိုအဲယားကွန်းအမျိုးအစားလည်း အဲယာကွန်းအမျိုးအစားတွေကတော့ အကောင်းဆုံးအထိ အမျိုးအစားအများကြီးရှိမှာပဲ၊ သို့သော်လည်း ဒီအကောင်းဆုံးအခြေအနေ တစ်ခုထိ လုပ်နိုင်လောက်အောင် တိုင်းပြည်ကမချမ်းသာသေးတာ၊ ပြည်သူလူထုကကော ရရှိလာတဲ့ အခွန်အခတွေကို သတ်မှတ်ကာလထက်ပိုပြီးတော့ သတ်မှတ်အခြေအနေကို ပေးဆောင်နိုင်ခြင်းမရှိ သေးပါဘူး၊ တိုင်းပြည်ရဲ့ဘဏ္ဍာငွေတွေကို လက်ရှိအခြေအနေအတွင်းမှာ ရွေးချယ်သင့်ပါတယ် မသုံးရ ဘူးလို့မဟုတ်ပါဘူး၊ သုံးပါ ဒါပေမယ့် လက်ရှိအခြေအနေပေါ်မှာတော့ မိမိသုံးသပ်ဆင်ခြင်ပြီးတော့ တင်ပြသင့်ပါတယ်။ ဆက်လက်ပြီးတော့ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီသည် ကွန်ပျူတာ၊ ပရင့်တာနှင့်ပုံနှိပ်စက်များ ဝယ်ယူခြင်းအတွက် အမျိုးအစားမဖော်ပဲ သိန်း(၆၀၀) တောင်းခံထားပြီး အရေအတွက်၊ အမျိုးအစားကို ဖော်ပြမထားခြင်းသည်လုံးဝမဖြစ်သင့်ပါ။ ၎င်း သိန်း(၆၀၀)မှ အမှန်တကယ်လိုအပ်သော ပမာဏခြိုးခြံ ရွေးချယ်သုံးစွဲသင့်ပါသည်။ ထပ်မံ၍ ကွန်ပျူ တာ၊ ပရင့်တာ၊ မိတ္တူကူးစက်နှင့် ပုံဖမ်းစက်များ ဝယ်ယူခြင်းအတွက် ထပ်မံ၍ သိန်း(၃၀)တောင်းခံ ထားရာ လုပ်ငန်းထပ်နေမည်လားဟု သံသယရှိခြင်းကြောင့် ပြန်လည်စိစစ်သင့်ပါသည်။ တယ်လီ ဖုန်းနှင့် လမ်းလျှောက်စကားပြောစက်များ ဝယ်ယူခြင်းအတွက် သိန်း(၁၀၀)၊ ဒါဟာ အရေအတွက် တိတိကျကျဖော်ပြထားခြင်း မရှိပါဘူး။ ကင်မရာဝယ်ယူခြင်းအတွက် သိန်း(၃၀)တို့မှာ အရေအတွက်

ဖော်ပြမထားခြင်းကြောင့် ပြန်လည်စိစစ်သင့်ပါသည်။ နောက်ဒါနဲ့ပတ်သက်ပြီးတော့ ပြည်သူလူထုရဲ့ ဝင်ငွေခွန်နှင့် အခွန်အခတွေဆောင်လို့ရရှိလာတဲ့ငွေကို တိုင်းပြည်ကဘဏ္ဍာငွေကိုသုံးစွဲပြီဆိုလို့ရှိရင် အမှန်တကယ်လက်ရှိပေါက်ဈေးနှင့် သုံးသင့်သုံးထိုက်တဲ့အခြေအနေမျိုးကိုမှ ရည်ရွယ်ပြီး သုံးသင့်ပါကြောင်း အစိုးရအဖွဲ့နှင့် သက်ဆိုင်ရာဌာနများကို လေးလေးနက်နက် တင်သွင်းလိုပါတယ်။ တတိယပိုင်းအနေနှင့် မိုးဇလဌာနတွင် လုပ်ငန်းစီမံကိန်းသစ်များ ခေါင်းစဉ်အောက်၌ ဆောက်လုပ်ရေးလုပ်ငန်းများခေါင်းစဉ်ဖြင့် ပေ(၁၂၀ × ၄၄) ရုံးကြီးဆေးသုတ်ခြင်း (မန္တလေး) အား ဆေးသုတ်ရန် အတွက် သိန်း(၂၅၀)ဖော်ပြထားခြင်း၊ ဒီ(၁၂၀ × ၄၄) ပေဆေးသုတ်ခြင်းဟာ အမှန်တကယ်ကုန်ကျ မလားလို့ ကော်မတီအနေနှင့်သံသယဖြစ်ကြောင်း တွေ့ရှိရပါတယ်။ နောက်တစ်ခုကပေ (၂၄၀ × ၂၂၀ × ၁၀၀ × ၉၀) ရုံးခြံစည်းရိုးခတ်ခြင်းအား သိန်း(၂၀၀)ဖော်ပြထားခြင်း၊ ရုံးကြမ်းခင်း ပြုပြင်ခြင်း (မန္တလေး)၊ သိန်း(၁၂၀) ဖော်ပြထားပါတယ်။ ဒီကြမ်းခင်းအား ပါကေးပြားခင်းမှာလား ကြွေပြား ကပ်မှာလား၊ ဘယ်လိုဆောင်ရွက်မှာလဲဆိုတာကို ဖော်ပြထားခြင်းမရှိပါဘူး။ အမှန်တကယ် ကုန်ကျ စရိတ်များ ဖြစ်နိုင်ပါ့မလားဟု သံသယဖြစ်ဖွယ်ရှိသောကြောင့် ပြန်လည်စိစစ်သင့်ပါတယ်။ နောက် တစ်ခု အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန "သပိတ်ကျင်း" ဧည့်ရိပ်သာ RC (၁)ထပ် တည်ဆောက် ရန်အတွက် သိန်း(၄၉၀) တောင်းခံထားခြင်း ဖြစ်ပါတယ် ဒါဟာရုံးလည်းမဟုတ်ပါဘူး၊ ဝန်ထမ်းအိမ်ရာလည်းမဟုတ်ပါဘူး။ ဒါကြောင့်မို့လို့ ဒီတစ်ထပ်တည်ဆောက်ဖို့အတွက် ဧည့်ရိပ်သာ လတ်တလောအချိန်မှာ မလိုအပ်သေးပါဘူး။ "သပိတ်ကျင်း" ဧည့်ရိပ်သာ တည်ဆောက်ဖို့ သိန်း(၄၉၀)တင်ပြ တောင်းခံထားခြင်းကိုပယ်ဖျက်ဖို့ ကျွန်တော်တို့ ဒီလွှတ်တော်ကနေ တင်ပြလိုပါတယ်။ နောက်ဒီနေရာမှာထပ်ပြီးတော့ တင်ပြချင်တာကတော့ လမ်းဦးစီးဌာနမှ မြို့နယ်အသီးသီး၏ ဌာနပိုင်း အဆောက်အဦများ ပြင်ဆင်ခြင်း၊ ခြံစည်းရိုးများခတ်ခြင်း၊ အိမ်ရာသစ်ဆောက်လုပ်ခြင်းများသည် ဈေးနှုန်းတင်ထားသည်များမှာ လိုအပ်သည်ထက် ပိုမိုများပြားနေသည်ဟု ထင်မြင်ယူဆမိပါသဖြင့် ပြန်လည်သုံးသပ်ပြင်ဆင်ရန် အထူးလိုအပ်ပါသည်။ နမူနာအနေနှင့်ပြောရမယ်ဆိုလို့ရှိရင် ချမ်းအေးသာစံမြို့နယ် ညွှန်ကြားရေးမှူးနေအိမ်ဝင်း၊ ဝင်းခြံကာဖို့ ကျပ်(၄၅)သန်း၊ သိန်းနဲ့တွက်ရင် (၄၅၀) သိန်း၊ ဒါဟာအမှန်တကယ်တော့ ဖြစ်နိုင်ရင်ရောဆိုပြီးတော့ ပြန်လည်စိစစ်သင့်ပါတယ်။ နောက် တစ်ခု ဥပမာပြရမည်ဆိုလို့ရှိရင် ချမ်းအေးသာစံမြို့နယ် ညွှန်ကြားရေးမှူးနေအိမ်ဝင်ပေါက် တံတား တစ်စင်းထိုးဖို့ ကျပ်သန်း(၅၀) တင်ထားပါတယ်။ ဒါဟာဆိုရင်ဖြစ်သင့်တဲ့ အခြေအနေအချိန် အခါဆိုတာ သုံးသပ်ဖို့လိုအပ်ပါတယ်။ နောက်ဝန်ထမ်းတွေနေအိမ်နဲ့ ပတ်သက်လို့ရှိရင် မှန်ပါတယ်။ ဝန်ထမ်းတွေဟာ လခပေးပြီးနေကြရတယ် ကိုယ်ချင်းစာပါတယ်။ ဒီအတွက် ထိုက်သင့်အားလျော်စွာ ဝန်ထမ်းအိမ်ရာတွေကို ဖန်တီးပေးရမယ်။ သို့သော်လည်း အဲဒီဝန်ထမ်းအိမ်ရာတွေကို မတည် ဆောက်နဲ့လို့ မဆိုလိုပါဘူး၊

တည်ဆောက်ပါ ကာလပေါက်ဈေးထက်ပိုတဲ့ ဈေးတွေနဲ့တော့ မတည် ဆောက်ပဲ ငွေကိုခြိုးခြံချွေတာတဲ့အနေနဲ့ တည်ဆောက်သင့်ပါတယ်။ ဒီမှာဆိုရင် မတ္တရာမြို့နယ် ဝန်ထမ်းနေအိမ်(၄)ခန်းတွဲ သူကတော့ မီတာနဲ့ဖော်ပြထားပြီးတော့ မီတာကိုပေဖွဲ့လိုက်တော့ (၇၀.၈၆)ပေနှင့် ကိုးပေခန်းနှင့် (၂၃.၅၂)ပေ ရပါတယ်။ ဒါကို ကျွန်တော်တို့က PAE ဈေးနှုန်း (၂၃၀၀၀)နှုန်းနှင့် မြှောက်ကြည့်လိုက်တဲ့အခါမှတန်ဖိုးဟာ ကျပ်သိန်းပေါင်း (၄၂၀)သိန်းကျော်သာ ကျပါတယ်။ ဒါပေမယ့် ဒီမှာကကျပ်သိန်း(၇၇၀) တင်ထားတဲ့အတွက် များပြားနေတဲ့အတွက် ကြောင့်မို့လို့ ဒါကိုပြန်လည်စိစစ်ပေးဖို့ လွှတ်တော်ကနေ တောင်းဆိုပါတယ်။ ထပ်ပြီးတော့ ဒီဟာကို တင်ပြရမယ်ဆိုလို့ရှိရင် မလှိုင်မြို့နယ်လမ်းဦးစီးဌာနဝန်ထမ်းနေအိမ်များကို လိုအပ်သောရေလောင်း အိမ်သာနှင့် ရေချိုးကန်တည်ဆောက်တဲ့နေရာမှာ ကျပ်သိန်းပေါင်း(၂၅၀) ဖော်ပြထားပါတယ်။ သိန်း ပေါင်း (၂၅၀)တန်တဲ့ ရေလောင်းအိမ်သာတွေ၊ ရေချိုးကန်တွေဟာ ဘယ်လိုမျိုးအထိတောင်မှ (DECORATION) အနေနှင့်လှပစွာ ပြင်ဆင်ချယ်သထားသလဲဆိုတာ ကျွန်တော်တို့အနေနှင့် လိုက်ပစစ်ဆေးဖို့ အထူးလိုအပ်နေပြီဖြစ်ပါတယ်။ ဒါကြောင့်မိုလို့ ကျွန်တော်တို့တတွေ ဒါကိုပြန်လည် ပြီးတော့ စစ်ဆေးသင့်ပါတယ်။ နောက်တစ်ခု ဦးစီးအရာရှိ (မြို့ပြ)နေအိမ် (၁၃)မီတာ (၄၂)ပေ၊ (၁၁.၃)မီတာ၊ (၃၇)ပေမှာပေအရှိအတိုင်းတွက်မယ်ဆိုရင် ကျွန်တော်တို့ အသစ်တည်ဆောက်မယ်ဆို ရင်တောင် သိန်း(၃၀၀) ကျော်ပဲကျမှာဖြစ်ပါတယ်။ ဒါကို ပြန်လည်ပြင်ဆင်မွမ်းမံဖို့အတွက်ဆိုပြီး တော့သိန်း(၁၄၀)တစ်ဝက်နီးနီး တောင်းထားတာက ဘာတွေများပြင်ဆင်မှာလဲဆိုပြီးတော့ကျွန်တော် တို့မေးခွန်းထုတ်စရာ ဖြစ်နေပါတယ်။ နောက်အငယ်တန်းစာရေးရဲ့နေအိမ် အငယ်တန်းစာရေးပါ နောက်တစ်ခါ ဦးစီးအရာရှိတို့ ဒုဦးစီးတို့မဟုတ်ပါဘူး။ အခင်းတို့၊ အကာတို့၊ မျက်နှာကျက်ပြုလုပ်ဖို့ အိမ်ခန်းတွဲတို့လည်း ပြောတာမဟုတ်ပါဘူး။ ဝန်ထမ်းအိမ်ရာလို့လည်း ပြောတာမဟုတ်ပါဘူး။ အငယ်တန်းစာရေးရဲ့ နေအိမ်တစ်လုံးပြင်ဆင်ဖို့အတွက် သိန်း(၁၅၀) တောင်းခံထားပါတယ်။ အသစ် ဆောက်မယ်ဆိုရင်တောင် သိန်း(၁၅၀)နှင့်ခေတ်ကာလနှင့်ကိုက်ညီတဲ့ အဆောင်ကောင်းရမှာ ဖြစ်ပါ တယ်။ နောက်ညောင်ဦးခရိုင်၊ ညောင်ဦးမြို့လမ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) နေအိမ်ဆောက်လုပ်တဲ့နေရာမှာ စုစုပေါင်းစတုရန်းမီတာ(၃၂၅.၇၀)ပေနှင့် တွက်မယ်ဆိုလို့ရှိရင် (၂၀၉၅)ပေမှာ ကိန်းဂဏန်းအားဖြင့် ပြောမယ်ဆိုရင် စုစုပေါင်းသိန်း(၅၀၀) မကျော်ပါဘူး၊ ဒါပေမယ့် သူ့ရဲ့တည်ဆောက်မှုအတွက် ကျပ်သိန်း(၁၁၈၀)ကျော် တင်ထားပါတယ်။ ဒါဟာ ထက်ဝက်ကျော် များပြားနေတဲ့အတွက် ဒါဟာလည်းလမ်းဦးစီးဌာနအနေနှင့် စိစစ်ပြီးတော့မလိုအပ်ဘူးဆိုရင် ဒါကို လျှော့ချသင့်ပါတယ်။ နောက်တစ်ခုက ညောင်ဦးခရိုင်လမ်းဦးစီးဌာနရဲ့ ငါ့သရောက်မြို့နယ် အင်ဂျင်နီယာရုံးဝန်ထမ်းအိမ်ယာအတွက် မိလ္လာကန်တည်ဆောက်မှာ အောက်မှာရှိတဲ့ ဆားဗစ်ကန်

တည်ဆောက်ဖို့ အဲဒီတည်ဆောက်တာကို (၁၀)သန်း (သိန်းတစ်ရာ)တင်ထားပါတယ်။ ဘယ်လောက်တန်ဖိုးကြီးမားတဲ့ သိန်းတစ်ရာမိလ္လာကန်ကြီးဖြစ်မယ်ဆိုတာကို အံ့ဩဖွယ်၊ ကော်မတီကနေစစ်ဆေးဖို့လိုပါတယ်။ ဒါတွေဟာ ဥပမာအနေနှင့် လမ်းဦးစီးဌာနကို တင်ပြပေးခြင်း ဖြစ်ပါတယ်။ ဒါကြောင့်မိုလို့ ကျွန်တော်တို့(ဃ)အနေနှင့် ဆက်လက်တင်ပြလိုပါတယ်။ မြစ်ချောင်းဖြိုးဌာန၏ ၂၀၁၇-၂၀၁၈ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများအတွက် တောင်းခံထားငွေမှာ (၂၉၆၉၀.၈)သိန်း ဖြစ်ပါသည်။ ၎င်းငွေကြေးဖြင့် စီမံဆောင်ရွက်မည့်လုပ်ငန်းများမှာ မျှောတိုင်တန်း၊ ကျောက်ဖြည့်၊ ရေကာလုပ်ငန်းများသာများပြားနေခြင်းကြောင့် ခဏခဏပြုပြင်ပြီး နှစ်စဉ်နှစ်တိုင်း ဘဏ္ဍာငွေများ ကုန်နေမည့်အစား ရေရှည်ခိုင်ခန့်သော ကမ်းပြိုကာကွယ်ရေးတည်ဆောက်မှုမျိုးသာ ဆောင်ရွက်သင့် တယ်ဆိုပြီးတော့ ပြောကြားပါတယ်။ ကျွန်တော်နေ့လည်က လွှတ်တော်ပြီးတဲ့အခါမှာ မြစ်ချောင်းဖြိုး ကတာဝန်ရှိတဲ့သူတွေ ပြောပြတဲ့အခါကျတော့ ဒါနှင့်ပတ်သက်ပြီးတော့ နားလည်သွားပါတယ်။ သို့သော်လည်း ကျွန်တော်တို့တွေဟာသုံးရွာရရင် သုံးရွာ၊ တစ်ရွာရရင် တစ်ရွာမှန်မှန်ကန်ကန် ရေရှည်တည့်တံ့ခိုင်မြဲတဲ့အနေအထားမျိုးလေးတွေကိုပင် ဦးစားပေးတည်ဆောက်ဖို့အတွက် ကျွန်တော်ဒီနေရာကနေ တင်ပြပါတယ်။ အဲ့တော့ ကျွန်တော့အနေနှင့်ခြုံငုံပြီးတော့ နိဂုံးချုပ်ရမယ် ဆိုလို့ရှိရင် ကျွန်တော်တို့ မန္တလေးတိုင်းဒေသကြီးမှာရငွေဟာ ကျပ်သန်းပေါင်း (၃၂၁၀၀) ရပြီးတော့ သုံးငွေကျပ်သန်းပေါင်း(၁၁၈၄၀၆) ရည်မှန်းထားတာ တွေ့ရပါတယ်။ အဲဒီတော့ ခုနကဆွေးနွေးသွားတဲ့အချက်တွေကို ခြုံငုံပြီးကြည့်မယ်ဆိုရင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေထက် ဌာနဆိုင်ရာတွေရဲ့ တောင်းခံမှုတွေ၊ ဆောင်ရွက်မှုတွေဟာဆိုရင် အင်မတန်များပြားနေတယ်၊ အဲ့တော့မသုံးရဘူးလို့ မပြောပါဘူး။ အဲ့တော့သုံးမယ့်ငွေတွေဟာ ဌာနဆိုင်ရာတွေအတွက် အတတ်နိုင်ဆုံးလျှော့ချပြီးတော့ ခြိုးခြံချွေတာပြီး သုံးပေးပါ။ ပြီးတော့ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေ ရွာတွေကို သွားပြီးတော့ သူတို့ရဲ့လိုအပ်ချက်တွေကိုစုဆောင်းပြီး လွှတ်တော်ကတစ်ဆင့်အစိုးရကို တင်ပြထား တာတွေ ရှိပါတယ်။ ကျွန်တော်တို့ တိုက်ရိုက်ထိတွေ့ရတာက လွှတ်တော်ကိုယ်စားလှယ်တွေပါ။ ဒါတွေသာမပါလာဘူးဆိုရင် ကျွန်တော်တို့ ပြည်သူလူထုကို ပြန်ပြီးရှင်းပြဖို့ရာ အနည်းငယ် အခက်အခဲ ဖြစ်ပါတယ်။ ဒါ့ကြောင့် ဒီသုံးစွဲငွေတွေဟာဆိုလို့ရှိရင် အမှန်တကယ်ပဲ အကျိုးရှိတဲ့ နေရာ တွေမှာ များများသုံးမယ်ဆိုလို့ရှိရင် ပိုပြီးတော့သင့်တော်ပါလိမ့်မယ် အဲဒီတော့ သာဓကအနေနှင့် ပြရမယ်ဆိုလို့ရှိရင် ကျွန်တော်တို့တွေဟာ ဒီဌာနဆိုင်ရာဝန်ထမ်းအိမ်ရာဆောက်တဲ့အခါမှာ လိုအပ်မှာ ဖြစ်ပါတယ်။ သို့သော်လည်း အိုးအိမ်ကလည်း ဆောက်ပါတယ်။ အဲဒီတော့ အိုးအိမ်ကလည်း မန္တလေးမှာ ဝန်ထမ်းအိမ်ရာအခန်းလွတ်တွေ ရှိပါတယ်။ အဲဒီတော့ တချို့ဝန်ထမ်းဌာနတွေက မိမိဌာနမှာမဆောက်ပဲနှင့် အိုးအိမ်က ဆောက်လုပ်စေပြီးတော့လည်းကောင်း၊ လွတ်နေတဲ့အခန်း တွေမှာနေထိုင်စေ၍လည်းကောင်း

ကျွန်တော်တို့မှာ သုံးနိုင်တဲ့ငွေပမာဏကို အထိုက်အလျောက် လျှော့ချပြီးတော့ ချွေတာနိုင်မှာဖြစ်ပါတယ်။ နောက်ထပ်ပြောချင်တာက သာဓကတစ်ခုအနေနှင့် နိုင်ငံတော်သမ္မတရုံး၏ (၁၁.၁၁.၂၀၁၆)ရက်စွဲပါ ၂၀-၁/၇(သမ္မတရုံး) နောက်ပတ်ဝန်ကျင်ထိန်း သိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး၊ သစ်တော၊ ၄-၁/၀၁-င ၁ (၁၃၀၅)၂၀၁၆ ခုနှစ်စာမှာ ဒါဟာပြည်ထောင်စုကနေ ပြီးတော့တစ်ဆင့် သဘာဝပတ်ဝန်းကျင် ပြန်းတီးနေတဲ့အတွက် နောက် ပြီးတော့ သဘာဝဘေးအန္တရာယ်ဒဏ်များပြားနေတဲ့အတွက် ပြန်လည်ပြုပြင်ဖို့အတွက် ရေရှည်စီမံ ကိန်းအနေနှင့် သစ်တောတွေကိုစိုက်မယ်ဆိုပြီးတော့ တင်ပြထားတာ ဖြစ်ပါတယ်။ ဒါဟာ ကျွန်တော် တို့တိုင်းပြည်အတွက်ရော ဒေသအတွက်ရော အင်မတန်မှကောင်းမွန်တဲ့ အခြေအနေမျိုး ဖြစ်တယ်၊ ဒါကိုပဲ ကျွန်တော်တို့ သန်း(၇၀၀)ကျော် ဖြတ်တောက်ခံရပါတယ်။ ခြုံငုံအားဖြင့်သုံးသပ်မယ်ဆိုလို့ ရှိရင် ကျွန်တော်တို့ဘတ်ဂျက်မှာ ဒေသအတွက်ပိုပြီးတဲ့အခါကျတော့ ပိုအကျိုးရှိတဲ့လုပ်ငန်းတွေကို သုံးရမယ့်အစားမသုံးဘဲနှင့် တင်ပြထားတယ်။ သို့သော် သုံးသင့်သုံးထိုက်တာမသုံးဘဲ ဌာနအတွက်ပဲ ပိုပြီးသုံးနေမယ်ဆိုရင် ကျွန်တော်တို့အနေနှင့် အများကြီးပဲလုပ်ရကိုင်ရတာ အခက်အခဲဖြစ်ပါတယ်။ အဲဒီတော့ အစိုးရအနေနှင့်လည်း ကိုယ်ချင်းစာပါတယ်။ ဌာနဆိုင်ရာအနေနှင့် သုံးစွဲမှုနှုန်းတွေကို ထိုက်သင့်အားလျော်တဲ့ ပမာဏလျှော့ချပြီးတော့ ပိုလျှံလာတဲ့ငွေကြေးတွေကို အမှန်တကယ် လိုအပ် နေတဲ့ ဒေသခံပြည်သူတွေအတွက်သုံးပါလို့ ကျွန်တော်ကလွှတ်တော်ကနေ ဆွေးနွေးလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။"

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တောင်သာမြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၂) လွှတ်တော်ကိုယ်စားလှယ် ဦးဝိုင်းချစ်အောင်က မန္တလေးမြို့တော်စည်ပင်သာယာရေး ယာဉ်စီးရေ၊ ယာဉ်အမျိုးအစားဖော်ပြခြင်းမရှိဘဲ ယာဉ်ဝယ်ယူရန်ကျပ်သိန်းပေါင်း (၂၄၂၀၉.၂)သိန်း ခွင့်ပြုပေးရန် တောင်းခံထားသဖြင့် ပြန်လည်စိစစ်သင့်ကြောင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ယာဉ်(၁၄)စီးကို ယာဉ်အမျိုးအစား ဖော်ပြထားသော်လည်း ကာလပေါက်ဈေးထက် ပိုမိုတင်ပြထား ခြင်း၊ လက်ရှိဘဏ္ဍာနှစ်တွင် (၇)စီးကိုသာ ခွင့်ပြုသင့်ကြောင်း၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနနှင့် လွှတ်တော်ရုံးမှတင်ပြထားသည့် မှော်စ်အိပ်နှင့်လန့်ခရုဇာများမှာ မလိုအပ်ကြောင်း၊ ဦးစီးဌာနများ၏ ရုံးသုံးပစ္စည်းများဝယ်ယူရန် ဘဏ္ဍာငွေတင်ပြတောင်းခံရာတွင် ကာလပေါက်ဈေးထက်များစွာ ကျော် လွန်တွက်ချက်ထားသဖြင့် စိစစ်လျှော့ချသင့်ကြောင်း၊ မြို့တော်စည်ပင်သာယာရေးကော်မတီက ပုံနှိပ်စက်ဝယ်ရန် သိန်း(၆၀၀)၊ စကားပြောစက်ဝယ်ရန် သိန်း(၁၀၀)၊ စက်ကိရိယာဝယ်ရန် သိန်း (၃၀)၊ ဓာတ်ပုံ၊ ကင်မရာဝယ်ရန် သိန်း(၃၀)တို့ကို အရေအတွက်ဖော်ပြခြင်း မရှိသဖြင့် စိစစ်သင့် ကြောင်း၊ မီးဇလဌာနမှ ရုံးကြီးဆေးသုတ်ခြင်း၊ ခြံစည်းရိုးခတ်ခြင်း၊ ကြမ်းခင်းပြင်ဆင်ခြင်းအတွက်

သိန်း(၅၇၀)နှင့်သပိတ်ကျင်းမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဧည့်ရိပ်သာဆောက်လုပ်ရန် သိန်း(၄၉၀)တို့ကို ပယ်ဖျက်စိစစ်သင့်ကြောင်း၊ မြစ်ချောင်းဖြိုးဌာနမှ ကမ်းပြိုကာကွယ်ရေးအတွက် (၂၉၆၉၀.၈)သိန်း တောင်းခံထားခြင်းမှာ နှစ်စဉ်ကုန်ကျနေသဖြင့် ရေရှည်ခိုင်ခံ့သော တည်ဆောက်ရေးမျိုးကို ကြပ်မတ်ဆောင်ရွက်သင့်ကြောင်း တင်ပြသွားပါတယ်။ ယင်းအပေါ်မှာ သက်ဆိုင်ရာ ဝန်ကြီးက ရှင်းလင်းတင်ပြရန် ဖြစ်ပါတယ်။

**ဒေါက်တာရဲလွင်၊ ဝန်ကြီး၊ စည်ပင်သာယာရေးဝန်ကြီးဌာန။** ။ "လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်၊ ဝန်ကြီးချုပ်၊ ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မင်္ဂလာပါလို့နှုတ်ခွန်းဆက်သအပ်ပါတယ်။ ပထမဦးစွာ ဦးဝိုင်းချစ်အောင်၊ တောင်သာမြို့နယ်ကိုယ်စားလှယ် မေးမြန်းတဲ့ကိစ္စ၊ ကားတွေဝယ်ရမယ့်ကိစ္စနှင့် ပတ်သက်ပြီးတော့မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဟာ မိမိဘတ်ဂျက်နဲ့မိမိရပ်တည်နေရတာ ဖြစ်ပါတယ်။ နောက်တစ်ခုကတော့ကျွန်တော်တို့ မန္တလေးမြို့တော်စည်ပင်သာယာရေးအတွက် စဉ်ဆက်မပြတ်အရှိန်အဟုန်နဲ့ ဆောင်ရွက်နေတဲ့အခါမှာ တစ်နေရာထဲရပ်တန့်နေလို့မရပါဘူး။ ကျွန်တော်တို့ရှေ့ကိုနှစ်(၅၀)ကြိုသွားရမှာဖြစ်တဲ့အတွက် နောင်(၅)နှစ်အတွင်း အနည်းဆုံးနှစ်(၄၀)မီအောင်ကို လျာထားဆောင်ရွက်နေပါ တယ်။ ယခုလိုလျာထားဆောင်ရွက်တဲ့အခါမှာ Smart City ဖြစ်ဖို့အတွက် ယာဉ်ယန္တရားတွေဟာ MCDC အတွက်မရှိမဖြစ်ပါ။ Chipping Machine (၁)ခုလည်းပါတယ်။ Trank Carrier (၄)ခုပါ ပါတယ်။ Trank Carrier ဆိုတာကတော့ အမှိုက်ကန်တွေကိုသယ်တဲ့ကားပါ။ ဒီလိုကားမျိုးကို ကျွန်တော်သိပ်မကြိုက်ပါဘူး။ ကျွန်တော်သွားတဲ့လမ်းအတိုင်း သွားရမယ်ဆိုရင်တော့ Compactor အစီး(၈၀)လောက်လိုပါတယ်။ ဒါပေမဲ့ကျွန်တော်တို့ ဘတ်ဂျက်သတ်မှတ်ထားတဲ့ဘောင်အတွင်းမှာပဲ ကျွန်တော်မရရအောင် ကြိုးစားပြီးလုပ်နေပါတယ်။ Trank Carrier (၁၇)စီးပါပါတယ်။ Compactor ဆိုတာနိုင်ငံတကာမှာသုံးနေတဲ့ အမှိုက်သိမ်းယာဉ်ဖြစ်ပါတယ်။ အဲဒါ(၁၇)စီးပဲရပါတယ်။ ကျွန်တော်တို့အခုလောလောဆယ် ဂျပန်ကလှူဒါန်းထားတဲ့ ကားအဟောင်း(၂၀)ထဲက (၁၈)စီးကိုမနက်တစ် ကြိမ်၊ ညနေတစ်ကြိမ်လိုက်သိမ်းနေပါတယ်။ Excavator (၁)စီး၊ Light Truck (၆)စီးပါပါတယ်။ Excavator ဆိုတာက ကတ္တရာဖျန်းတဲ့စက်ပါ။ နောက်တစ်ခါ ကျောက်ခွဲစက်(၁)ခုပါပါတယ်။ အဲဒါတွေကိုဝယ်တဲ့အခါမှာ တင်ဒါခေါ်ပြီးမှလည်း အတည်ပြုမှာပါ။ တင်ဒါခေါ်တာကလည်းအားလုံးသည်သိန်း(၅၀)ကျော်တဲ့ အတွက်လည်းအတည်ပြုမှာပါ။ တင်ဒါခေါ်တာကလည်း အားလုံးသည်သိန်း(၅၀)ကျော်တဲ့အတွက် ခေါ်တာလည်းဖြစ်ပါတယ်။ ကျွန်တော်တို့ အရည်အသွေး ဦးစားပေးနေတဲ့အချိန်ဖြစ်တဲ့အတွက် တိုင်းပြည်တိုးတက်ချင်ရင် ပြောင်းလဲချင်ရင် အရည်အသွေးကို ဦးစားပေးရ မှာပါ။ အခြေခံငွေကြေး မတည်ငြိမ်မှုကြောင့် လျာထားဈေးနှုန်းတွက်ရာမှာ အခက်အခဲတွေ့ပါ တယ်။

တစ်ရက်တစ်ရက်ငွေဈေးက ပြောင်းလဲနေပါတယ်။ နောက်တစ်ခုအနေနဲ့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် မူလခန့်မှန်းခြေစာရင်းမှာ Computer, Printer နှင့် ပုံနှိပ်စက်များဝယ်ယူခြင်းကိစ္စ မှာကျွန်တော်တို့ မန္တလေးမြို့ Smart City ဖြစ်ဖို့အတွက် အခြေခံလိုအပ်ချက်က E-Government ဖြစ်ပါတယ်။ ၂၀၁၂ခုနှစ်ကတည်းကစခဲ့တဲ့ E-Government စနစ်ဟာကျွန်တော်တက်တဲ့အချိန်ထိ ဘာမှအဆင်သင့် မဖြစ်သေးပါဘူး။ ယခုအနေအထားအရ E-Government တိုးတက်မှုအနေနဲ့ GIS စနစ်အတွက် Statellite Information ရဖို့အတွက် Europe Space Agency ကတစ်ကမ္ဘာလုံး မှာမြို့(၅)မြို့ ပေးခဲ့ပါတယ်။ မန္တလေးမြို့အပါအဝင်ဖြစ်ပါတယ်။ ဒီသတင်းကို ADB က အကြောင်းကြားတယ်။ ADB ကအဲဒါတွေအပြင်ကို မန္တလေးကို Fiber Cable Network (၂)ခု သို့မဟုတ်(၃)ခုရဖို့ရှိနေပါတယ်။ အဲဒီအချိန်မှာပဲ MCDC အတွက်Internet ကွန်ယက်တည်ဆောက် ဖို့ကွန်ပျူတာအလုံး(၆၀)လိုပါတယ်။ နောက်တစ်ချက်ကဘတ်ဂျက်မှာ ကွန်ပျူတာအကြောင်းထပ် နေတာက မန္တလေးနေ့စဉ်သတင်းစာတိုက်အတွက်သီးသန့် Computer, Printer (၂)စုံဝယ်ယူဖို့ အတွက်ဖြစ်ပါတယ်။ နောက်ဆုံးတစ်ခု ပြောချင်တာကတော့ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းတွေ ကိုစည်ပင်ကပဲ ထိန်းရတဲ့အခါမှာ တစ်ယောက်နဲ့တစ်ယောက် ချိတ်ဆက်ဖို့အတွက် လမ်းလျှောက် စကားပြောစက်တွေလိုပါတယ်။ လွှတ်တော်ကိုယ်စားလှယ်အားလုံးလည်း မန္တလေးမြို့ရဲ့အနေအထားကို တွေ့မှာပါ။ ဘယ်လောက်ပြောင်းလဲတယ်ဆိုတာ မန္တလေးမြို့နေသူတွေသိပါတယ်။ အားလုံးကို လေးစားပါတယ်။"

**ဥက္ကဋ္ဌ။** ။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအနေနဲ့က မနက်က ဦးမြင့်အောင်မိုးက ပြောသွားပါတယ်။ အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာနနဲ့ပတ်သက်လို့ ရှင်းလင်းပေးရန်ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးမျိုးမင်းအောင်၊ ဝန်ကြီး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန။** ။ "ဒုတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် အရေးပေါ်အစည်းအဝေး(၁/၂၀၁၆)ကိုတက် ရောက်လာကြသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဒုတိယဥက္ကဋ္ဌ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မ တော်သားလွှတ်တော်ကိုယ်စားလှယ်များ၊ ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဧည့်သည် တော်များအားလုံးမင်္ဂလာပါ ။ လွှတ်တော်ကိုယ်စားလှယ် မေးမြန်းထားတဲ့ ဘတ်ဂျက်မှာပါတဲ့အထူး စုံစမ်းစစ်ဆေးရေးဦးစီးဌာန ယာဉ်(၁)စီးဆိုတာ ကျွန်တော်တို့ဖွဲ့စည်းပုံအရ ယခင်ကဒုတိယညွှန် ကြားရေးမှူးအဆင့်ထိ ဖွဲ့စည်းပုံရှိပါတယ်။ ယခုညွှန်ကြားရေးမှူးအထိ ဖွဲ့စည်းပုံလျာထားတဲ့ အတွက်၎င်းညွှန်ကြားရေးမှူးဖွဲ့စည်းပုံအတိုင်း သတ်မှတ်ထားသော သတ်မှတ်ချက်များနှင့်အညီတင် ပြတောင်းခံခြင်းဖြစ်ပါတယ်။ နောက်သပိတ်ကျင်းမြို့နယ်၊ မြို့နယ်ဧည့်ရိပ်သာ RC (၁)ထပ်ဆောက် လုပ်ရန်အတွက် ကျပ်သိန်းပေါင်း(၄၉၀) တင်ပြတောင်းခံထားခြင်းမှာ သပိတ်ကျင်းမြို့နယ်မှာရှိတဲ့

ဌာနဆိုင်ရာပေါင်းစုံ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တစ်ခုတည်းတင်မဟုတ်ပါဘူး၊ အစိုးရအဖွဲ့ရဲ့ အောက်မှာရှိတဲ့ ဌာနဆိုင်ရာပေါင်းစုံ မည်သည့်ဌာနမှဧည့်ရိပ်သာ အဆောက်အဦ(၁)လုံးမှမရှိတဲ့ အတွက်သက်ဆိုင်ရာဌာနများမှ လာရောက်ကြတဲ့အခါမှာ တည်းခိုစရာနေရာမရှိတဲ့အတွက် ကုန်ကျစရိတ်ရှိနိုင်တယ်ဆိုပြီး စဉ်းစားကြတဲ့အတွက်ဌာနဆိုင်ရာ မည်သည့်ဌာနမဆို အားလုံးအသုံးပြုနိုင်တဲ့အဆောက်အဦ(၁)လုံး ဆောက်လုပ်ရန် လိုအပ်ကြောင်း တင်ပြခြင်းဖြစ်ပါတယ်။"

**ဥက္ကဋ္ဌ။** ။ "မိုးဇလဌာနနဲ့ ပတ်သက်လို့ .."။

**ဦးဇာနည်အောင်၊ ဝန်ကြီး၊ လျှပ်စစ်၊ စွမ်းအင်နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန။** ။

"လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး ယခုတက်ရောက်လာကြသော လွှတ်တော်ကိုယ်စားလှယ် များ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဧည့်သည်တော်များ၊ ကျွန်တော်ကတော့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနဝန်ကြီးဖြစ်ပြီး လွှတ်တော်ကိုယ်စားလှယ် ဦးဝိုင်းချစ်အောင် မေးမြန်းထားတဲ့ မိုးဇလကိစ္စနှင့်ပတ်သက်၍ ဝန်ကြီး ဦးဇာနည်အောင်ကိုယ်စား ဖြေကြားမှာဖြစ်ပါတယ်။ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှု ဦးစီးဌာန၊ အထက်မြန်မာပြည်ဌာနခွဲရုံးကြီးသည် ၁၉၈၆ခုနှစ်ခန့်မှ စတင်တည်ဆောက်ခဲ့ပြီး ယခုအခါ အမိုး၊ မျက်နှာကျက်များပြင်ဆင်ရန်လိုအပ်ခြင်း၊ ရေနှင့်လျှပ်စစ်မီးကြိုးများ ပြုပြင်ရန်လိုအပ်ခြင်း၊ အဆောက်အဦပြုပြင်ရန် လိုအပ်လျှက်ရှိသဖြင့် တင်ပြတောင်းခံခြင်းဖြစ်ပြီး တင်ပြပါလုပ်ငန်းများအားတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် တင်ဒါစိစစ်ရေး၊ အရည်အသွေး စိစစ်ရေးအဖွဲ့များဖွဲ့စည်း၍ စနစ်တကျတင်ပြဆောင်ရွက်သွားပါမည်။ ဆက်လက်ပြီး အများပြည်သူအပိုင်းဖြစ်တဲ့ ရေမြစ်ဖြိုး ကိစ္စကို ကျွန်တော်ကပဲ ကိုယ်စားပြုပြီး ဖြေကြားသွားမှာဖြစ်ပါတယ်။ ရေမြစ်ဖြိုးဌာန၏ ၂၀၁၇-၂၀၁၈ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများအတွက် တောင်းခံထားငွေမှာ (၂၉၆၉၁.၈)သိန်း ဖြစ်ပါ တယ်။ ၎င်းငွေကြေးဖြင့် စီမံဆောင်ရွက်မည့်လုပ်ငန်းများမှာ မျှောတိုင်တန်း၊ ကျောက်ဖြည့်၊ ရေကာလုပ်ငန်းများသာ များပြားနေခြင်းကြောင့် ခဏခဏပြုပြင်ပြီး နှစ်စဉ်နှစ်တိုင်း ဘဏ္ဍာငွေများကုန်နေမည့်အစား ရေရှည်ခိုင်ခံ့သောကမ်းပြိုကာကွယ်ရေး တည်ဆောက်မှုမျိုးသာ ဆောင်ရွက်သင့်ကြောင်းတင်ပြချက်ကို ဖြေကြားသွားမှာဖြစ်ပါတယ်။ ရေမြစ်ဖြိုးဌာနက မြစ်ချောင်းပြုပြင်ရေးလုပ်ငန်းများအပြင် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် တိုက်ရိုက်ကာကွယ်ခြင်း နည်းစနစ်၊ သွယ်ဝိုက်ကာကွယ်ခြင်းနည်းစနစ်တို့ဖြင့် ဆောင်ရွက်ရပါတယ်။ တိုက်ရိုက်ကမ်းပြိုကာကွယ်နည်းစနစ်တွင် ရေရှည်တည်တံ့မည့် ကမ်းထိန်းဒီဇိုင်းများဖြင့် ဆောင်ရွက်ရပါတယ်။ သွယ်ဝိုက်ကမ်းပြိုကာကွယ်သည့်နည်းစနစ်တွင် ရေလမ်းပြောင်းလဲရေးဆိုင်ရာ ရေလွှဲရေကာများဖြင့် ဆောင်ရွက်ရပါတယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ကမ်းပြိုကာကွယ်ရေးအတွက် တောင်းခံ

ထားသောကျေးရွာအများစုမှာ တိုက်ရိုက်ကာကွယ်ထိန်းသိမ်းရန် ရေလမ်းကြောင်းပြုပြင်ခြင်း၊ ကမ်းပါးမြေအခြေအနေမျိုးအရ တိုက်ရိုက်ကာကွယ်ထိန်းသိမ်းရန် မဖြစ်နိုင်သည့်အတွက် ရေလွှဲ/ရေကာများဆောင်ရွက်ရန် ရေးဆွဲထားခြင်းဖြစ်ပါတယ်။ ရေလွှဲရေကာများအနက် မျှောတိုင်တန်း၊ ကျောက်ဖြည့်ရေကာများသည် နည်းပညာအရအနည်ကျမှုကို အများဆုံးဖြစ်နိုင်သည့်အတွက် ရွေးချယ်ဆောင်ရွက်ထားခြင်းဖြစ်ပါတယ်။ အဆိုပါနည်းစနစ်ကို နယ်သာလန်နိုင်ငံရှိ ရေဘက်ဆိုင်ရာ ပညာရှင်များမှ မြန်မာနိုင်ငံရှိ မြစ်များ၏အခြေအနေနှင့်ဘဏ္ဍာရေး အခြေအနေတို့အရ မြန်မာနိုင်ငံနှင့် ကိုက်ညီမည့် ကုန်ကျစရိတ် အနည်းဆုံးဖြစ်သည့် ကျောက်စီဖြည့်ခြင်းနည်းစနစ်များကို အသုံးပြုမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားအပ်ပါသည်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ "

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ရုံးကတင်ပြထားတဲ့ လင်ခရူဇာကားနဲ့ပတ်သက်ပြီး လွှတ်တော်ရုံးအကြီးအမှူးမှတင်ပြပေးရန်ဖြစ်ပါတယ်။

**ဒေါ်ခင်မြမြ၊ ညွှန်ကြားရေးမှူး၊ မန္တလေးတိုင်းဒေသကြီးလွှတ်တော်**။ ။"ကျွန်မတို့လွှတ်တော်ရုံးအနေဖြင့် ကားဝယ်ဖို့တင်ပြထားပါတယ်။ ဒါကတော့ ကျွန်မတို့လွှတ်တော်ရုံးသီးခြားဖွဲ့စည်းဖို့အတွက်ဖွဲ့စည်းပုံကို နိုင်ငံတော်သမ္မတရုံးက ခွင့်ပြုချက်ကျပြီဖြစ်တဲ့အတွက် အရာရှိများအတွက်စောစောက လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ပြောသွားသလိုပါပဲ၊ ရာထူးအဆင့်နဲ့ လျော်ညီတဲ့ ကျွန်မတို့ရုံးမှာ သတ်မှတ်ပေးထားတာတွေရှိပါတယ်။ ဘယ်အဆင့်ကိုတော့ ဘယ်လောက်တန်ဖိုးရှိတဲ့ကားဆိုတာသတ်မှတ်ချက်ရှိပါတယ်။ အဲဒီသတ်မှတ်ချက်နဲ့ လျော်ညီတဲ့ကားအမျိုးအစားကိုတင်ပြထားပါတယ်။ ဒါပေမဲ့လင်ခရူဆာဆိုတော့ လွှတ်တော်ကိုယ်စားလှယ်တွေက လန့်သွားမှာပါ။ တကယ်တော့ကျွန်မတို့က ၉၇/၉၈ တို့၊ မော်ဒန်အဟောင်းတွေကို ဝယ်တဲ့အခါမှာ ဈေးနှုန်းကဒီလောက်ဈေးမကြီးပါဘူး။ ဒါပေမဲ့လွှတ်တော် ကိုယ်စားလှယ်များကမသင့်ဘူးဆိုရင် ကျွန်မတို့ကမဝယ်ပါဘူးရှင်။"

**ဥက္ကဋ္ဌ**။ ။ တောင်သာမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) လွှတ်တော်ကိုယ်စားလှယ် ဦးဝိုင်းချစ်အောင်၏ သဘောထားပြောရန်ဖြစ်ပါတယ်။ ဦးဝိုင်းချစ်အောင်အနေနဲ့ ဘယ်ဟာကိုတော့ဖြတ်သင့်ပါတယ်။ ဘယ်ဟာကိုတော့ ဘယ်လောက်လျှော့သင့်တယ်။ ဒါလေးအသေးစိတ်ပြောနိုင်ဖို့တင်ပြပေးရန်ဖြစ်ပါတယ်။

**ဦးဝိုင်းချစ်အောင်၊ တောင်သာမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)**။ ။ "ပြောကြားပေးသွားတဲ့သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် လွှတ်တော်ရုံးအကြီးအမှူးကိုလည်း ကျေးဇူးတင်ပါတယ်။ ကျွန်တော်ကဒါတွေကိုမသုံးနဲ့၊ ဖြတ်ဖို့ချည်းပြောနေတာမဟုတ်ပါဘူး။ တကယ်လို့ မဖြစ်မနေသုံးရမယ်ဆိုရင်

မှန်မှန်ကန်ကန်နဲ့စနစ်တကျသုံးပါ။ ကျန်တဲ့ငွေကိုလည်း သက်ဆိုင်ရာပြည်သူ့ဘဏ္ဍာအဖြစ် သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအဖွဲ့ လက်ထဲမှာပြန်အပ်ပေးမှ ဒီကပိုလာတဲ့ငွေကို ဒီထက်ပိုပြီးတော့ ကောင်းမွန်တဲ့အကျိုးရှိတဲ့ပြည်သူ့ အကျိုးပြုလုပ်ငန်းတွေမှာသုံးဖို့ပဲဖြစ်ပါတယ်။ သုံးဖို့ကျွန်တော်ပြောတာဖြစ်ပါတယ်။ အဲဒီတော့စောစောက ကျွန်တော်တို့မန္တလေးမြို့ စည်ပင်သာယာရေးဝန်ကြီး ပြောသွား တာဟာအခုမှကိန်းဂဏန်းတွေနဲ့ ဝယ်ယူမည့်အကြောင်းအရာတွေကို သိရတာဖြစ်ပါတယ်။ အဲဒီအတွက်လည်းဝန်ကြီးကို ကျေးဇူးတင်ပါတယ်။ နောင်လာမည့် Re ပဲဖြစ်ဖြစ် BE ပဲဖြစ်ဖြစ်ပစ္စည်းတွေတင်တဲ့အခါမှာ နောက်ဆက်တွဲအနေနှင့် ကျွန်တော်တို့ကိုအမျိုးအစားတွေကို တိတိကျကျဖော်ပြပေးဖို့လိုအပ်ပါတယ်၊ ကျွန်တော်ကော်မတီအတွင်းရေးမှူးတစ်ယောက်အနေနှင့် ဌာနပေါင်းစုံ (၂၄)ခုငွေလုံးငွေရင်းစစ်ပါတယ် အချို့ဌာနတွေဆိုရင် အင်္ဂလိပ်လိုရေးပြီး နောက်ပိုင်းမှာအမျိုးအစားဖော်ပြထားတဲ့ဇယားလေးတွေ တွေ့ရပါတယ်။ အချို့ဌာနတွေမှာမပါပါဘူး၊ ပြီးစလွယ်လုပ်ထားတာတွေ့ရပါတယ်၊ နောင်မဖြစ်ဖို့အတွက်ပြောတာပါ။ ကျွန်တော်တို့ မြစ်ချောင်းဖြိုးဌာနနှင့်ပတ်သက်ပြီးတော့လည်းဒါဟာ နယ်သာလန်မှအထောက်အကူပြုထားကြောင်းလည်း သိရပါတယ်။ ဒါ ပေမယ့် မိုးဇလဌာနမှာ ပြင်ဆင်ထိန်းသိမ်းရမယ့် အဆောက်အုံတွေနှင့်ပတ်သက်ပြီးတော့လည်း တင်ဒါခေါ်တဲ့အခါမှာစနစ်တကျ မှန်မှန်ကန်ကန်ပြင်ဆင်ပြီးတော့ သတ်မှတ်ထားတဲ့ ဈေးနှုန်းထက် မကျော်စေဘဲအရည်အသွေး စစ်ဆေးရေးဌာနကနေပြီးတော့ ပိုလာတဲ့ငွေပမာဏကိုလည်း သက်ဆိုင်ရာဌာနကိုပြန်အပ်ပြီးတော့ ကျန်တဲ့ဒေသဆိုင်ရာအကျိုးပြုလုပ်ငန်းတွေမှာ ပြန်လည်ဆောင်ရွက်ရမည့်အနေအထားမျိုးတွေ ဖြစ်တယ်။ နိဂုံးချုပ်အနေနဲ့ ပြောရမယ် ဆိုရင်တော့ ရှင်းလင်းသွားတဲ့တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များအားလုံးကို ရှင်းလင်းသွားတဲ့ သဘောထားကို သဘောတူပါတယ်။"

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာဝန်ကြီးဌာနများ၏ တင်ပြချက်အပေါ်မှာ ဦးဝိုင်းချစ်အောင်ကလက်ခံသဘောတူတဲ့အတွက် ဒီအပေါ်မှာဆုံးဖြတ်ပေးရန်မလိုတော့ပါဘူး။ နောက်အစီအစဉ်(၁၅) ဖြစ်ပါတယ်။

## ပြည်ကြီးတံခွန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁) လွှတ်တော်ကိုယ်စားလှယ်ဒေါက်တာချစ်ကိုကို ဆွေးနွေးခြင်းနှင့် လွှတ်တော်၏သဘောထားရယူခြင်း

**ဥက္ကဋ္ဌ**။ ။ ပြည်ကြီးတံခွန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ လွှတ်တော်ကိုယ်စားလှယ်၊ ဒေါက်တာချစ်ကိုကို အဆိုတင်ဆွေးနွေးရန် ဖြစ်ပါတယ်။"

**ဒေါက်တာချစ်ကိုကို၊ ပြည်ကြီးတံခွန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)။** ။ "ဒုတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော်၊ အရေးပေါ်အစည်းအဝေး(၁/၂၀၁၆)ကြွရောက်လာကြတဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဒုတိယဥက္ကဋ္ဌကြီး၊ ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဧည့်သည် တော်များနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များနှင့် သတင်းမီဒီယာများအားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ ပြည်ကြီးတံခွန်မြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၁)မှဒေါက်တာချစ်ကိုကိုဖြစ်ပါတယ်။ ကျွန်တော်တင်ပြဆွေးနွေးမည့် အကြောင်းအရာက တော့မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီမှ တင်ပြတောင်းခံထားသော ငွေလုံးငွေရင်းအသုံးစရိတ်စာရင်းစာအုပ် စာမျက်နှာ (၆၆) ဖြည့်စွက်လုပ်ငန်းများခေါင်းစဉ်အောက်ရှိ ပြည်ကြီးတံခွန်မြို့နယ်အတွင်း (၇၄)လမ်းမကြီးနှင့် (၇၃)လမ်းမကြီး ကွန်ကရစ်တံတား၊ ရေမြောင်း၊ Land Scaping လမ်းမီး၊ ပလက်ဖောင်းအပါအဝင် တံခွန်တိုင်အဝိုင်းပတ်မှ ငွေတော်ကျီကုန်း မင်္ဂလာလမ်းအထိနှင့် ငွေတော်ကျီကုန်းမှသာယာဝတီ လမ်းမကြီးထိ ကွန်ကရစ်လမ်းခင်းခြင်း (၇၈၀၀၀၀၀၀၀၀/-) (သိန်းပေါင်းခုနှစ်သောင်းရှစ်ထောင်) တင်ပြတောင်းခံထားတဲ့အပေါ် ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား ယခုတောင်းခံထား သော၇၃လမ်းနှင့်၇၄လမ်းဆိုပြီးတော့ ရောထွေးပြီးတောင်းခံထားခဲ့တာကို တွေ့ရှိရပါတယ်။ အဲဒီ လမ်း(၂)လမ်းအနက် ၇၄လမ်းမှာ ပကတိမြေပြင်အခြေအနေတွင် ကွန်ကရစ်လမ်းခင်းထားပြီး ဖြစ်ပါတယ်။ ထို့အပြင်ရေမြောင်း၊ ကွန်ကရစ်တံတား၊ လမ်းမီး၊ ပလက်ဖောင်းစသည်များလည်း တည်ဆောက်ထားပြီးဖြစ်ပါတယ်။ ထို့အတူပဲ ရောထွေးတင်ပြတောင်းခံထားခြင်းဟာ ရှင်းလင်းမှု မရှိပါ။ မူလတုန်းက MCDC မှရရှိထားသော မြေနေရာအတွင်းလည်း ပါဝင်သောလမ်းများဖြစ်ပါ သည်။ ထို(၇၄)လမ်းအား ဘတ်ဂျက်အတွင်း တင်ပြထားခြင်းမှာ ရှင်းလင်းခြင်းမရှိတဲ့အတွက် ပိုလျှံငွေများကို မြို့သစ်အင်္ဂါရပ်နှင့် မညီညွတ်သေးသော မြို့သစ်များတွင် မရှိသေးသောလမ်းများ အားဖောက်လုပ်မည်ဆိုပါက မြို့တော်အင်္ဂါရပ်နှင့်ညီညွတ်၍ ဖွံ့ဖြိုးတိုးတက်မည်ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ယခုတောင်းခံထားသော ကျပ်သိန်းပေါင်းခုနှစ်သောင်း ရှစ်ထောင်(၇၈၀၀၀၀၀၀၀၀/-)အားမြို့တော် ဖွံ့ဖြိုးသာယာရေးအတွက်သာ အသုံးချသင့်ပါကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်ခင်ဗျား။"

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား ပြည်ကြီးတံခွန်မြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၂) လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာချစ်ကိုကိုက မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီက ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ်တောင်းခံရာတွင် ပြည်ကြီး တံခွန်မြို့နယ်အတွင်းရှိ ၇၄ လမ်းမကြီးနှင့် ၇၃ လမ်းမကြီး ကွန်ကရစ်တံတား၊ ရေမြောင်း၊ Land Scaping လမ်းမီး၊ ပလပ်ဖောင်းအပါအဝင်၊ တံခွန်တိုင်အဝိုင်းပတ်မှ ငွေတော်ကျီကုန်း မင်္ဂလာလမ်း အထိနှင့်

ငွေတော်ကျိုကုန်းမှ သာယာဝတီလမ်းမကြီးအထိ ကွန်ကရစ်လမ်းခင်းခြင်းအတွက် သိန်းပေါင်း (၇၈၀၀၀)တိတိ တင်ပြတောင်းခံထားကြောင်း၊ သို့ရာတွင် အဆိုပါ လမ်းခင်းခြင်းအပါအဝင် လုပ်ငန်းများမှာ ပကတိမြေပြင်အခြေအနေတွင် ဆောင်ရွက်ပြီးဖြစ်သည့်အပြင် MCDC ကုမ္ပဏီကို ချထားပေးသည့် မြေနေရာတွင်ပါဝင်ကြောင်း၊ မြို့တော်စည်ပင်သာယာရေးကော်မတီအနေဖြင့် ဆောင်ရွက်ပြီးသားလုပ်ငန်းကိုဖော်ပြ၍ ဘတ်ဂျက်တောင်းခံခြင်းထက် မြို့သစ်များတွင် လိုအပ်သည့် လမ်းများကိုဖောက်လုပ်ပေးရန် အဆိုတင်သွင်းထားပါတယ်။ သက်ဆိုင်ရာဝန်ကြီးက ရှင်းလင်း တင်ပြရန် ဖြစ်ပါတယ်။

**ဒေါက်တာရဲလွင်၊ ဝန်ကြီး၊ စည်ပင်သာယာရေးဝန်ကြီးဌာန။** ။ "လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါ။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ တင်ပြ တောင်းခံထားသော ငွေလုံးငွေရင်းအသုံးစရိတ် စာရင်းစာအုပ် စာမျက်နှာ(၆၆) ဖြည့်စွက်လုပ်ငန်း များခေါင်းစဉ်အောက်ရှိ ပြည်ကြီးတံခွန်မြို့နယ်အတွင်း (၇၄)လမ်းမကြီးနှင့် (၇၃)လမ်းမကြီး ကွန်က ရစ်တံတား၊ ရေမြောင်း၊ Land Scaping လမ်းမီး၊ ပလက်ဖောင်းအပါအဝင် တံခွန်တိုင်အဝိုင်းပတ်မှ ငွေတော်ကျိုကုန်း မင်္ဂလာလမ်းအထိနှင့် ငွေတော်ကျိုကုန်းမှ သာယာဝတီလမ်းမကြီးထိ ကွန်ကရစ် လမ်းခင်းခြင်း (၇၈၀၀၀)သိန်း တင်ပြတောင်းခံထားကြောင်း၊ ယခုတောင်းခံထားသောလမ်းမှာ ပကတိမြေပြင်အခြေအနေတွင် ကွန်ကရစ်လမ်းခင်းထားပြီးဖြစ်သည့်အတွက် ၂၀၁၇-၂၀၁၈ဘဏ္ဍာ ရေးနှစ်တွင် တောင်းခံထားခြင်းမှာ မည်သည့်အတွက် တောင်းခြင်းဖြစ်ပါသနည်း။ ထိုလမ်းမှာ MIDC မှရရှိထားသော မြေနေရာအတွင်းလည်းပါဝင်သော လမ်းများဖြစ်ကြောင်း၊ ခင်းပြီးသော လမ်းအားဘတ်ဂျက်တောင်းခံခြင်းထက် မြို့သစ်အင်္ဂါရပ်နှင့်မညီညွတ်သေးသော မြို့သစ်များတွင် မရှိသေးသောလမ်းများအား ဖောက်လုပ်မည်ဆိုပါက မြို့တော်အင်္ဂါရပ်နှင့်ညီညွတ်၍ ဖွံ့ဖြိုးတိုးတက် မည်ဖြစ်ကြောင်း၊ သို့ဖြစ်ပါ၍ ယခုတောင်းခံထားသော (၇၈၀၀၀)သိန်းအား မြို့တော်ဖွံ့ဖြိုးသာယာ ရေးအတွက်သာ ဆောင်ရွက်သင့်ကြောင်း ဆွေးနွေးတင်ပြချက်ကို မြို့တော်ဝန်က ပြန်လည်ဆွေးနွေး ရာမန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီက ပြည်ကြီးတံခွန်မြို့နယ်၊ ရန်ကုန်-မန္တလေးလမ်း ကြီးအဆုံးတံခွန်တိုင်အဝိုင်းအနီး Mandalay Garaden City Construction Co.ltd ပိုင်မြေ (၇၇.၄၄)ဧကပေါ်တွင် Mandalay Industrial Trade Center စီမံကိန်းဆောင်ရွက်ရန်အတွက် နှစ်ဦးသဘောတူစာချုပ်အား (၃.၄.၂၀၁၅)ရက်နေ့တွင် ချုပ်ဆိုခဲ့ပါကြောင်း၊ ၎င်းမြေသည် MGCC ပိုင်မြေဖြစ်ပြီး စီမံကိန်းအတွင်း အခြေခံအဆောက်အအုံများ ဆောင်ရွက်ခြင်း၊ ဂရန်ထုတ်ပေးရန်ကိစ္စ များပါဝင်၍ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနှင့် အကျိုးတူစာချုပ်ချုပ်ဆို ဆောင်ရွက်

ခြင်းဖြစ်ပြီး စီမံကိန်းကာလ(၃)နှစ်အတွင်း MCDC သို့ MGCC (၂၀)ဘီလီယံကျပ်အား နှစ်အလိုက် ခွဲ၍ ပေးသွင်းမည်ဖြစ်ကြောင်း၊ MGCC ကုမ္ပဏီသည် အခြေခံအဆောက်အအုံများတည်ဆောက် ခြင်းအား ကနဦးပြီးစီးအောင်ဆောင်ရွက်လိုသဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ ဘဏ္ဍာရေးနှစ်အလိုက် ဆောင်ရွက်ပေးမည့်အစီအစဉ်အား မစောင့်ဆိုင်းလိုဘဲ ကုမ္ပဏီမှငွေကြေး စိုက်ထုတ်၍ ဦးစွာဆောင်ရွက်ထားပြီး နှစ်အလိုက်ပေးသွင်းငွေမှ ခုနှိမ်ပြီးစာရင်းရှင်းရန် တင်ပြခဲ့မှု အပေါ် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ သဘောတူသဖြင့် တင်ပြလာသော ခန့်မှန်းကုန်ကျငွေစာရင်း အားဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ လမ်းဦးစီးဌာနမှ ညွှန်ကြားရေး မှူးဥက္ကဋ္ဌအဖြစ်ဆောင်ရွက်၍ စုစုပေါင်းအဖွဲ့ဝင်(၁၀)ဦးပါဝင်သောအဖွဲ့အား မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းတာဝန်ပေး စစ်ဆေးခဲ့ပါသည်။ MGCC ကုမ္ပဏီမှ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီသို့ ပေးသွင်းငွေ(၂၀)ဘီလီယံကျပ်မှ အခြေခံအဆောက် အအုံများတည်ဆောက်ခြင်းအတွက် ကုန်ကျငွေ (၁၃.၆၄၂၈၉) ဘီလီယံခုနှိမ်ပါက မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီမှ မန္တလေးမြို့တော်အတွင်း အခြားတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် (၆.၆၅၇၁၁) ဘီလီယံ ကျန်ရှိမည်ဖြစ်ပါသည်။ ယခု(၇.၈)ဘီလီယံတောင်း ခံခြင်းသည် MGCC ကုမ္ပဏီမှဘဏ္ဍာရေးနှစ်အလိုက် ပေးသွင်းငွေအပေါ်မူတည်၍ ဘဏ္ဍာရေး လုပ်ထုံးလုပ်နည်းအရ ဝင်ငွေနှင့်သုံးငွေအညီဆောင်ရွက်ထားခြင်း ဖြစ်ကြောင်း အခြေခံအဆောက် အအုံအား MGCC ကုမ္ပဏီမှ စိုက်ထုတ်ဆောင်ရွက်နေသဖြင့် ဖော်ပြပါပမာဏထက်စော၍ ပြီးစီး နေခြင်းဖြစ်ကြောင်း၊ ၂၀၁၅ ခုနှစ်၊ ဧပြီလကမူလစာချုပ်ပါအချက်အလက်များအရ ထိုသို့တောင်းခံ ခြင်းဖြစ်ကြောင်း၊ (၇၄)လမ်းအတွက် တောင်းခံခြင်းမဟုတ်ဘဲ (၇၃)လမ်းအတွက် (၇၈၀၀၀)သိန်း တောင်းခံခြင်းဖြစ်ကြောင်း ပြန်လည်ရှင်းလင်းဖြေကြားပါသည်။"

**ဥက္ကဋ္ဌ။** ။ ပြည်ကြီးတံခွန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာချစ်ကိုကို၏ သဘောထားပြောရန်ဖြစ်ပါတယ်။

**ဒေါက်တာချစ်ကိုကို၊ ပြည်ကြီးတံခွန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)။** ။"တကယ်တမ်း တော့ ဒီလိုဖြစ်ရတာဟာ ရှင်းလင်းခြင်းမရှိတာတွေ၊ အသေးစိတ်စာရင်းမပါရှိတာတွေ၊ ကျွန်တော်တို့ စစ်ဆေးရမယ့် လွှတ်တော်ကိုယ်စားလှယ်များ(၃)ရက် အချိန်ရတယ်။ ဒီကိစ္စ၊ နောက်တစ်ခုရှောနေ တာက ၇၃ လမ်းနဲ့ ၇၄ လမ်းရှောနေတာတွေက ဒီလိုပြဿနာဖြစ်ရတာပါ။ တကယ်တမ်းတော့ ၇၃ လမ်းဖောက်ရင်တော့ ကန့်ကွက်ရန်မရှိပါ။ အားလုံးကို ကျေးဇူးတင်ပါတယ်။"

**ဥက္ကဋ္ဌ။** ။ ဝန်ကြီးရဲ့ဖြေကြားချက်ကို ဒေါက်တာချစ်ကိုကိုက လက်ခံတဲ့အတွက် မူလ တင်ပြချက်အတိုင်း အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (တူထုသည်)

**စဉ့်ကိုင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) လွှတ်တော်ကိုယ်စားလှယ် ဦးလှိုင်ဝင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ သဘောထားရယူခြင်း**

**ဥက္ကဋ္ဌ။** ။ စဉ့်ကိုင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ လွှတ်တော်ကိုယ်စားလှယ်၊ ဦးလှိုင်ဝင်း အဆိုတင်ဆွေးနွေးရန် ဖြစ်ပါတယ်။

**ဦးလှိုင်ဝင်း၊ စဉ့်ကိုင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)။** ။ "ဒုတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် အရေးပေါ်အစည်းအဝေးသို့ တက်ရောက်လာသော လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ဝန်ကြီးချုပ်နှင့်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ တပ်မတော်သားကိုယ်စားလှယ်များနှင့် မီဒီယာများ၊ ရုံးအဖွဲ့များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါ တယ်။ ကျွန်တော်ကတော့ စဉ့်ကိုင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးလှိုင်ဝင်းဖြစ်ပါတယ်။ မန္တလေးတိုင်းဒေသကြီး၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် မူလအရအသုံးခန့်မှန်းခြေ ငွေစာရင်းများကို ဆွေးနွေးတင်ပြပါမယ်။ ဘတ်ဂျက်အရအသုံးမှန်းခြေ ဆိုတာ ဘဏ္ဍာရေးနှစ်မတိုင်မီ ကြိုတင်ရေးဆွဲရမှာဖြစ်ပါတယ်။ ရသုံးမှန်းခြေငွေစာရင်းဆိုတာ တကယ်လက်တွေ့သုံးစွဲရမဲ့အချိန်ရောက်တဲ့အခါကျရင် ရောက်ရှိနေတဲ့အချိန်အခါပေါ်မှာ မူတည်ပြီးတော့ပြောင်းလဲမှုများလည်းရှိမှာဖြစ်ပါတယ်။ အဲ့ဒီအခါမှာ ကြိုတင်ခန့်မှန်းတွက်ချက်တာနှင့် ကွာဟမှုကြီးမားသွားမှာကိုလည်း ကျွန်တော်တို့လွှတ်တော်ကိုယ်စားလှယ်များအနေနှင့် ကြုံတွေ့ရမှာကို အလွန်ပဲစိုးရိမ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဘတ်ဂျက်အရအသုံးမှန်းခြေကိစ္စကို လွှတ်တော်က ခွင့်ပြုပေးတယ်။ ဒီလိုဌာနဆိုင်ရာတွေရဲ့ ဘတ်ဂျက်အရအသုံးခန့်မှန်းခြေစာရင်းကို လွှတ်တော်ကိုယ်စားလှယ်(၅)ဦးက လေ့လာစိစစ်ရတယ်။ လေ့လာစိစစ်ဖို့အချိန်အလွန်ပင် နည်းပါးတယ်ဆိုတာ အားလုံးအသိဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ တင်ပြခဲ့တဲ့ကွာဟမှုများအတွက် ဟန်ချက်ညီတဲ့ စီမံခန့်ခွဲ မှုတွေ အခြေအနေအချိန်အခါတွေ ပြောင်းလဲလာမှုနှင့်အတူ ပြောင်းလဲပြင်ဆင်ရေးဆွဲဖို့ရာ အားလုံးအသိဖြစ်ပါတယ်။ နောက်အစည်းအဝေးဆိုတာက ဘတ်ဂျက်ငွေတောင်းခံရာမှာ အမှန်တကယ်လိုအပ်နေတဲ့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းနေရာများကို အလေးထားပြီး သုံးသင့်ကြောင်း အုပ်ချုပ်ရေးအဖွဲ့အစည်းများ လူပုဂ္ဂိုလ်များရဲ့အဆောင်အယောင် အဆောက်အအုံများအတွက် ဒီကနေ့ခြိုးခြံ ချွေတာရမဲ့ အချိန်ကာလနှင့်အညီ ညီညွတ်မျှတစွာမသုံးစွဲဘဲ လွန်ကဲတဲ့အပေါ်သုံးစွဲမယ်ဆိုလို့ရှိရင် ဒေသဖွံ့ဖြိုးရေးဌာနတွေမှာ ရာခိုင်နှုန်းကောင်းမွန်တဲ့ ထိရောက်မှုတွေရှိလာမှာမဟုတ်ပါဘူး။ ဒါကြောင့်မို့လို့ အဲ့ဒီလိုအသုံးစရိတ်တွေအတွက် ရာခိုင်နှုန်းသတ်မှတ်ပြီးတော့ မူဝါဒချမှတ်သင့်ကြောင်း အကြံပေးဆွေးနွေးလိုပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်မနေ့ကတင်ပြခဲ့တဲ့ ဆွေးနွေးလိုတဲ့ ကိစ္စအတွက် ပြင်ဦးလွင်မြို့နယ်၊ သက်ဆိုင်ရာကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ ညှိနှိုင်း

ဆွေးနွေးမှုအရ ကိုယ်စားလှယ်များ၏ ကွင်းဆင်းလေ့လာမှုအရ ကျွန်တော့်အနေနှင့် ဆွေးနွေးဖို့ အထူးပဲတင်ပြလိုခြင်းမရှိပါဘူး။ တစ်ဆက်တည်း စဉ့်ကိုင်ကိုယ်စားလှယ်တစ်ဦးအနေနှင့် တစ်ဆက် တစ်စပ်တည်း တင်ပြခွင့်ရှိတာကတော့ မနက်ပိုင်းကစွန်ရဲအင်းကိစ္စကို တင်ပြလိုပါတယ်။ မနက်ပိုင်း မှာလွှတ်တော်ရဲ့အဆုံးအဖြတ်ကို ကျွန်တော်လေးစားခံယူထားပါတယ်။ သို့သော်လည်းပဲ စွန်ရဲအင်း ဆိုတာက ကျွန်တော်တို့စဉ့်ကိုင်မြို့နယ်အတွက် အရေးတကြီးလိုအပ်လှတဲ့အင်း ဖြစ်ပါတယ်။ အဲ့ဒီမှာ ဆိုကျွန်တော်တို့ကျေးရွာတွေ (၈)ရွာရှိပါတယ်။ ဒီ(၈)ရွာက မိုးစပါးရေ သောက်ပါတယ်။ ကျွန်တော် တို့ဒီကျေးရွာ(၈)ရွာက စွန်ရဲအင်းကို အားကိုးနေရပါတယ်။ ဒီစွန်ရဲအင်းမှာ ရေမရှိဘူးဆိုရင် ကျေးရွာ (၈)ရွာ ဧကပေါင်း၊ စိုက်ပျိုးမြေဧကပေါင်း (၃၄၈၉)ဧကကို လုံးဝအဖတ်ဆည်လို့ မရပါဘူး။ ဒါက လည်းပြီးခဲ့တဲ့နွေရာသီကပါ။ အဲ့ဒီစွန်ရဲအင်း အခြေအနေဖွံ့ဖြိုးတိုးတက်မှုရှိမှ သက်ဆိုင်ရာ ကျေးရွာ (၈)ရွာရဲ့ နေထိုင်မှုက ဖွံ့ဖြိုးတိုးတက်လာမှာ ဖြစ်ပါတယ်။ အခုအဲ့ဒီဘက်က ကျေးရွာတွေ လာတိုင် ရင်နိုင်ငံပိုင်သိမ်းမြေတွေ ရှိပါတယ်။ စွန်ရဲအင်းက ရေထုက (၃)ပေ (၄)ပေလောက်ရှိပါတယ်။ ဒီ အပေါ်မှာ တောင်သူလယ်သမားများ စိုက်ရေပျိုးရေမရှိတဲ့အတွက် စိုက်ပျိုးရေးကဏ္ဍက မဖွံ့ဖြိုး ပါဘူး။ ပင်ပန်းဆင်းရဲပါတယ်။ ငါးပဲဖမ်းလို့ရတယ်။ ငါးဖမ်းမယ်ဆိုလို့ရှိရင်တော့ စွန်ရဲအင်းက ငါးပျော်ဖို့ရေမဖြစ်လာဘူး။ သုတေသနတွေလုပ်နေပါတယ်။ ဒီအတွက် ဒေသခံတွေက အခက်အခဲ တွေအများကြီး ဖြစ်နေပါတယ်။ ဒါကြောင့်မို့လို့ စွန်ရဲအင်းမှာ ရေတူးဖောက်ဖို့ လိုပါတယ်။ ရေဝင် ပမာဏအားကောင်းဖို့ လိုပါတယ်။ ဒါမှသာလျှင် စိုက်ပျိုးမြေဧက (၃၄၈၉)ဧက စိုက်ပျိုးရေးလုပ်ငန်း ဖြစ်ထွန်းလာမှာ ဖြစ်ပါတယ်။"

**ဥက္ကဋ္ဌ။** ။ ကိုယ်စားလှယ် နိဂုံးချုပ်ပါတော့။

**ဦးလှိုင်ဝင်း၊ စဉ့်ကိုင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)။** ။ "ကျေးဇူးတင်ပါတယ်။"

**ဥက္ကဋ္ဌ။** ။ စဉ့်ကိုင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) လွှတ်တော်ကိုယ်စားလှယ် ဦးလှိုင်ဝင်းမှ ၎င်း၏ဆွေးနွေးချက်ကို ပြန်လည်ရုတ်သိမ်းသွားတဲ့အတွက် မူလတင်ပြချက်အတိုင်း အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (တူထုသည်)

## မန္တလေးတိုင်းဒေသကြီးလွှတ်တော် ပြည်သူ့ငွေစာရင်းသုံးစွဲမှုစိစစ်ရေးကော်မတီနှင့် ဒေသန္တရ စီမံကိန်းအရအသုံးဆိုင်ရာငွေစာရင်းနှင့် ဘဏ္ဍာရေးဆိုင်ရာကော်မတီနှစ်ရပ်၏ ပူးပေါင်း အစီရင်ခံစာပါ အချက်များကို လွှတ်တော်၏ သဘောထားရယူခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၇) ဖြစ်ပါတယ်။ မန္တလေးတိုင်းဒေသကြီးလွှတ်တော် အရေးပေါ် အစည်းအဝေး (၁/၂၀၁၆) ပထမနေ့တွင် ဒေသန္တရစီမံကိန်း၊ အရအသုံးငွေစာရင်းနှင့် ဘဏ္ဍာရေး

ဆိုင်ရာကော်မတီနှင့် ပြည်သူ့ငွေစာရင်းသုံးစွဲမှုကော်မတီ (၂)ခု ပူးပေါင်းတင်သွင်းသည့် အစီရင်ခံစာကိုကျောက်ဆည်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကြည်မှ တင် သွင်းခဲ့ရာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီအနေဖြင့် ကန်တော်ကြီးအပန်းဖြေဥယျာဉ်အတွက် ကျပ်သိန်းပေါင်း (၃၄၅၀) တောင်းခံထားခြင်းမှာ အသေးစိတ်ဖော်ပြထားခြင်းမရှိပဲ များပြားနေကြောင်း၊ အဆိုပါအသုံးစရိတ်အတွက် ရှင်းလင်းပေးပါရန် မေးမြန်းထားခဲ့ပါတယ်။ သက်ဆိုင်ရာ ဝန်ကြီးက ရှင်းလင်းတင်ပြပေးရန် ဖြစ်ပါတယ်။

**ဒေါက်တာရဲလွင်၊ ဝန်ကြီး၊ စည်ပင်သာယာရေးဝန်ကြီးဌာန။** ။ "လေးစားအပ်ပါသောလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်အမှူးပြုတဲ့ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တက်ရောက်လာကြသော လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါ။ ကျွန်တော်တို့ကန်တော်ကြီးဆိုတာ စပြီးတည်ဆောက်ကတည်းက ကန်တော်ကြီး သန့်ရှင်းသာယာလှပရေးအတွက် ရေကိုပိုမိုသန့်စင်အောင်ဆောင်ရွက်ခြင်း၊ နုန်းမြေများ တူးဖော်ဖယ်ရှားခြင်းများ ဆောင်ရွက်သွားမှာဖြစ်သည့်အပြင် ရေကိုညစ်ညမ်းစေသော ငါးမွေးမြူရေးလုပ်ငန်းကိုလည်း လာမယ့်ဘဏ္ဍာနှစ်မှစ၍ ရပ်ဆိုင်းသွားရန် စီမံထားပါကြောင်း၊ ကန်တော်ကြီးအား လူထုအပန်းဖြေနေရာအဖြစ် သတ်မှတ်ထားသော်လည်း အပန်းဖြေရန်နေရာနည်းပါးသဖြင့် ပြည်သူလူထုစိတ်ချမ်းမြေ့စွာ အနားယူနိုင်ရန်အတွက် အသေးစိတ်အစီအစဉ်များမှာ (၁) ကြာကန်ကျောက်ရိုးစီခြင်း၊ လူထုနားနေဆောင်၊ အားကစားပစ္စည်းတပ်ဆင်ခြင်း၊ ကလေးကစားကွင်း၊ မြေယာရှုခင်း၊ ပန်းခြံများပြုလုပ်ခြင်း၊ (၂) သစ်သီးဝလံပြပွဲနေရာရှိ ပြိုင်ပွဲဝင်အသီးအနှံပန်းမန်များတင်ရန် စင်များပြုလုပ်ခြင်း၊ အမိုးစင်ပြုပြင်ခြင်း၊ (၃) ပြပွဲစင်မြင့်ရှေ့ရှိ ရင်ပြင်နေရာလူထုစုပေါင်းကြည့်ရှုရာ ပြပွဲပြိုင်ပွဲပစ္စည်းစုစည်းသည့်နေရာများ ကွန်ကရစ်ခင်းခြင်း၊ (၄) ပန်းခြံများရေလောင်းရန် ရေပန်းများ ပြပွဲနေရာများ၊ပိုက်လိုင်းတပ်ဆင်ခြင်းနေရာများ ဆောင်ရွက်သွားရန်လျာထားခြင်း၊ မန္တလေးမြို့ကျုံးတောင်ဘက်ခြမ်း(၂၆)လမ်း(လမ်း၈၀)နှင့်(၆၆)လမ်းကြား မြို့ရိုးနှင့်ကျုံးကြား အကျယ် ၁၇၀ပေ ခန့်ရှိမြေနေရာလွတ် (ယခင်မန်းသီတာဥယျာဉ်နေရာ) ကန်တော်မင်မြေအမျိုးအစားတွင် နိုင်ငံတကာ အဆင့်မီမြို့တော်အပန်းဖြေဥယျာဉ်တည်ဆောက်ရေး လုပ်ငန်းနှင့်ပတ်သက်၍ (၁၂.၁၀.၂၀၁၆)ရက်နေ့တွင်ပြုလုပ်သော လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး အစည်းအဝေး အမှတ်စဉ်(၁၁/၂၀၁၆) ၌ တင်ပြဆွေးနွေးရာတွင် (က) ယဉ်ကျေးမှုအမွေအနှစ်နေရာဖြစ်ခြင်းနှင့် ကန်တော်မင်နေရာဖြစ်ခြင်းကြောင့် ဆောင်ရွက်မည့်စီမံကိန်းအတွက် ကာကွယ်ရေးဝန်ကြီးဌာနနှင့် ညှိနှိုင်း၍အသေးစိတ်စီမံချက်ရေးဆွဲတင်ပြသွားမည်ဖြစ်ကြောင်း၊ (ခ) အဆိုပါကိစ္စအား မူအားဖြင့်သဘောတူသော်လည်း ပြင်သစ်/ဂျပန် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ရေးဆွဲဆောင်ရွက်လျှက် ရှိသော

မန္တလေးမြို့ City Plan တွင်ထည့်သွင်းရေးဆွဲနိုင်ရေး အကြံပြုချက်များတောင်းခံသွားရန် ဆုံးဖြတ်ခဲ့ကြောင်း၊ အဆိုပါဆုံးဖြတ်ချက်အရ ပြင်သစ်သံရုံးသို့ ဆက်သွယ်ဆောင်ရွက်ရာ လိုအပ်သောအကူအညီများပေးမည်ဖြစ်ကြောင်း အကြောင်းပြန်စာများ လက်ခံရရှိထားပြီးဖြစ်ရာ နိုင်ငံတကာအဆင့်မီပန်းခြံတစ်ခုအား အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မန္တလေးမြို့နေလူထုအပန်းဖြေအနားယူနိုင်သောနေရာနည်းပါးခြင်း၊ ယခုလက်ရှိပန်းခြံများမှာလည်း အပန်းဖြေစရာနည်းပါးခြင်းစသည့်အချက်များအား ပြုပြင်ပြောင်းလဲ၍ ပြည်သူလူထုစိတ်ချမ်းမြေ့စွာ အပန်းဖြေအနားယူနိုင်ရန် ကိုယ်လက်လှုပ်ရှားအားကစားပြုလုပ်နိုင်ရန်၊ ကလေးများပျော်ရွှင်စွာကစားနိုင်ရန်အတွက် ပန်းခြံများအား အဆင့်မြှင့်တင်ရန် စီမံဆောင်ရွက်ထားပါကြောင်း၊ ကမ်းနားလမ်းပန်းခြံ(၆)ခြံ၊ မြနန္ဒါပန်းခြံ၊ ချမ်းမြဝတီပန်းခြံ၊ မန္တလာတံခွန်ပန်းခြံ၊ ရွှေခင်းသာပန်းခြံ၊ သင်္ဂဇာပန်းခြံများတွင် ကလေးကစားစရာပစ္စည်းတပ်ဆင်ခြင်း၊ အကြောလျှော့ အားကစားပစ္စည်းများတပ်ဆင်ခြင်း၊ နားနေဆောင်ပြုလုပ်ခြင်း၊ လူထုလမ်းလျှောက်ပန်းခုံများပြုလုပ်ခြင်း၊ မြေယာရှုခင်းပြုလုပ်ခြင်းစသည့်လုပ်ငန်းများဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။"

**ဥက္ကဋ္ဌ။** ။ ပူးပေါင်းကော်မတီ၏ကိုယ်စား လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကြည် သဘောထားပြောရန် ဖြစ်ပါတယ်။

**ဦးအောင်ကြည်၊ ကျောက်ဆည်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)။** ။"ကျွန်တော်တို့ပူးပေါင်းကော်မတီနှစ်ရပ်မှ အစီရင်ခံစာမှာတွေ့ရှိတဲ့ ငွေကြေးပမာဏအပေါ် ပြည်သူလူထုအတွက် ဘယ်လိုအကျိုးရှိမလဲဆိုတာကို အကြံပြုလိုပါတယ်။ ပြည်သူလူထုအတွက် ဘယ်လုပ်ငန်းတွေ လုပ်မယ်ဆိုတာရယ်၊ ဒီမှာလုပ်ခဲ့တဲ့ပမာဏတွေဟာ ဘာတွေ၊ ဘာတွေ လုပ်မယ်ဆိုတာရယ်၊ ကျွန်တော်တို့ မှတ်ချက်တောင်းခံခဲ့ပါတယ်။ ကျွန်တော်တို့ ဝန်ကြီးရဲ့တင်ပြချက်အရ ကျွန်တော်တို့ကသိန်းပေါင်း (၃၄၅၁)၊ အသေးစိတ်မပါပါဘူး။ အသေးစိတ်သိလိုပါတယ်။ အသေးစိတ်သိလို၍ မေးမြန်းခြင်း ဖြစ်ပါတယ်။ ကန်တော်ကြီးသာယာလှပရေးအတွက် အင်းလေလံတွေ၊ ငါးလေလံတွေ ချမယ်။ သာယာလှပမှုတွေလုပ်မယ်ဆိုရင် ပြည်သူလူထုအတွက် အင်မတန်ကောင်းမွန်ပါတယ်။ အဲဒီလို ဆက်လုပ်ပေးပါလို့ ကျွန်တော်တို့ကော်မတီနှစ်ရပ်က တောင်းဆိုပါတယ်။ ကျေးဇူးလည်း အများကြီးတင်ပါတယ်။"

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီးဝန်ကြီးရဲ့ဖြေကြားချက်ကို ဦးအောင်ကြည်က လက်ခံသဘောတူတဲ့အတွက် မူလတင်ပြချက်အတိုင်း အတည်ပြုကြောင်း ကြေညာပါတယ်။ (တူထုသည်)

**ပြည်သူ့ငွေစာရင်း သုံးစွဲမှုစိစစ်ရေးကော်မတီနှင့် ဒေသန္တရစီမံကိန်းအရအသုံးဆိုင်ရာ ငွေစာရင်းနှင့် ဘဏ္ဍာရေးဆိုင်ရာကော်မတီနှစ်ရပ်၏ ပူးပေါင်းအစီရင်ခံစာပါအချက်များနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးက ရှင်းလင်းတင်ပြခြင်း**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ပူးပေါင်းကော်မတီ၏အစီရင်ခံစာတွင် ဖော်ပြထားသည့် အာစီယံအဆင့်မီသားသတ်ရုံတည်ဆောက်ခြင်း၊ အခြားဆက်စပ်အဆောက်အဦများ ဆောက်လုပ်ခြင်းနှင့်ဆက်စပ်လုပ်ငန်းများအတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် သိန်းပေါင်း(၁၀၃၄၀)သိန်း တောင်းခံထားခြင်းနှင့်ပတ်သက်၍ လွန်ခဲ့သည့်နှစ်များက တောင်းခံသည့်ဘဏ္ဍာငွေများနှင့် ပေါင်း ပါကစုစုပေါင်းသိန်းပေါင်း (၃၃၅၀၂) သိန်းဖြစ်ကြောင်း၊ ၎င်းသုံးစွဲမှုနှင့် ပတ်သက်၍ မည်သို့အ ကျိုးပြုသည်ကိုသိလိုကြောင်း မေးမြန်းသွားခဲ့ပါတယ်။ သက်ဆိုင်ရာဝန်ကြီးက ရှင်းလင်းတင်ပြရန် ဖြစ်ပါတယ်။

**ဒေါက်တာရဲလွင်၊ ဝန်ကြီး၊ စည်ပင်သာယာရေးဝန်ကြီးဌာန။** ။"အားလုံးပဲမင်္ဂလာပါခင်ဗျာ။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီက လက်ရှိဆောင်ရွက်လျှက်ရှိသော သားသတ်ရုံသည် မဟာအောင်မြေမြို့နယ်၊ သံလျှက်မှော်အနောက်၊ (၄၁)လမ်းတောင်ဘက် မြေဧက(၇.၃၄) ပေါ်တွင် လွန်ခဲ့သော နှစ်ပေါင်း(၆၀)ကျော်ခန့်မှစတင်၍ နွား၊ ဆိတ်၊ ဝက် သားသတ်လုပ်ငန်းများ စတင် ဆောင်ရွက်ခဲ့ကြောင်း လက်ရှိအခြေအနေတွင် လက်ရှိသားသတ်ရုံနေရာသည် လူနေထူထပ်သော ရပ်ကွက်အလယ်သို့ ရောက်ရှိလာခြင်း၊ မြေနိမ့်ပိုင်းဖြစ်သည့်အတွက် မိုးရွာသည့်အခါ မိုးရေဝင် ရောက်နစ်မြုပ်ခြင်း၊ ရေဆိုးများစွန့်ပစ်ရန်ခက်ခဲခြင်း၊ သားသတ်လုပ်ငန်းမှထွက်ရှိသည့် တိရစ္ဆာန် အညစ်အကြေးများကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုဖြစ်ပေါ်ခြင်း၊ ရေဆိုးများစနစ်တကျ မစွန့်ပစ်နိုင်သည့်အတွက် လူနေရပ်ကွက်များတွင် အဝီစိတွင်းတူးဖော်ရာ၌ ရေကောင်းရေသန့်ရရှိမှု ခက်ခဲခြင်း၊ သားသတ်လုပ်ငန်း၏သဘာဝအရ တိရစ္ဆာန်အသံများကြောင့် ပတ်ဝန်းကျင်တွင် နေထိုင်သော ပြည်သူလူထုအတွက် စိတ်အနှောက်အယှက်များဖြစ်ပေါ်ရခြင်း စသည့်အားနည်းချက် များကြုံတွေ့ရကြောင်း၊ သားသတ်ရုံအသစ် တည်ဆောက်မည့်နေရာများကို ရှာဖွေရွေးချယ်ခဲ့ရာ စဉ့်ကိုင်မြို့နယ်များတွင်(၂)နေရာ၊ အမရပူရမြို့နယ်၊ ညောင်ပင်စောက်ကျေးရွာတွင် (၁)နေရာတို့ အားကော်မတီဝင်များနှင့်ဌာနမှူးများမှ သွားရောက်ကွင်းဆင်း ကြည့်ရှုခဲ့ကြောင်း၊ စဉ့်ကိုင်မြို့နယ် မှာ မန္တလေးမြို့တော်စည်ပင်သာယာပြင်ပဧရိယာတွင်တည်ရှိသဖြင့် မရွေးချယ်ဘဲ အမရပူရမြို့နယ် ညောင်ပင်စောက်ကျေးရွာအနီးရှိ မြေနေရာမှာ မန္တလေးမြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အ တွင်းတည်ရှိခြင်း၊ လူနေရပ်ကွက်များနှင့်ဝေးကွာခြင်းတို့ကြောင့် မြေဧရိယာ (၁၁.၉၆) ဧကအား ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ကျပ်သန်း (၆၉၃.၂၈၀) ဖြင့်စာချုပ်ချုပ်ဆိုဝယ်ယူခဲ့ကြောင်း၊ ၂၀၁၄-၂၀၁၅

ဘဏ္ဍာရေးနှစ်တွင် ကော်မတီဘဏ္ဍာငွေအခြေအနေအရ နွားသားသတ်စက်အား တင်ဒါစနစ်ဖြင့်ခေါ်ယူခဲ့ရာ Marketing International Co,ltd မှ တရုတ်နိုင်ငံလုပ် နွားသားသတ်စက်အားတင်ဒါအောင်မြင်သဖြင့် ဝယ်ယူခဲ့ပြီး၊ တစ်နာရီလျှင် အကောင်ရေ(၂၀) သတ်ဖြတ်နိုင်မည့် နွားသားသတ်စက်အား တပ်ဆင်မည့် အဆောက်အဦတည်ဆောက်ခြင်းလုပ်ငန်းအား တင်ဒါစနစ်ဖြင့်ဆောင်ရွက်ခဲ့ကြောင်း၊ လျှပ်စစ်မီးရရှိရေးအတွက် ထရန်စဖော်မာတပ်ဆင်ခြင်းလုပ်ငန်းအား ဆောင်ရွက်ခဲ့ကြောင်း၊ ၂၀၁၅-၂၀၁၆ဘဏ္ဍာရေးနှစ်တွင် သားသတ်လုပ်ငန်းနှင့် ပတ်သက်သည့် လုပ်ငန်း(၂၀)ခုဆောင်ရွက်ခဲ့ပြီး ကျပ်သန်း(၁၆၉၇.၃၉၆) အသုံးပြုခဲ့ပါကြောင်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် သားသတ်လုပ်ငန်းနှင့် ပတ်သက်သည့်လုပ်ငန်း (၂)ခုအတွက် ကျပ်(၂၀၉)သန်း အသုံးပြုခဲ့ပြီး ဆောင်ရွက်ကျန်လုပ်ငန်း(၈)ခုအတွက် ကျပ်(၄၀၉.၉)သန်းဆောင်ရွက်ရန် ပြုပြင်ပြီး ခန့်မှန်းခြေစာရင်းတွင် ထည့်သွင်းလျာထားခဲ့ပါကြောင်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် လုပ်ငန်း (၂)ခုအတွက် ကျပ်(၁၀၃၄)သန်းလျာထားခဲ့ပါကြောင်း၊ (၄၁)သားသတ်ရုံတွင်ကျန်ရှိသော ဝက်သားသတ်ရုံအဟောင်းအား သားသတ်ရုံအသစ်နေရာသို့ပြောင်းရွှေ့ဖွင့်လှစ်ရန် လျာထားသတ်မှတ်ပြီး ဖြစ်ပါကြောင်း၊ ခေတ်မီသားသတ်ရုံ၊ နွား၊ ဆိတ်လုပ်ငန်းအား (၂.၁၂.၂၀၁၆) ရက်နေ့တွင် စတင်စမ်းသပ်လည်ပတ်လျက်ရှိပြီး (၁၆.၁၂.၂၀၁၆) စတင်ဖွင့်လှစ်သွားမည်ဖြစ်ပါကြောင်း၊ ခေတ်မီသားသတ်ရုံပြောင်းရွှေ့ခြင်းဖြင့် သံလျှက်မှော်အနောက်ရပ်ကွက်၊ သဘာဝပတ်ဝန်းကျင်ကောင်းမွန်စေ ခြင်း၊ သန့်ရှင်းသောရေရရှိနိုင်မည်ဖြစ်ခြင်း၊ (၄၁)လမ်း သားသတ်ရုံဟောင်းနေရာ (၇.၃၄)ဧကအား အဆင့်မြှင့်တင်ခြင်း (ဥပမာ-ယာဉ်ရပ်နားခြင်း၊ အဆင့်မြင့် အဆောက်အဦ)ဖြင့် ပတ်ဝန်းကျင်နေပြည်သူလူထု လူနေမှုမြင့်မားလာမည်ဖြစ်ခြင်း၊ ညောင်ပင်စောက် ခေတ်မီသားသတ်ရုံ တည်ဆောက်ခြင်းဖြင့် အလုပ်အကိုင်အသစ်များ ဖန်တီးပေးနိုင်မည်ဖြစ်ခြင်း၊ (၀)ဒီဂရီမှ(၄)ဒီဂရီစင်တီဂရိတ်ထိ အအေးခံနိုင်သော အအေးခန်းစနစ်ပါ သားသတ်ရုံမှထွက်ရှိလာသော သန့်ရှင်း လတ်ဆတ်သော အသားများကို မန္တလေးမြို့နေပြည်သူလူထုအတွက် ဖြန့်ဖြူးပေးနိုင်မည်ဖြစ်ပါကြောင်း၊ တောင်အင်းမြောက်အင်းမှ ညောင်ပင်စောက်သားသတ်ရုံသို့သွားသည့် ယခင်ကျောက်ကြမ်းလမ်း (၇၉၀၀) ပေအားကတ္တရာလမ်းအဖြစ်သို့ အဆင့်မြှင့်တင်ပေးခဲ့ပြီး ၎င်းဒေသနေရပ်ရွာလူထု လမ်းပန်းဆက်သွယ်ရေးပိုမိုကောင်းမွန်လာခြင်း၊ လူနေမှုစနစ်ပိုမိုမြင့်မားလာခြင်း၊ ခေတ်မီသားသတ်ရုံတွင် တိရစ္ဆာန်မှ ထွက်ရှိသောအညစ်အကြေးများကို စနစ်တကျရေဆိုးသန့်စင်စနစ် (Bio Gas) ထည့်သွင်းတည်ဆောက်ထားသဖြင့် ပတ်ဝန်းကျင်သန့်ရှင်းမှု ကောင်းမွန်စေမည်ဖြစ်ပါကြောင်း၊ မန္တလေးမြို့အနေဖြင့် ၂၀၁၄-၂၀၁၅ ခုနှစ်က အသားလိုအပ်ချက်မှာ နွား(၇၀)ကောင်၊ ဆိတ်(၁၁၀)ကောင်၊ ဝက်(၁၆၀) ကောင်ဖြစ်သော်လည်း၊ (၂၀၁၆-၂၀၁၇)ခုနှစ်တွင် အသားလိုအပ်ချက်မှာ နွား(၈၅)ကောင်၊ ဆိတ် (၁၄၀)

ကောင်၊ ဝက်(၁၉၀)တို့ တိုးတက်လာသဖြင့် နောင်တိုးတက်လာမည့်လူဦးရေအား မျှော်မှန်း မည့် လိုအပ်မည့်အသားများ ထုတ်လုပ်နိုင်ရန် မျှော်မှန်းဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ ယခု သား သတ်ရုံနေရာတွင် တိရစ္ဆာန်များခဏထားသိုနိုင်ရန်၊ လွတ်ကျောင်းနိုင်ရန်နှင့် အစာကျွေးနိုင်ရန် အတွက် ဆောင်ရွက်ထားသဖြင့် ၎င်းမြေဧကအကျယ်အား ဝယ်ယူရခြင်းဖြစ်ပါကြောင်း၊ ရန်ကုန်မြို့ တွင် ယခုကဲ့သို့ခေတ်မီသားသတ်ရုံ မရှိသေးသဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ သားသတ်ဌာနမှ ဒုတိယဌာနမှူးဦးစီး၍ (၂၇.၉.၂၀၁၆)ရက်နေ့တွင် လာရောက်လေ့လာခဲ့ပြီး နောင် နှစ်များတွင် ရန်ကုန်မြို့၌ယခုကဲ့သို့ ခေတ်မီသားသတ်ရုံ တည်ဆောက်နိုင်ရန် တင်ပြဆောင်ရွက် သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံတွင် ပထမဆုံးခေတ်မီသားသတ်ရုံ တည်ဆောက်ဖွင့်လှစ်နိုင်ခြင်း ဖြင့်မန္တလေးမြို့၏ဂုဏ်ကို တိုးတက်ဆောင်ရွက်နိုင်ခြင်း၊ မန္တလေးမြို့ Smart City ဖြစ်ပေါ်ရေး အတွက်ဆောင်ရွက်ရာတွင် ခေတ်မီသားသတ်ရုံလုပ်ငန်းသည် မရှိမဖြစ်လိုအပ်သော အခြေခံအ ဆောက်အဦတစ်ခု ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။"

**ဥက္ကဋ္ဌ။** ။ ပူးပေါင်းကော်မတီ၏ကိုယ်စား လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကြည် ကသဘောထားပြောရန် ဖြစ်ပါတယ်။

**ဦးအောင်ကြည်၊ ကျောက်ဆည်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)။** ။ "လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ပူးပေါင်းကော်မတီအနေနဲ့ ဒီအချက်တွေကို တင်ပြသွားမှာဖြစ်ပါ တယ်။ ဘာဖြစ်လို့လဲဆိုတော့စာရင်းအရ ပထမဒီကွာခြားချက်တွေကိုကြည့်ပြီးတော့ တင်ပြခြင်း ဖြစ်ပါတယ်။ နောက်တစ်ခုက ဒီအရအသုံးဘဏ္ဍာငွေကိုလည်း လွှတ်တော်ကိုယ်စားလှယ်များနှင့် ပူးပေါင်းကော်မတီက အလျင်အမြန်စိစစ်ဖို့ လုပ်ကြရပါတယ်။ ဒါ့ကြောင့်မို့ အသေးစိတ်စာရင်းများ ကိုသိရှိလို၍ မေးမြန်းရခြင်း ဖြစ်ပါတယ်။ ဒီအသေးစိတ်စာရင်းကို ယခုလိုဝန်ကြီးက ဗီဒီယိုဖြင့် ရှင်းလင်းဖြေကြားပေးတဲ့အတွက် ကန့်ကွက်ရန်မရှိပါ။ "

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ဝန်ကြီးရဲ့ဖြေကြားချက်ကို ဦးအောင်ကြည်ကလက်ခံသဘော တူတဲ့အတွက် မူလတင်ပြချက်အတိုင်း အတည်ပြုကြောင်း ကြေညာပါတယ်။ (တူထုသည်)

## ပြည်သူ့ငွေစာရင်းသုံးစွဲမှုစိစစ်ရေးကော်မတီနှင့် ဒေသန္တရစီမံကိန်းအရအသုံးဆိုင်ရာငွေစာရင်းနှင့် ဘဏ္ဍာရေးဆိုင်ရာကော်မတီနှစ်ရပ်၏ ပူးပေါင်းအစီရင်ခံစာပါအချက်များ နှင့်စပ်လျဉ်း၍ ဝန်ကြီးချုပ်က ရှင်းလင်းတင်ပြခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဆက်လက်၍ ပူးပေါင်းကော်မတီ၏ အစီရင်ခံစာတွင် ကျောက်ဆည်မြို့နယ်၊ လမ်းဦးစီးဌာနမှတောင်းခံထားသော နိုင်ငံတော်ဧည့်ဂေဟာ

ပြင်ဆင်ခြင်းလုပ်ငန်းအတွက် ကျပ်သိန်းပေါင်း (၂၀၀) သိန်းကို ခွင့်ပြုပေးရန်မသင့်ကြောင်းနှင့် အခြားဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပြောင်းရွှေ့လျာထားပေးသင့်ကြောင်း တင်ပြထားပါတယ်။ သက်ဆိုင်ရာဝန်ကြီးက ရှင်းလင်းတင်ပြရန် ဖြစ်ပါတယ်။

**ဒေါက်တာဇော်မြင့်မောင်၊ ဝန်ကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့။** ။"နိုင်ငံတော်ဧည့်ဂေဟာနဲ့ပတ်သက်လို့ ကျွန်တော်မနေ့ကပြောသလို ကျွန်တော်တို့နိုင်ငံတော်ဧည့်ဂေဟာ မရှိပါဘူး။ ပြင်ဦးလွင်မှာရှိတယ်။ ကျွန်တော်ကတော့ ပွင့်ပွင့်လင်းလင်း ပြန်ပြောလိုက်တယ်။ လွှတ်တော်ကိုယ်စားလှယ်တွေမှာ လုပ်ပိုင်ခွင့်ရှိတယ်။ **စိစိစစ်စစ်လုပ်ပါ။** ဆွေးနွေးသွားကြတာ တအားကျေးဇူးတင်ပါတယ်။ ဒီတော့ကျွန်တော်တို့ အစိုးရအဖွဲ့လုပ်နေတာတွေကို ပြောပြချင်ပါတယ်။ **စိစိစစ်စစ်** လုပ်ပါဆိုလို့ တင်ဒါတွေမှာ လွှတ်တော်ကိုယ်စားလှယ်တွေကို အဖွဲ့ဝင်အဖြစ်ထည့်ထားပြီး ဝန်ကြီး တွေက ဦးဆောင်ပါတယ်။ အဆိုပြု ဈေးနှုန်းတွေကို ကျွန်တော်တို့ အမြင့်ဆုံးဈေး၊ အနိမ့်ဆုံးဈေး သတ်မှတ်ပြီး တင်ဒါတွေကိုဆွဲရပါတယ်။ ပြီးသွားတဲ့တင်ဒါတွေတင်ဒါတွေတိုင်းမှာ ကျွန်တော်တို့ ငွေပိုပါတယ်။ အဲဒီငွေတွေကိုလည်း ပြည်သူ့အကျိုးပြုလုပ်ငန်းတွေကို အသုံးပြုပါတယ်။ ဒီနေ့ အိမ်တော်ကြီးနဲ့ပတ်သက်လို့ ပြင်ဦးလွင်ဆိုရင် ကျွန်တော်တို့လက်ထက် အိမ်တော် ရှိသင့်/မရှိသင့် ဘူးလားဆိုတာ ဝိဝါဒဖြစ်ပါတယ်။ ဒါပေမဲ့ ပြင်ဦးလွင်အိမ်တော်ကြီးဆိုတာက မေမြို့မှာကိုလိုနီခေတ်ကတည်းက တည်ဆောက်ခဲ့တာပါ ။ နိုင်ငံတော်အကြီးအကဲလာတိုင်း မေမြို့မှာနေကြတယ်။ နွေရာသီပါပါတယ်။ မန္တလေးတိုင်းဒေသကြီးလာတဲ့အချိန်အခါမှာဆိုပါစို့ သမ္မတကြီးလာတယ်ဆိုပါတော့ ပြင်ဦးလွင်မှာ တည်းစရာအိမ်တော်ကြီး ပြင်ဆင်ထားရပါတယ်။ အကယ်၍ မပြင်မဆင်ဘဲ ထားလိုက်မယ်ဆိုရင် လာတဲ့အချိန်မှာ တစ်စုံတစ်ရာတစ်ခုခုဖြစ်သွားခဲ့ရင် ကျွန်တော်တို့တိုင်းပဲ မျက်နှာပျက်ရပါမယ်။ ဒီအိမ်တော်ကြီးက တပ်နှင့်အစိုးရနှစ်ပိုင်းခွဲ ထိန်းသိမ်းရတာ ဖြစ်ပါတယ်။ ဘာဖြစ်လာလဲဆိုတော့ တပ်ထဲမှာရောက်နေတဲ့ပစ္စည်းတွေကို အရင်ပြောင်းရပါတယ်။ အဲတော့ ဒီဟာတွေ ပြင်ဆင်ဖို့အတွက် နိုင်ငံတော်အကြီးအကဲ လာရင်တည်းဖို့အတွက် ဘတ်ဂျက်လိုပါတယ်။ အလားတူ ကျောက်ဆည်ကျတော့လည်း ဘာလို့ပြင်ဆင်ရတာလဲ ကျွန်တော်မေးပါတယ်။ ကျောက်ဆည်ခရိုင်မှာ ဒီလိုအိမ်တော်ရှိတယ်။ နေတဲ့သူတွေလည်း နေခဲ့တယ်။ ဒီဧည့်ရိပ်သာနဲ့ပတ်သက်ပြီး သပိတ်ကျင်း မှာလည်းတည်းစရာလာတဲ့ အချိန်မှာနေစရာမရှိတဲ့အတွက် ကျွန်တော်တို့ တင်ပြတောင်းခံခြင်း ဖြစ်ပါတယ်။ ဒီအိမ်တော်ဟာလည်း အလားတူပါပဲ။ ကျွန်တော်ကျောက်ဆည်ခရိုင်မှာ အကယ်၍ လာများစစ်ခဲ့လို့ရှိရင် လက်ရှိအစိုးရအဖွဲ့အကြီးအကဲတွေလာလို့ရှိရင် ကျောက်ဆည်၊ မိတ္ထီလာတို့လို အရေးကြီးတဲ့နေရာတွေ ဖြစ်ပါတယ်။ ဒီနေ့ မန္တလေးကိုလာမယ်ဆိုရင်လည်း ကျွန်တော်တို့တည်းဖို့ နေရာ ဘယ်သူ့ဆီသွားတောင်းရမလဲ။ စည်ပင်သွားတောင်းရမလား၊ စိုက်ပျိုးရေးသွားတောင်းရမ လား။

လာတာကကျွန်တော့်ဆီလာတာ။ အဲလိုအခက်အခဲတွေ ကျွန်တော့်ဆီမှာ ရှိတယ်။ ကျွန်တော် ကတော့ ဒီအိမ်တော်တွေနဲ့ပတ်သက်ပြီးတော့ အရင်ခေတ်က မျက်လုံးတွေနဲ့ ကြည့်မယ်ဆိုရင် ဒါဟာ မသင့်တော်ဘူးပေ့ါ၊ ဒီနေ့မှာတော့ ခုနကပြောသလို ရာထူးအဆင့်အတန်းနဲ့ညီမျှတဲ့ နေရာထိုင်ခင်း ဖန်တီးပေးဖို့ ကျွန်တော်တို့အစိုးရအဖွဲ့မှာ တာဝန်ရှိပါတယ်။ အဲတော့ကျွန်တော်တို့က ပြောပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တွေကို ပြောပါတယ်။ မသင့်တော်ဘူးထင်ရင် ဖြတ်ပါ။ ဖြတ်လို့ရှိရင် မငြင်းပယ်ပါဘူး။ အခြားအကျိုးရှိမယ့်နေရာမှာ သုံးမယ်ဆိုရင်လည်း ကျွန်တော်တို့အစိုးရအဖွဲ့က လွှတ်တော်ကိုယ်စားလှယ်များရဲ့ဆုံးဖြတ်ချက်ကို အကောင်အထည်ဖော်ပေးဖို့ ဝန်မလေးဘူးဆိုတာ ပြောကြားချင်ပါတယ်။ ကျေးဇူးတင်ပါတယ်။"

**ဥက္ကဋ္ဌ**။ ။ ပူးပေါင်းကော်မတီ၏ကိုယ်စား လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကြည် ကသဘောထားပြောရန် ဖြစ်ပါတယ်။

**ဦးအောင်ကြည်၊ ကျောက်ဆည်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)**။ ။ "ကျောက်ဆည်မြို့ လမ်းဦးစီးဌာန၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း နိုင်ငံတော်ဧည့်ဂေဟာ ပြင်ဆင်ခြင်းလုပ်ငန်း အား အခုလောလောဆယ် ပြင်ဆင်ဖို့မလိုပါဘူး။ အဲဒီငွေတွေကို လျှော့ချပစ်တာမဟုတ်ပါဘူး။ ပြည်သူတို့ရဲ့အကျိုးပြုလုပ်ငန်းအတွက် ကျွန်တော်တို့ သုံးသင့်ပါတယ်။ အဲဒီမှာတင်ပြထားတဲ့ ကျပ်သိန်း(၂၀၀)ကို ဒေသဖွံ့ဖြိုးရေးလုပ်ငန်းအတွက် အဆင်ပြေချောမွေ့စေရေး၊ မန္တလေးတိုင်း ဒေသကြီးနှင့်ပတ်သက်တဲ့ ကျေးရွာလမ်းတွေ၊ မီးတွေ၊ အခြားကိစ္စတွေ အများကြီးရှိနေပါတယ်။ အခုလို ကျွန်တော်တို့မလိုအပ်သေးတဲ့ အသုံးစရိတ်တွေကိုလျှော့ချပြီးတော့ လိုအပ်နေတဲ့ ဒေသဆိုင် ရာအကျိုးပြုလုပ်ငန်းတွေအတွက် အကောင်အထည်ဖော်ပေးစေချင်ပါတယ်လို့ တိုက်တွန်းပါတယ်။"

**ဥက္ကဋ္ဌ**။ ။ ဝန်ကြီးချုပ်ရှင်းလင်းတင်ပြမှုနှင့်ပတ်သက်၍ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးအောင်ကြည်က ကျောက်ဆည်မြို့နယ်၊ နိုင်ငံတော်ဧည့်ဂေဟာ ပြင်ဆင်ခြင်း လုပ်ငန်းနှင့်ပတ်သက်၍ ခွင့်မပြုသင့်ကြောင်းအဆိုကို မတ်တပ်ရပ်ဆန္ဒပြုသည့်နည်းလမ်းဖြင့် လွှတ်တော်၏သဘောထား ရယူသွားမှာဖြစ်ပါတယ်။ ဦးအောင်ကြည်၏ တင်ပြချက်ကို ထောက်ခံ သည့် လွှတ်တော်ကိုယ်စားလှယ်များ မတ်တပ်ရပ် ဆန္ဒပြုရန် ဖြစ်ပါတယ်။

[ မတ်တပ်ရပ် ဆန္ဒပြုကြပါသည် ]

**ဥက္ကဋ္ဌ**။ ။ ထောက်ခံသည့်လွှတ်တော်ကိုယ်စားလှယ်အရေအတွက် (၃၀)ယောက် ဖြစ်ပါ တယ်။ ထို့ကြောင့် ထောက်ခံသည့်လွှတ်တော်ကိုယ်စားလှယ်အရေအတွက် နည်းသည့်အတွက် လွှတ်တော်ကိုယ်စားလှယ်၏အဆိုကို အတည်မပြုကြောင်း လွှတ်တော်က ကြေညာပါတယ်။(တူထု သည်)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးတင်သွင်းခဲ့သည့် "မန္တလေးတိုင်းဒေသကြီး၏ ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် မူလအရအသုံးခန့်မှန်းခြေလျာထားချက်စာရင်းများ"နှင့်ပတ်သက်၍ လွှတ်တော်ကိုယ်စားလှယ်(၁၀)ဦးက အဆိုတင်ဆွေးနွေးခဲ့ပြီး လွှတ်တော်၏သဘောထားကိုလည်း အသီးသီးရယူခဲ့ပြီး ဖြစ်ပါတယ်။ ဒါ့ကြောင့် လျာထားချက်စာရင်းများ ဖြတ်တောက်ခြင်း၊ လျှော့ချ ခြင်း၊ ပြောင်းရွှေ့လျာထားခြင်းတို့ကြောင့် ပိုမိုထွက်ရှိလာသည့်ဘဏ္ဍာငွေများကို တိုင်းဒေသကြီး၏ ကျေးလက်မီးလင်းရေးလုပ်ငန်းများ၊ ကျေးရွာရေရရှိရေးလုပ်ငန်းများ၊ သစ်တောစိုက်ခင်းများ၊ ကျေး လက်လမ်းများစသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ပြောင်းရွှေ့လျာထားနိုင်ရန် လွှတ်တော် ကိုယ်စားလှယ်များ၏ သဘောတူညီချက်ကို ရယူမှာဖြစ်ပါတယ်။ အစိုးရအဖွဲ့မှ တင်သွင်းလာသည့် "မန္တလေးတိုင်းဒေသကြီး၏ ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် မူလအရအသုံးခန့်မှန်းခြေ လျာထားချက်စာရင်းများ" ကိုစိစစ်ခြင်းဖြင့် ပိုမိုထွက်ရှိလာမည့် ဘဏ္ဍာငွေများကို ကျေးလက် မီးလင်းရေးလုပ်ငန်းများ၊ ကျေးရွာရေရရှိရေးလုပ်ငန်းများ၊ သစ်တောစိုက်ခင်းများ၊ ကျေးလက်လမ်း များစသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ပြောင်းလဲလျာထားရန် -

လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလားခင်ဗျား။

လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလားခင်ဗျား။

လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလားခင်ဗျား။

[ လွှတ်တော်က သဘောတူပါသည် ]

လွှတ်တော်ကိုယ်စားလှယ်များက သဘောတူတဲ့အတွက် လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (တူထုသည်)

## မန္တလေးတိုင်းဒေသကြီး၏ ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် မူလအရအသုံးခန့်မှန်းခြေလျာထား ချက်စာရင်းများနှင့်ပတ်သက်၍ လွှတ်တော်မှအတည်ပြုချက်ရယူပေးပါရန် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးမှ အဆိုတင်သွင်းခြင်း

**ဥက္ကဋ္ဌ**။ ။ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးတင်သွင်းခဲ့သည့် မန္တလေးတိုင်းဒေသကြီး၏ ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်မူလအရ အသုံးခန့်မှန်းခြေလျာထားချက်စာရင်းများ နှင့်စပ်လျဉ်းပြီး လွှတ်တော်ကအတည်ပြုပေးနိုင်ရန် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနဝန်ကြီးက အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးမြတ်သူ၊ ဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန။** ။ "လေးစားအပ်ပါသော မန္တလေးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌအမှူးပြုတဲ့ လွှတ်တော်ကိုယ်စားလှယ်များ တိုင်းဒေသကြီး ဝန်ကြီးချုပ်အမှူးပြုတဲ့ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များခင်ဗျား။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ကာလအတွင်း မန္တလေးတိုင်းဒေသကြီးမှာလုပ်ရမည့် မူလအရအသုံးခန့်မှန်းခြေစာရင်းများကို ကျွန်တော်စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ တိုင်းဒေသကြီးဝန်ကြီး၊ ဦးမြတ်သူက တင်သွင်းခဲ့ ပါတယ်။ ၂၀၁၇-၂၀၁၈ ခန့်မှန်းချက် တင်သွင်းချက်များအပေါ်မှာ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ ဆွေးနွေးအကြံပြုချက်များပေးထားတဲ့ ဥက္ကဋ္ဌကြီးတင်ပြသွားတဲ့ ကျေးလက် မီးလင်းရေး၊ ရေရရှိရေး၊ သစ်တောစိုက်ပျိုးရေး၊ ကျေးလက်လမ်းများ၊ အထောက်အကူပြုရေး လုပ်ငန်းများမှာ လျှော့ချခဲ့ရတဲ့ငွေများအစား ဖြည့်စွက်လျာထားသတ်မှတ်ဖို့ တိုင်းဒေသကြီး လွှတ်တော်(ဒုတိယနေ့)မှာ တင်ပြထားတာကိုကြားသိရပါတယ်။ ထို့အတွက် ဒီလျာထားချက်များ အပေါ်ပြန်လည်ပြင်ဆင်ရေးဆွဲမှုကို အတည်ပြုနိုင်ရန် ပြန်လည်ရေးဆွဲသတ်မှတ်သွားမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။"

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံရန်ဖြစ်ပါ တယ်။

မန္တလေးတိုင်းဒေသကြီး၏ ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် မူလအရအသုံးခန့်မှန်းခြေလျာထား ချက်စာရင်းများနှင့်ပတ်သက်၍ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း

**ဦးဝဏ္ဏအောင်၊ တံတားဦးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)။** ။ "အားလုံးမင်္ဂလာပါ ကျွန်တော်ကတော့တံတားဦးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဝဏ္ဏအောင်ဖြစ်ပါတယ်။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးပြောသွားတဲ့ မန္တလေးတိုင်းဒေသကြီး ၂၀၁၇-၂၀၁၈ခု၊ ဘဏ္ဍာရေးနှစ်မူလခန့်မှန်း ခြေလျာထားချက်စာရင်းများ ပြန်လည်ပြင်ဆင်မွမ်းမံတင်ပြသွားမယ်ဆိုတာကို ကျွန်တော့်အနေနှင့် အပြည့်အဝထောက်ခံကြောင်း တင်ပြအပ်ပါတယ်။"

## မန္တလေးတိုင်းဒေသကြီး၏ ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် မူလအရအသုံးခန့်မှန်းခြေလျာထား ချက်စာရင်းများနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အတည်ပြုချက်ရယူခြင်းနှင့်ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနဝန်ကြီး တင်သွင်းခဲ့သည့် မန္တလေးတိုင်းဒေသကြီး၏ ၂၀၁၇-၂၀၁၈ခု၊ ဘဏ္ဍာရေးနှစ် မူလအရအသုံးခန့်မှန်းခြေ လျာထားချက်စာရင်းများနှင့်ပတ်သက်ပြီး အရေးပေါ်အစည်းအဝေး(၁/၂၀၁၆)၏ ဒုတိယနေ့တွင်ပြင်ဆင်ရန်၊ လျှော့ချရန်၊ ပြောင်းလဲလျာထား ရန်၊ လွှတ်တော်၏သဘောထားရယူခဲ့ပြီး ဖြစ်ပါတယ်။ ဒါ့ကြောင့် မန္တလေးတိုင်းဒေသကြီးအစိုးရ အဖွဲ့၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးတင်သွင်းခဲ့သည့် မန္တလေးတိုင်းဒေသကြီး၏ ၂၀၁၇-၂၀၁၈ ခု၊

ဘဏ္ဍာရေးနှစ် မူလအရအသုံးခန့်မှန်းခြေလျာထားချက်စာရင်းများကို ပြင်ဆင် ချက်နှင့်တကွ လွှတ်တော်ကအတည်ပြုရန် -

လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလားခင်ဗျား။

လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလားခင်ဗျား။

လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလားခင်ဗျား။

[ လွှတ်တော်က သဘောတူပါသည် ]

လွှတ်တော်ကိုယ်စားလှယ်များက သဘောတူတဲ့အတွက် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးတင်သွင်းခဲ့သည့် မန္တလေးတိုင်းဒေသကြီး၏ ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် မူလအရအသုံးခန့်မှန်းခြေလျာထားချက်စာရင်းများကို ပြင်ဆင်ချက် နှင့်တကွလွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ (တူထုသည်)

## ဒုတိယအကြိမ်မန္တလေးတိုင်းဒေသကြီးလွှတ်တော် အရေးပေါ်အစည်းအဝေး (၁/၂၀၁၆) အောင်မြင်စွာ ပြီးမြောက်ကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ်မန္တလေးတိုင်းဒေသ ကြီးလွှတ်တော် အရေးပေါ်အစည်းအဝေး(၁/၂၀၁၆) အောင်မြင်စွာပြီးမြောက်ကြောင်း ကြေညာပါ တယ်။ (တူထုသည်) (သြဘာသံများ)

**အခမ်းအနားမှူး**။ ။ ယခုမန္တလေးတိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌပြန်လည်ထွက်ခွာပါ တော့မယ်ရှင်။

[ လွှတ်တော်ဥက္ကဋ္ဌ အစည်းအဝေးခန်းမအတွင်းမှ ထွက်ခွာသည်။ ]

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီရှင်။

[ ဒုတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် အရေးပေါ်အစည်းအဝေး (၁/၂၀၁၆) ဒုတိယနေ့ကို (၁၄:၅၅)နာရီ အချိန်တွင်ရပ်နားပါသည်။ ]